# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း | ၅ |
| ၆ | ထိုင်းနိုင်ငံနယ်စပ် ကချနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ (၂)လမ်းသွားကတ္တရာကားလမ်း အဆင့်မြှင့် ဆောက်လုပ်ရန် စီမံကိန်းအတွက် Neighbouring Countries Economic Development Cooperation(NEDA)ထံမှ ထိုင်းဘတ် ၄.၅ ဘီလီယံချေးယူရန် ပြည်ထောင်စု လွှတ်တော်က ၂၆-၃-၂၀၁၈ ရက်နေ့တွင် သဘောတူအတည်ပြုပြီးဖြစ်ရာ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့် NEDA ထံမှ ချေးငွေ လက်ရှိရယူခြင်းမရှိသေးပါက ပြည်ထောင်စု ရန်ပုံငွေဖြင့်ပင် ပျက်စီးနေသောလမ်းပိုင်းများကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၆ |
| ၇ | ဘုန်ဟုန်းလမ်းခွဲမှ လာလွီး၊ ဘွေရိန်၊ ဒိုင်နှိုင်းနှင့် ခွာဟုန်း ကျေးရွာတို့ကို ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်တွင် ရပ်ကွက် စတင်တည်စဉ်ကတည်းက ရပ်ကွက် အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သော မူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်း ကာရံခြံဝင်းခတ်ခြင်း၊ လမ်းများဖြတ်တောက် ပိတ်ဆို့ထားခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်း အများ ပြည်သူပိုင်ပန်းခြံအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |

| | | |
|---|---|---|
| ၉ | ဝန်းသိုမြို့နယ်၊ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပေါ်ရှိ ပျက်စီးနေသော ဆင်ကုန်း-ဝန်းသိုလမ်းပိုင်းအား ပြင်ဆင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားအမှတ်(၆/၂၀) ဒုံးဒုတ်တံတားအား ကွန်ကရစ်တံတားနှင့်ချဉ်းကပ်လမ်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့အား မြို့တော်ကြီးနှင့် အဆက်အသွယ်များ ဖြစ်ထွန်းလာစေရန် လိုအပ်လျက်ရှိသော တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၁ | မင်းဘူး(စကု)မြို့နယ်ရှိ ဧရာဝတီမြစ်ရေနစ်ခြင်းကြောင့် မြစ်ရေကြီးချိန်တွင် နေထိုင်ရေးအခက်အခဲ တွေ့နေသော ဒေသခံပြည်သူများ အခက်အခဲဖြေလျှော့နိုင်ရေးအတွက် ရေဘေးရှောင် အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၂ | ပွင့်ဖြူမြို့နယ်အတွင်းရှိ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနမှ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများကို လွှဲပြောင်းလက်ခံရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၆ |
| ၁၃ | ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၁ |
| ၁၄ | ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေကိုဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၄၀ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီကအစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း | ၄၁ |

၁၆ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေးဆောင်ရွက်နေရာ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များကဆွေးနွေးခြင်း ၄၅

၁၇ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၈၅

၁၈ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်ကို ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း ၁၀၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇–၅–၂၀၁၉ ] ( တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထိုင်းနိုင်ငံနယ်စပ် ကချနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ (၂)လမ်းသွား ကတ္တရာကားလမ်း အဆင့်မြှင့်ဆောက်လုပ်ရန် စီမံကိန်းအတွက် Neighbouring Countries Economic Development Cooperation (NEDA) ထံမှ ထိုင်းဘတ်(၄.၅)ဘီလီယံချေးယူရန် ပြည်ထောင်စုလွှတ်တော်က (၂၆–၃–၂၀၁၈) ရက်နေ့တွင် သဘောတူ အတည်ပြုပြီးဖြစ်ရာ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့် NEDA**

**ထံမှ ဈေးငွေလက်ရှိ ရယူခြင်းမရှိသေးပါက ပြည်ထောင်စုရန်ပုံငွေဖြင့်ပင် ပျက်စီးနေသော လမ်းပိုင်းများကို ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **ဘုန်ဟုန်းလမ်းခွဲမှ လာလွီး၊ ဘွေရိုန်၊ ဒိုင်နှိုင်းနှင့် ခွာဟုန်းကျေးရွာတို့ကို ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ် (၃၀) ရပ်ကွက်တွင် ရပ်ကွက်စတင် တည်စဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သော မူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်းကာရံ ခြံဝင်းခတ်ခြင်း၊ လမ်းများဖြတ်တောက်ပိတ်ဆို့ထားခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်း အများပြည်သူပိုင် ပန်းခြံအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ဝန်းသိုမြို့နယ်၊ ဆင်ကုန်း–ဝန်းသို–ပင်လည်ဘူးလမ်းပေါ်ရှိ ပျက်စီးနေသော ဆင်ကုန်း–ဝန်းသိုလမ်းပိုင်းအား ပြင်ဆင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားအမှတ် (၆/၂၀) ဒုံးဒုတ်တံတားအား ကွန်ကရစ်တံတားနှင့် ချဉ်းကပ်လမ်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့အား မြို့တော်ကြီးနှင့် အဆက်အသွယ်ကောင်းများ ဖြစ်ထွန်းလာစေရန် လိုအပ်လျက်ရှိသော တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု) မြို့နယ်ရှိ ဧရာဝတီ မြစ်ရေနစ်ခြင်းကြောင့် မြစ်ရေကြီးချိန်တွင် နေထိုင်ရေးအခက်အခဲ တွေ့နေသော ဒေသခံပြည်သူများအခက်အခဲဖြေလျှော့နိုင်ရေးအတွက် ရွှေ့ပြောင်းရောင်အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ပွင့်ဖြူမြို့နယ်အတွင်းရှိ ကလေးသူငယ် ပြုစုပျိုးထောင်ရေးဌာနမှ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး မူကြို ကျောင်းများကို လွှဲပြောင်းလက်ခံရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၊

(ခ) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၊

၈။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **“မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ခုနှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀% ပြည့်ဝစွာ ရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ခ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

(ဂ) ဦးအောင်ဇော်မြင့်၊ အမရပူရ မဲဆန္ဒနယ်၊

(ဃ) ဦးအောင်ကျော်ဟိန်း၊ တနသ်ာရီ မဲဆန္ဒနယ်၊

(င) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(စ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဆ) ဦးစိုးပိုင်ဌေး၊ မြိတ် မဲဆန္ဒနယ်၊

(ဇ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၊

(ဈ) ဦးစိုင်းဥက္ကာ၊ လဲချား မဲဆန္ဒနယ်၊

(ည) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၊

(ဋ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဌ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဍ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဎ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၊

(ဏ) ဗိုလ်မှူးဇေဖြိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(တ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

(ထ) ဦးကြည်မိုးနိုင်၊ ရေတာရှည် မဲဆန္ဒနယ်၊

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ရှိသည့်အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊

(၂) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊

(၃) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၄) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ ခွင့် ၅ ရက်၊

(၆) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၈) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၃ ရက်၊

(၉) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၂ ရက်၊

(၁၀) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၄ ရက်၊

(၁၁) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၈ ရက်၊

(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၂ ရက်၊

(၁၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၅ ရက်၊

(၁၄) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၁၅) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၅ ရက်၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၅ ရက်၊

(၁၇) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၅ ရက်၊

(၁၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၅ ရက်၊

(၁၉) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၂၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၂၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၂၂) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၂၃) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၁ ရက်၊

(၂၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၅) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၂၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂၇) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊

(၂၈) ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၂၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊

(၃၀) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

(၃၁) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊

(၃၂) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊

(၃၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၁ ရက်၊

(၃၄) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၃၅) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၃၇) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၃၈) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ခွင့် ၂ ရက်၊

(၃၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၄၀) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၄၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၅ ရက်၊

(၄၂) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊

(၄၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၄၄) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်နှင့်

(၄၅) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၄၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်က ဖွဲ့စည်းထားသော တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီမှ အဖွဲ့ဝင် ဒေါ်စိုးနွယ်အေး၊ တံတားဦးမဲဆန္ဒနယ်က ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြထားပါ တယ်။ ဒါကြောင့် ဒေါ်စိုးနွယ်အေး၊ တံတားဦးမဲဆန္ဒနယ်အား ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက် ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ထိုင်းနိုင်ငံနယ်စပ် ကချနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ (၂)လမ်းသွားကတ္တရာကားလမ်း အဆင့်မြှင့် ဆောက်လုပ်ရန် စီမံကိန်းအတွက် Neighbouring Countries Economic Development Cooperation(NEDA)ထံမှ ထိုင်းဘတ် ၄.၅ ဘီလီယံချေးယူရန် ပြည်ထောင်စု လွှတ်တော်က ၂၆-၃-၂၀၁၈ ရက်နေ့တွင် သဘောတူအတည်ပြုပြီးဖြစ်ရာ မည်ကဲ့သို့ဆက်လက် ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့် NEDA ထံမှ ချေးငွေလက်ရှိရယူခြင်းမရှိသေးပါက ပြည်ထောင်စု ရန်ပုံငွေဖြင့်ပင် ပျက်စီးနေသောလမ်းပိုင်းများကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွား ရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ထိုင်းနိုင်ငံနယ်စပ် ကချနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ (၂)လမ်း သွား ကတ္တရာကားလမ်းအဆင့်မြှင့်ဆောက်လုပ်ရန် စီမံကိန်းအတွက် Neighbouring Countries Economic Development Cooperation Agency(NEDA)ထံမှ ထိုင်းဘတ် ၄.၅ ဘီလီယံ ချေးယူရန် ပြည်ထောင်စုလွှတ်တော်က ၂၆-၃-၂၀၁၈ ရက်နေ့တွင် သဘောတူအတည်ပြုပြီးဖြစ်ရာ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့် NEDA ထံမှ ချေးငွေလက်ရှိရယူခြင်းမရှိ သေးပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ပင် ပျက်စီးနေသောလမ်းပိုင်းကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိသိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံနယ်စပ် ကချာနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်(၂)လမ်းသွား ကတ္တရာကားလမ်းအဆင့်မြှင့်ဖောက်လုပ်ရန် စီမံကိန်းနှင့် Neighbouring Countries Economic Development Cooperation Agency(NEDA)ထံမှ ထိုင်းဘတ် ၄.၅ ဘီလီယံချေးယူရန် ၂၆-၃-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စု

လွှတ်တော်က သဘောတူအတည်ပြုပြီးဖြစ်ခဲ့ပါတယ်။ အဲဒီလို ပြည်ထောင်စုလွှတ်တော်က သဘောတူပြီး ဖြစ်သည့်နေ့ကစပြီး ယနေ့ထိဆို တစ်နှစ်ကျော်ပြီဖြစ်ပါတယ်။ လွှတ်တော်မှ သဘောတူသည့် အဆိုပါ ချေးငွေမှာ ထီးခီး၊ ထားဝယ်၊ ရေနက်ဆိပ်ကမ်းအထိ (၂)လမ်းသွားကတ္တရာလမ်း အဆင့်မြှင့် ဆောက်လုပ်ရန်အတွက် ဖြစ်ပါတယ်။ လမ်းပြီးမှသာ ရေနက်ဆိပ်ကမ်းစီမံကိန်းလည်း အောင်မြင်နိုင် မည်ဖြစ်ပါတယ်။ ဒါကြောင့် ပထမအဆင့်အနေဖြင့် လမ်းကိုဦးစားပေးဆောင်ရွက်သည်ဟု ယူဆပါ တယ်။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူစီးပွားရေးဇုန်တို့ကို တိုးတက်မှုနှေးကွေးနေသဖြင့် ထိရောက်သည့်တိုးတက်မှုရှိစေရန်၊ ဝိုင်းဝန်းကြိုးပမ်းရန်လိုအပ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် နေပြည်တော်တွင်ကျင်းပသော မြန်မာ့ အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းတွင် ပြောကြားခဲ့ပါတယ်။ နေ့စဉ် ထားဝယ်ဒေသမှ ငါး၊ ပုဇွန်၊ ကဏန်းနဲ့ ကြက်သွန်၊ နှမ်း၊ အုန်းသား၊ လက်ဖက်ခြောက်၊ နနွင်း စသည်တို့မှာ ပို့ကုန်များဖြစ်ပြီး တော့ တစ်ဖက်နိုင်ငံမှ စက်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ ကုန်ကြမ်း၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ စသည့် ပစ္စည်းများကို တင်သွင်းနေသည်ကို တွေ့ရပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ထီးခီးနယ်စပ်မှတစ်ဆင့် တင်သွင်းသည့်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၉.၆ သန်းရှိကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် နိုင်ငံခြားခရီးသွားများလည်း အမြဲမပျက်ဝင်/ထွက်သွားလာနေပါတယ်။ သို့သော် ထီးခီးလမ်းမှာ မြေသားလမ်းအဆင့်သာရှိ၍ လမ်းပိုင်းအချို့ပျက်စီးနေတဲ့အတွက်ကြောင့် ပြင်ဆင်ရန်လိုအပ်လျက်ရှိ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းအခြေအနေကို သိရှိနိုင်ရန် Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကြောင့် NEDA ထံမှချေးငွေရပြီးအဆိုပါလမ်းကို အဆင့်မြှင့်ဖောက်လုပ်ရန် လတ်တလောမဖြစ်နိုင် သေးပါက ပြည်ထောင်စုရန်ပုံငွေဖြည့်ပြီး ပျက်စီးနေသောလမ်းပိုင်းကို ယခုနှစ် မိုးရာသီမရောက်မီ ပြုပြင်ပေးစေလိုပါသည်။ သို့အတွက်ကြောင့် မဲဆန္ဒနယ်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်မှ မေးမြန်းထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ထားဝယ်စီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ထိုင်းနယ်စပ်ကချာနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ (၂)လမ်းသွားကတ္တရာကားလမ်း အဆင့်မြှင့်ဆောက်လုပ်ရန် စီမံကိန်းအတွက် Neighbouring Countries Economic Development Cooperation(NEDA)ထံမှ ထိုင်းဘတ် ၄.၅ ဘီလီယံ ချေးယူရန် ပြည်ထောင်စုလွှတ်တော်က ၂၆-၃-၂၀၁၈ ရက်နေ့မှာ သဘောတူအတည်ပြုပြီးဖြစ်ရာ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်နေသည်ကိုသိရှိလိုခြင်းနှင့် NEDA ထံမှ ချေးငွေလက်ခံရယူခြင်း မရှိသေးပါက ပြည်ထောင်စုရန်ပုံငွေဖြင့်ပင်ပျက်စီးနေသောလမ်းပိုင်းများကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်ရေနက်ဆိပ်ကမ်း-မေတ္တာ-ထီးခီးလမ်း ၁၅၆.၅ ကီလိုမီတာမှာ SEZ အတွင်းလမ်း ၁၈.၅ ကီလိုမီတာမှ ထိုင်းမြန်မာနယ်စပ်ထီးခီးအထိ ၁၃၈ ကီလိုမီတာအား Neighbouring Countries Economic Development Cooperation(NEDA)ထံမှ ချေးငွေ ၄.၅ ထိုင်းဘီလီယံဘတ်ဖြင့် (၂)လမ်းသွားကားလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ၂၆-၃-၂၀၁၈ ရက်နေ့မှာ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှ အတည်ပြုခွင့်ပြုချက်ရရှိခဲ့ပါတယ်။ ၎င်းစီမံကိန်းရဲ့ Survey & Detailed Design များကို ထိုင်းနိုင်ငံ(NEDA) မှ Grant Aid ဖြင့် နည်းပညာဆိုင်ရာကူညီထောက်ပံ့မှုပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အခုစီမံကိန်းအတွက် Detailed Project Report ကို ၂၀၁၉ ခုနှစ် ဇွန်လကုန်မှာ ကြားဖြတ်အစီရင်ခံစာ တင်သွင်းမှာဖြစ်ပြီးတော့ Draft Final Report ကို ဩဂုတ်လကုန်နှင့် Final Report ကို စက်တာဘာလကုန်မှာတင်ပြရန် ရည်ရွယ်ထားရှိပြီး စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ၂၀၂၀ ခုနှစ် အောက်တိုဘာလမှာစတင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းကာလမှာ ၂၀၂၀ မှ ၂၀၂၃ ခုနှစ်ထိဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ NEDA ထံမှ ချေးငွေလက်ခံရယူနိုင်ခြင်းမရှိသေးသည့်ကြားကာလမှာ ပျက်စီးနေတဲ့ လမ်းပိုင်းများပြုပြင်ခြင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ်သန်း ၂၁၀ နဲ့

တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၁၀၈.၇၀ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၃၁၈.၇၀ သန်းနဲ့ ယခုနှစ်မိုးရာသီမှာ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဘုန်ဟုန်းလမ်းခွဲမှ လာလွိုး၊ ဘွေရိန်၊ ဒိုင်နိုင်းနှင့် ခွာဟုန်းကျေးရွာတို့ကို ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ အခု ကျွန်တော် မေးမြန်းမယ့် လမ်းကတော့ ကျွန်တော်တို့ မတူပီမြို့နယ်မှာရှိတဲ့ ကျေးလက်လမ်းပိုင်းဖြစ်ပါတယ်။ အခု မေးခွန်းမှာပါတဲ့အတိုင်း ဘုန်ဟုန်းလမ်းခွဲမှ လာလွိုး၊ ဘွေရိန်၊ ဒိုင်နိုင်းနှင့် ခွာဟုန်းကျေးရွာများကို ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီ ဘုန်ဟုန်းလမ်းခွဲဆိုတာက ကျွန်တော်တို့ မတူပီမြို့ကနေ လာလွိုးပြည် မြို့ကို သွားတဲ့လမ်းမပေါ်ကနေ ခွဲထွက်သွားတဲ့လမ်းဖြစ်ပါတယ်။ အဲဒီ မတူပီမြို့ကနေ လာလွိုးပြည် လမ်းကိုသွားတဲ့လမ်းက ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၅ အစိုးရခေတ်မှာ ဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ လမ်းမိုင်ပေါင်း ၈၀ ကျော်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အဲဒီလမ်းနှင့်ပတ်သက်ပြီးမှ လမ်းခွဲတစ်ဆက် တစ်စပ်ရှိတဲ့ ကျေးရွာတွေကို သွားမယ့်လမ်းတွေက ကားလမ်းလုံးဝမပေါက်ပါဘူး။ မြေသားလမ်း လုံးဝ မပေါက်တဲ့အတွက်ကြောင့် ဒေသရဲ့ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ အထူးသဖြင့် ကျေးလက်ကျန်းမာရေးအဆောက်အဦတွေ၊ နောက်ပြီးမှ ကျောင်းအဆောက်အဦတွေ ဆောက်တဲ့နေရာ မှာ လမ်းမပေါက်တဲ့အတွက်ကြောင့် အင်မတန်မှအခက်အခဲရှိပါတယ်။

ပြီးမှ ဒေသခံ ပြည်သူလူထုရဲ့ ဆက်သွယ်သွားလာရေးမှာလည်း တော်တော်အခက်အခဲ ရှိပါ တယ်။ ၄ ပေအကျယ်လောက်ရှိတဲ့ ဆိုင်ကယ်လမ်းမှာပဲ အန္တရာယ်ရှိစွာသွားလာတဲ့အခါမှာ ပြည်သူ လူထုတွေအတွက် အင်မတန်မှ အန္တရာယ်ရှိတယ်။ အကြိမ်ကြိမ်လည်း ဆိုင်ကယ်မှောက်ပြီးမှ သေကြေ ခဲ့ကြတာတွေလည်း ရှိပါတယ်။ အထူးသဖြင့် နာရေးကိစ္စတွေမှာဆိုရင်တော့ အင်မတန်မှ ပိုဆိုးပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီလမ်းတွေကို ၂၀၁၆ ခုနှစ် လွှတ်တော်ရောက်ကတည်းက မြို့နယ်ကနေ အောက်ခြေမှာ အဆိုပြုတဲ့အခါမှာ အကြိမ်ကြိမ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့ ကျေးလက်လမ်းတွေ ဘတ်ဂျက်ချမပေးတဲ့အခါမှာ ယနေ့အထိတိုင် လုံးဝဖောက်လုပ်ပေးခဲ့ခြင်းမရှိပါဘူး။ မိုင်ကလည်း သိပ်မများပါဘူး။ ဘုန်ဟုန်းလမ်းခွဲကနေ ဘွေရိန်အထိဆိုရင်တော့ ဘုန်ဟုန်းလမ်းခွဲနှင့် လာလွှီးအထိက ၃ မိုင်၊ လာလွှီးကနေ ဘွေရိန်အထိက ၇ မိုင်၊ လာလွှီးကနေ ဒိုင်နိုင်းအထိက ၃ မိုင်၊ လာလွှီးကနေ ခွါဟုန်းအထိက ၃ မိုင် အဲဒီဟာလေးကို ကျွန်တော်တို့ သုံးနှစ်ကျော်ခဲ့ပါပြီ တင်ပြခဲ့တာ။

သို့ပေမဲ့ လုံးဝအဆင်မပြေတဲ့အတွက်ကြောင့် လွှတ်တော်မှာ မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနှစ်ကြား RE ဖြည့်စွက်ရန်ပုံငွေ စာရင်းပြန်ပြုစုတဲ့အခါမှာလည်း မြို့နယ်မှာရှိတဲ့ ကျေးလက်အင်ဂျင်နီယာနှင့် တိုင်ပင်ပြီးတော့မှ ဒီလမ်းကိုလည်း ထပ်မံပြီးမှ ဖြည့်စွက်မှာ လုပ်ပေးနိုင်ဖို့ ရန်အတွက် ထပ်မံတင်ပြထားခဲ့ပြီးပါပြီ။ အဲဒါကြောင့် ကျွန်တော်တို့ အများပြည်သူကျေးလက်မှာနေတဲ့ ပြည်သူတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ဘုန်ဟုန်းလမ်းခွဲကနေ လာလွှီး၊ ဘွေရိန်၊ လာလွှီးဒိုင်နိုင်း၊ လာလွှီးခွါဟုန်း အဲဒီကျေးလက်လမ်းတွေကို ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ မရှိပါက အဘယ်ကြောင်းမရှိတဲ့ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း၊ အစီအစဉ်ရှိပါက ဘယ်နေ့ ဘယ်ရက် ဘယ်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ကို တိတိကျကျသိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းမှ မေးမြန်းထားတဲ့ ဘုန်ဟုန်းလမ်းခွဲမှ လာလွှီးကျေးရွာ၊ ဘွေရိန်ကျေးရွာ၊ ဒိုင်နှိုင်းကျေးရွာနှင့် ခွာဟုန်းကျေးရွာတို့ကို ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွင်းမှာရှိတဲ့ မတူပီ-လိုင်လင်း-ဘုန်ဟုန်းလမ်းခွဲမှ လာလွှီးကျေးရွာ၊ ဘွေရိန်းကျေးရွာ၊ ဒိုင်နှိုင်းကျေးရွာနှင့် ခွါဟုန်းကျေးရွာတို့ကို ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်

လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ လမ်းများဖြစ်ပါတယ်။ ဘုန်ဟုန်းလမ်းခွဲမှ လာလွီး-ဘွေရိန်း(က)-ဘွေရိန်း(ခ)လမ်းခွဲအထိ အရှည် ၁၂ မိုင်၊ အကျယ် ၅ ပေရှိပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class B ဦးစားပေးအဆင့်(၂)တွင် ပါဝင်တဲ့လမ်းဖြစ်ပါတယ်။ ဘုန်ဟုန်းလမ်းခွဲမှ ဒိုင်နိုင်းကျေးရွာအထိ လမ်းအရှည် ၆ မိုင်၊ အကျယ် ၅ ပေရှိပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class C ဦးစားပေးအဆင့်(၃)တွင် ပါဝင်သောလမ်းဖြစ်ပါတယ်။ လာလွီး-ခွါဟုန်း-ကေကာကုန်း(ပလက်ဝနယ်)လမ်းအရှည် ၁၀ မိုင်၊ အကျယ် ၅ ပေရှိသော လမ်းပိုင်းသုံးခုတို့ပါဝင်ပြီး ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီးပါက ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၂၈၄ အိမ်နှင့် လူဦးရေ ၁၆၀၀ ကျော်ကို တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်အနောက်ဘက်ရှိ မတူပီ-လိုင်လင်းတယ်လမ်းပေါ်ရှိ ဘုန်ဟုန်းလမ်းခွဲမှသွားလာရတဲ့ လာလွီးကျေးရွာ၊ ဘွေရိန်းကျေးရွာ၊ ဒိုင်နိုင်းကျေးရွာနှင့် ခွါဟုန်းကျေးရွာတို့ကို ဆက်သွယ်တဲ့ ကျေးရွာချင်းဆက်လမ်းများဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class B ဦးစားပေးအဆင့်(၂)နှင့် Class C ဦးစားပေးအဆင့်(၃)တို့မှာ ပါဝင်တဲ့လမ်းများဖြစ်နေပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းကာလများမှာ ပြည်ထောင်စုရန်ပုံငွေနှင့် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ခုန ကျွန်တော့်မေးခွန်းထဲမှာ ဒီမိုင်အတိုင်းအတာတွေလည်း ပါပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဌာနကတင်ပြတဲ့ အမှန်အတိုင်းအတာနှင့် လက်တွေ့မြေပြင်ရဲ့အတိုင်းအတာတွေကလည်း ကွာခြားမှုရှိပါတယ်။ အမှန်က ကျွန်တော်တို့ ဒီလာလွီး၊ ဘုန်ဟုန်းလမ်းခွဲကနေ လာလွီး-ဘွေရိန်အထိကိုကျွန်တော်တို့ ၁၂ မိုင်မရှိပါဘူး။ ဒါပေမဲ့ ဒီထဲမှာ ၁၂ မိုင်လို့ ဖော်ပြထားတာရှိပါတယ်။ နောက် လာလွီး-ဒိုင်နိုင်းလည်း ၃ မိုင်ပဲရှိပါတယ်ခင်ဗျား။ ဒီမှာ ၆ မိုင်ဖော်ပြထားတာတွေလည်း ရှိပါတယ်။ နောက်ပြီးမှ ကျွန်တော်ဆက်စပ်မေးလိုတာက ဒီနှစ်ဖြည့်စွက်ရန်ပုံငွေမှာ မကြာသေးခင်ကပဲ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ ဌာနဆိုင်ရာကနေပြီးတော့ အဆိုပြုထားတာရှိပါတယ်။ ဒီလမ်းပိုင်းကို ဖောက်လုပ်ပေးနိုင်ဖို့။

ဒါပေမဲ့ ခုနဝန်ကြီးဖြေတဲ့အခါမှာ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာပဲ ဆောင်ရွက်ပေးနိုင်မယ်လို့ ဖြေကြားခဲ့ပါတယ်။ ဆိုလိုချင်တာက ကျွန်တော်တို့ ဒီလမ်းပိုင်းက မြို့နယ်နှင့် အောက်ခြေက အဆိုပြု RE နဲ့ ဆောင်ရွက်ဖို့ရန်အတွက် အဆိုပြုထားတာလည်း ရှိပါလျက်နဲ့ ၂၀၂၁ အလွန်မှာပဲ ဆောင်ရွက်နိုင်မယ်ဆိုတဲ့ကိစ္စက ပြည်သူတွေရဲ့ မျှော်လင့်ချက်က အင်မတန်မှ ဝေးကွာစေပါတယ်။ ဒီနောင်နှစ်မှာဆို ကျွန်တော်တို့ လာလွီးကျေးရွာရဲ့ အလယ်တန်းကျောင်းအဆောက်အဦလည်း လွှတ်တော်မှာ မေးခွန်းမေးပြီးမှ ဆောက်လုပ်ပေးရန်အတွက် ကတိကဝတ်လည်းကျပြီးပါပြီ။ ဒါကြောင့် ကျွန်တော်တို့ တကယ်လို့များ အဲဒီကားလမ်းတွေမပေါက်နိုင်ဖို့ဆိုတာနဲ့ အဲဒီကျောင်းဆောင်တွေ ဆောက်လုပ်ဖို့ရန်လည်း အခက်အခဲရှိမှာဖြစ်တဲ့အတွက်ကြောင့် RE မှာလည်း ကျွန်တော်တို့ ဒီနှစ် ၂၀၁၈-၂၀၁၉ RE မှာလည်း ထည့်ထားပြီးဖြစ်တဲ့အတွက်ကြောင့် RE ရန်ပုံငွေနှင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ တစ်ဆက်တည်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနအနေနဲ့ကတော့ တစ်နိုင်ငံလုံးမှာ ကျေးလက်လမ်းပေါင်း မိုင်ပေါင်း ၅၃၀၀၀ ကျော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ အထူးအားဖြင့်တော့ ချင်းပြည်နယ်တွေမှာရှိတဲ့ ဒီကျေးလက်လမ်းတွေကိုလည်း အထူးအကောင်အထည်ဖော်ပေးချင်တဲ့ စိတ်ဆန္ဒတွေလည်းရှိပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ ဘဏ္ဍာငွေကန့်သတ်ချက်အရရော နောက် ကျေးလက်လမ်းမှာ သူတို့ အဆင့်တွေသတ်မှတ်ထားပါတယ်။ Class A၊ Class B၊ Class C သတ်မှတ်ထားပြီးတော့ အဲဒီပေါ်ကမူတည်ပြီးတော့ ကျွန်တော်တို့ ရန်ပုံငွေတောင်းခံနေရတဲ့အတွက် အခုလို လျော့နည်းသွားပါတယ်။ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ အဲဒီလမ်းများက Class B၊ Class C ဖြစ်နေတဲ့အတွက် အဲဒီလို စဉ်းစားခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသခံများရဲ့ လိုအပ်ချက်အရ နောင်လာမည့်ဘဏ္ဍာရေးနှစ်မှာ ထပ်မံပြီးတော့ ဆွေးနွေးတင်ပြလို့ရှိရင် ကျွန်တော်တို့ အနေနဲ့ ရရှိနိုင်မည့် ဘဏ္ဍာငွေကြေးပေါ်မူတည်ပြီးတော့ စီစဉ်ဆောင်ရွက်ပေးမှာလည်းဖြစ်ပါတဲ့ အကြောင်း ဖြေကြားအပ်ပါတယ်။

**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်တွင် ရပ်ကွက်စတင်တည်စဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သော မူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်းကာရံခြံဝင်းခတ်ခြင်း၊ လမ်းများဖြတ်တောက်ပိတ်ဆို့ထားခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်း အများပြည်သူပိုင်ပန်းခြံအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရပ်ကွက်စတင်တည်စဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သော မူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်းကာရံခြံဝင်းခတ်ခြင်း၊ လမ်းများဖြတ်တောက်ပိတ်ဆို့ထားခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်း အများပြည်သူပိုင်ပန်းခြံအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်ဟာ ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံတော်မှ ဝန်ထမ်းအကြီးအကဲများအတွက် အိမ်ရာမြေကွက်များ ဖော်ဆောင်ရောင်းချပေးရာမှ ဖြစ်တည်ခဲ့သော ရပ်ကွက်တစ်ခုဖြစ်ပါတယ်။ ရပ်ကွက်စတင်တည်စဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ပန်းဝါလမ်း၊ စံပါယ်ဖြူလမ်း၊ နွယ်သာကီလမ်းနှင့် သပြေလမ်းကြားရှိ ငမိုးရိပ်ချောင်းကမ်းနားဘက် ဘလောက်တစ်ခုလုံးကို ပန်းခြံအဖြစ် သတ်မှတ်ဖော်ဆောင်ပေးခဲ့ပါတယ်။ လွန်ခဲ့သောသုံးနှစ်ခန့်က အဆိုပါပန်းခြံနေရာကို အုတ်တံတိုင်းကာရံခြင်း၊ လမ်းများကို ဖြတ်တောက်ပိတ်ဆို့ခြင်းလုပ်ဆောင်သောအခါမှသာ အဆိုပါဘလောက်တစ်ခုလုံးကို ပုဂ္ဂလိကပိုင်အဖြစ် မြေငှားဂရန်ထုတ်ပေးထားပြီးဖြစ်ကြောင်း ရပ်ကွက်နေပြည်သူများ သိရှိခဲ့ရပါတယ်။ ဒီလိုနဲ့ ရပ်ကွက်နေပြည်သူများ စိတ်အပန်းဖြေအနားယူရန်နှင့် ကျန်းမာရေးလေ့ကျင့်ရန်နေရာ ကွယ်ပျောက်ခဲ့ရပါတယ်။ ယခုအခါမှာတော့ ရပ်ကွက်နေပြည်သူများက ၎င်းတို့ရဲ့မူလပန်းခြံကို ပြန်လည်ဖော်ဆောင်ပေးရန် လိုလားလျက်ရှိကြပါတယ်။ အများပြည်သူနှင့်ဆိုင်သော ပန်းခြံတစ်ခုလုံးကို ပုဂ္ဂလိကတစ်ဦးတည်းပိုင်အဖြစ် ဂရန်ချထားပေးခြင်းမှာ မဖြစ်သင့်၊ မဖြစ်ထိုက်သောကိစ္စတစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်

မေးမြန်းလိုသောမေးခွန်းကတော့ ရပ်ကွက်စတင်တည်းစဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သောမူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်းကာရံခြံဝန်းခတ်ခြင်း၊ လမ်းများကို ဖြတ်တော်ပိတ်ဆို့ထားခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်း အများပြည်သူပိုင်ပန်းခြံ အဖြစ် ဖော်ဆောင်ပေးရန်အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်းရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရဲ့ရှင်းလင်းချက်များနှင့်အတူ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်းမှ သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်မှာ ရပ်ကွက်စတင်တည်စဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သော မူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်းကာရံခြံဝင်းခတ် ခြင်း၊ လမ်းများဖြတ်တောက်ပိတ်ဆို့ခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်းအများပြည်သူပိုင်ပန်းခြံ အဖြစ် ဖော်ဆောင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ မြေနေရာဟာ သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ သုဝဏ္ဏဘုရားအနီး မြေကွက်အမှတ်(၃၈/B)နှင့် (၃၈/C)ဖြစ်ပြီးတော့ ဘလောက်ဘက်မှာ ယခင်က ပန်းခြံအဖြစ် လျာထား ခဲ့သော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၁၉-၈-၂၀၀၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ မြေကွက်အမှတ် (၃၈/B)အား ချလန်အမှတ်(၅၅၈) ၂၂-၈-၂၀၀၈ ရက်စွဲနှင့် မြေတန်ဖိုးကျပ် ၇၁၂၀၀၀ ပေးသွင်းပြီး

ဒေါ်မြင့်မြင့်ကို(၅/စကန(နိုင်)၀၁၈၆၆၃(ဘ)ဦးကိုကို)အမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ်(၃၈/C)အား ချလန်အမှတ်(၅၅၇) ၂၂-၈-၂၀၀၈ ရက်စွဲနှင့် မြေတန်ဖိုးကျပ် ၇၁၀၀၀၀ ပေးသွင်းပြီး ဒေါ်ဝင့်ရွှေရည်ထွန်း(၈/ပခက(နိုင်)၁၄၇၀၆၁(ဘ)ဦးစောထွန်း)အမည်ဖြင့် လည်းကောင်း မြေချပါမစ် ထုတ်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ကွက်သစ်စတင်ဖော်ထုတ်တဲ့ မြို့ကွက် Plan အရ မြေတိုင်းရပ်ကွက်အမှတ်(၃၀)အား ဝန်ထမ်းကြီးများရပ်ကွက်အဖြစ် လုံးချင်းမြေကွက်များ ပြန်လည်ဖော်ထုတ်နေရာချထားခဲ့စဉ်က ငမိုးရိပ်ချောင်းကမ်းပါးမှာရှိတဲ့ ပန်းခြံအဖြစ်လျာထားတဲ့မြေကွက်ဟာ မြေပြင်အနေအထားနှင့် လုံခြုံရေးရှုထောင့်များအရ ပန်းခြံအဖြစ်ထားရှိရန် သင့်လျော်ခြင်းမရှိ၍ ပန်းခြံအစား ရပ်ကွက်နေပြည်သူများအတွက် Living Environment အထူးကောင်းမွန်အောင် ကမာကြည်လမ်းမကြီးတစ်လျှောက်မှာ လူနေမြေကွက်ချထားပေးခြင်းမပြုဘဲ စိမ်းလန်းမြေ(Green Area Access Road)များ ထားရှိဆောင်ရွက်ခဲ့ပါသဖြင့် ပန်းခြံလျာထားမြေနေရာကို Residential Land လူနေမြေကွက်အဖြစ် ပြောင်းလဲသတ်မှတ်ဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနေရာဖြစ်တဲ့ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ သုဝဏ္ဏဘုရားအနီး၊ မြေကွက်အမှတ်(၃၈/B)နှင့် (၃၈/C)ဟာ ၁၉၉၆ ခုနှစ် မြို့ကွက်ဖော်ထုတ်စဉ်က Plan ပါမြေကွက်ချပုံစံ ဘလောက်ဘက်မှာ ပန်းခြံဟု မှတ်သားခဲ့သော်လည်း ပန်းခြံအစားရပ်ကွက်နေပြည်သူများအတွက် Living Environment အထူးကောင်းမွန်အောင် ကမာကြည်လမ်းတစ်လျှောက်မှာ စိမ်းလန်းမြေ(Green Area Access Road)များ ထားရှိဆောင်ရွက်ခဲ့ပါဖြင့် မူလပန်းခြံလျာထားမြေကွက်အား Residential Land လူနေမြေကွက်အဖြစ် ပြောင်းလဲသတ်မှတ်ဖော်ထုတ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်နှင့် မြေနေရာချထားပေးခဲ့ခြင်းဖြစ်၍ ၎င်းနယ်မြေများကို ပန်းခြံအဖြစ် ဖော်ဆောင်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး)**   ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ဝန်ကြီးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးက ဖြေကြားထားတာကို ဆက်စပ်လာဖြေပေးတဲ့အတွက် အခုလိုဖြေကြားပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဝန်ကြီးရဲ့ ဖြေကြားချက်ထဲမှာ ပါရှိတဲ့ အမျိုးသမီးနှစ်ယောက်ရဲ့နာမည်နဲ့ ဂရန်ချပေးထားတွေ့ရပါတယ်။ အဲဒီမှာ ချပေးထားတဲ့ဟာကို မြေပြင်အနေအထားအရ လုံခြုံရေးရှုထောင့်ကြောင့် ပန်းခြံအဖြစ် ထားရှိရန် မသင့်တော်လို့ လူနေဖို့ အိမ်နေရာသတ်မှတ်ပေးတယ်ဆိုတဲ့နေရာမှာ ပန်းခြံအဖြစ် ထားရှိရန် လုံခြုံရေး မသင့်တော်ဘူးဆိုရင် လူနေအိမ်အတွက်ကော လုံခြုံရေးသင့်တော်ပါ့မလား။ အဲဒါလေးကိုလည်း ကျွန်တော့်အနေနဲ့ မရှင်းပါဘူး။ ဒီနေရာဟာ ပန်းခြံထားဖို့အတွက် အသင့်တော်ဆုံးနေရာပဲ။ ငမိုးရိပ် ချောင်းကမ်းနားမှာရှိတယ်။ အဲဒီမှာ လမ်းလေးဂွလည်း အဲဒီမှာဆုံတယ်။ ရပ်ကွက်ရဲ့ပတ်လမ်းမှာလည်း ပဲ အဲဒီမှာဆုံတယ်။ ဆိုတော့ ဒီမှာရှိတဲ့ ဝန်ထမ်းအကြီးအကဲဟောင်းတွေ၊ ပင်စင်စားတွေက ဒီမှာ လမ်းလျှောက်ပြီးတော့ ကျန်းမာရေးအားကစားလုပ်ဖို့အတွက် အင်မတန်မှ သင့်တော်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့က ဝန်ကြီးအခုနကဖြေလိုက်တဲ့ မြေပြင်အနေအထားအရ လုံခြုံရေး ရှုထောင့်နဲ့ မသင့်တော်ဘူးဆိုရင် လူနေအိမ်နဲ့ရော အဲဒီနေရာက လုံခြုံရေးရှိပါ့မလားလို့ ကျွန်တော့် အနေနဲ့ တွက်ဆမိပါတယ်။ နောက်တစ်ဖန် ဒီဘက်မှာ စိမ်းလန်းမြေ(Green Area)သက်သက် ကမာကြည်လမ်းဘက်မှာထားတယ်ဆိုတာကလည်းပဲ အဲဒါက ရပ်ကွက်ရေကြီးလာလို့ရှိရင် ရေတွေကို စုဖို့ အဲဒီနေရာမှာ ရေစုတဲ့ကန်လေးတွေ၊ ကန်လေးတွေ လုပ်ပေးထားတာပဲ ရှိပါတယ်။ ဘာမှ Green Area သစ်ပင်၊ ဘာပင် ဘာမှမရှိပါဘူး။ အဲဒါကြောင့်မို့လို့လည်း ကျွန်တော့်အနေနဲ့ နောက်တစ်ခါ တစ်ချက်လေး ကျွန်တော်မရှင်းတာက အမျိုးသမီးနှစ်ယောက်ကို ဂရန်ချပေးတဲ့အခါမှာ ပထမ အမျိုးသမီးရဲ့အဖေနာမည်ကိုတော့ ထည့်ထားပြီးတော့ ဒေါ်ဝင့်ရွှေရည်ထွန်း အဖေနာမည်ကျတော့ အဘ ဘယ်သူလို့ အခုနက ဝန်ကြီးဖြေတဲ့အထဲမှာ မကြားလိုက်မိပါဘူး။ ဒါလေးလည်း တစ်မျိုး နည်းနည်းလေးထူးဆန်းနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဆက်စပ်ပြီးတော့ မေးချင်တဲ့မေးခွန်း ကတော့ ကျွန်တော့်မေးခွန်းထဲမှာပါတဲ့ လမ်းတွေကို ပိတ်ဆို့ထားတဲ့ကိစ္စကို ဖြေရှင်းပေးမယ်ဆိုတဲ့အဖြေ မပါပါဘူး။ ဒါကြောင့်မို့လို့ အဲဒါလေးကိုလည်းပဲ လမ်းပိတ်ဆို့တာကို ဖြေရှင်းပေးဖို့ အစီအစဉ်ရှိ/မရှိ။ ဒါမှမဟုတ်ရင်လည်းပဲ ပန်းခြံကို ကျွန်တော်တို့က မလုပ်ပေးနိုင်တော့ဘူးဆိုရင်လည်းပဲ ရပ်ကွက် အတွင်းမှာရှိတဲ့အခြားမြေနေရာတစ်ခုမှာ ပန်းခြံအဖြစ် အစားထိုးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကို ထပ်ဆင့်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ သုဝဏ္ဏမြေနေရာတွေကတော့ အခုအချိန်မှာတော့ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကို လွှဲပြောင်းပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ စီမံခန့်ခွဲတဲ့အပိုင်းမရှိတော့ပါဘူးခင်ဗျား။ မရှိတော့တဲ့အတွက် အခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အချက်အလက်တွေကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဝန်းသိုမြို့နယ်၊ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပေါ်ရှိ ပျက်စီးနေသော ဆင်ကုန်း-ဝန်းသိုလမ်းပိုင်းအား ပြင်ဆင်ပေးပါရန်နှင့် ဧင်းလမ်းပေါ်ရှိ တံတားအမှတ်(၆/၂၀) ဒုံးဒုတ်တံတားအား ကွန်ကရစ်တံတားနှင့်ချဉ်းကပ်လမ်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင် ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပေါ်ရှိ ပျက်စီးနေတဲ့လမ်းပိုင်းကိစ္စနဲ့ ဧင်းလမ်းပေါ်မှာရှိတဲ့ တံတားအမှတ် (၆/၂၀) ဒုံးဒုတ်တံတားကိစ္စမေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ပထမပိုင်းမေးခွန်းဖြစ်တဲ့ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပိုင်းဟာ မိုင် ၆၀ ခန့်ရှိပြီးတော့ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး ဒီမြို့သုံးမြို့ကို ရွှေဘို-မြစ်ကြီးနားလမ်းနဲ့ချိတ်ဆက်ပေးထားတဲ့ အဓိကလမ်းဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာတော့ ကျွန်တော့်အနေနဲ့ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပေါ်မှာရှိတဲ့ ဝန်းသို-ဆင်ကုန်းလမ်းပိုင်း ပျက်စီးနေမှုအား အဓိကထားမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီဝန်းသို-ဆင်ကုန်းလမ်းပိုင်းဟာ ၁၂ ပေ အကျယ် ကတ္တရာလမ်းဖြစ်ပြီးတော့ ၂၀.၂ မိုင်ရှည်ကာ ဝန်းသိုမြို့နယ်အတွင်းမှာ ၁၀ မိုင်၊ ကောလင်းမြို့နယ်အတွင်းမှာ ၁၀ မိုင်ရှိပါတယ်။ ဒီလမ်းဟာ ဝန်းသိုမြို့နယ်အတွက် အင်မတန်မှအရေးပါပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေအတွက် ရွှေဘိုမြို့၊ မြစ်ကြီးနားမြို့၊ မန္တလေးမြို့ စတဲ့မြို့ကြီးများနဲ့ ချိတ်ဆက်သွားလာဖို့အတွက် အဓိကလမ်းမကြီးဖြစ်တဲ့ ရွှေဘို-မြစ်ကြီးနားလမ်းမကြီးနဲ့ချိတ်ဆက် ပေးထားတာဖြစ်ပါတယ်။

ဒီလမ်းဟာ ဝန်းသိုမြို့နယ်အတွက် တစ်ခုတည်းသောထွက်ပေါက်လမ်းလည်း ဖြစ်ပါတယ်။ ယခုအခါမှာ ဒီလမ်းကအင်မတန်ပျက်စီးနေပြီးတော့ သွားလာရန်အခက်အခဲများ ဖြစ်ပေါ်နေတဲ့အတွက် ပြုပြင်ပေးရန်လိုအပ်နေပြီဖြစ်လို့ ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းရဲ့ဒုတိယအပိုင်းကတော့ ဝန်းသို-ကျောက်တန်းလမ်းပေါ်ရှိတဲ့ စောစောက ဝန်းသို-ကျောက်တန်း-ဆင်ကုန်းလမ်းပေါ်ရှိတဲ့ တံတားအမှတ်(၆/၂၀) ဒိုးဒုတ်တံတား ပျက်စီးနေမှုကိစ္စဖြစ်ပါတယ်။ ဒီတံတားဟာ ဝန်းသို-ဆင်ကုန်းလမ်းပေါ်မှာရှိပြီးတော့ သံဘောင်တင် သစ်သားကြမ်းခင်းတံတားဖြစ်ပါတယ်။ ကမ်းကပ်ခုံနဲ့ရေလယ်တိုင်များကလည်း သစ်သားများနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ယခုအခါမှာဆိုရင် ဒီတံတားဟာ အင်မတန်မှပျက်စီးနေပြီးတော့ ကားကြီးတွေသာမဘဲနဲ့ အိမ်စီးကားများ၊ သုံးဘီးဆိုင်ကယ်များဖြတ်ရင်တောင်မှ တုန်ခါမှုများ ဖြစ်ပေါ်နေတဲ့အနေအထား ဖြစ်နေပါတယ်။ နောက် ပြိုကျပျက်စီးနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက် အလျင်အမြန်တည်ဆောက်ပေးနိုင်ရန်လည်း လိုအပ်နေပြီဖြစ်ပါတယ်။ တကယ်လို့ ဒီတံတားကို အချိန်မီပြန်လည်တည်ဆောက်ပေးခဲ့ခြင်း မရှိဘူး၊ ပြိုကျပျက်စီးသွားခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့ ဝန်းသိုမြို့နယ်အတွက် ဆက်သွယ် သွားလာရေး အင်မတန်ခက်ခဲသွားမယ့်အနေအထားဖြစ်တဲ့အတွက် ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှင်းလင်းစွာတင်ပြနိုင်ရန်အတွက် ကျွန်တော့်အား Power Point သုံးစွဲခွင့် ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကတော့ လမ်းမိုင်ပြဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါ ဝန်းသို မြို့နယ်နဲ့ ကောလင်းမြို့နယ် စခွဲတဲ့နေရာဖြစ်ပါတယ်။ ဒါတွေကတော့ လမ်းပျက်စီးနေမှု၊ ကတ္တရာလမ်း ပျက်စီးနေမှုအနေအထားဖြစ်ပါတယ်။ ဒါလည်းတူတူပါပဲ။ ဒါ ကတ္တရာလမ်းလို့သာပြောရပေမဲ့ ကတ္တရာ တောင်မနည်းရှာရမယ့်အနေအထားဖြစ်နေပါပြီ။ ဒါကတော့ ကျွန်တော်စောစောကပြောတဲ့ ဒိုးဒုတ် တံတားဖြစ်ပါတယ်။ ပျက်စီးနေမှုအခြေအနေဖြစ်ပါတယ်ခင်ဗျား။ ဒါ လက်ရှိမြင်နေရတဲ့အတိုင်းပါပဲ။ ဒီကမ်းကပ်ခုံတွေကလည်း သစ်သားတွေနဲ့ပြုလုပ်ထားတယ်။ ဒါ ရေလယ်တိုင်တွေ၊ ဒါတွေကလည်း သစ်သားတိုင်တွေ အင်မတန်မှယိုင်ပြီးတော့ ကား၊ ဆိုင်ကယ်ဖြတ်ရင်ကို တုန်နေတဲ့အနေအထားဖြစ်ပါ တယ်။ ကျွန်တော်တို့အရပ်မှာဆိုရင်တော့ ဒီတံတားဟာ တရားခံရှာနေတဲ့တံတားလို့တောင် ဆိုကြပါ တယ်။ ဒါ ရေလယ်တိုင်အနေအထားပါ။ Power Point ပိတ်လို့ရပါပြီ။ ကျေးဇူးတင်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဝန်းသိုမြို့နယ်အတွင်းရှိ ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူးလမ်းပေါ်ရှိ ပျက်စီးနေသော

ဆင်ကုန်း-ဝန်းသိုလမ်းပိုင်းအား ပြင်ဆင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ ဒိုးဒုတ်တံတားအား ကွန်ကရစ်တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်မှမေးမြန်းထားတဲ့ ဝန်းသိုမြို့နယ်၊ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပေါ်မှာရှိတဲ့ ပျက်စီးနေသော ဆင်ကုန်း-ဝန်းသိုလမ်းပိုင်းအား ပြင်ဆင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်မှာရှိတဲ့ တံတားအမှတ်(၆/၂၀) ဒိုးဒုတ်တံတားအား ကွန်ကရစ်တံတားနှင့် ချဉ်းကပ်လမ်းအား တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းဟာ မိုင်တိုင်အမှတ်(၀/၀)မှ (၅၉/၀)အထိ ၅၉ မိုင်ရှည်လျားပြီး ဆင်ကုန်း-ဝန်းသိုလမ်းပိုင်းမှာ မိုင်တိုင်အမှတ်(၀/၀)မှ (၂၀/၀)အထိ ၂၀ မိုင်ခန့်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းပိုင်းဖြစ်ပြီး ၃၀-၉-၂၀၁၈ ရက်နေ့ လမ်းအခြေအနေကတော့ အကျယ် ၁၈ ပေ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ ကတ္တရာလမ်း ၁၇ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၂ ဖာလုံ စုစုပေါင်း မိုင်၂၀ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ကျပ် ၃၆ သန်းနှင့် မိုင်တိုင်အမှတ်(၁၃/၀)မှ (၁၄/၀)အတွင်း ကတ္တရာထပ်ပိုးလွှာတင်ခြင်း ၁ မိုင်၊ မိုင်တိုင်အမှတ်(၃/၆)မှ (၅၀/၀)အတွင်း ကတ္တရာလမ်းပျက်ပြုပြင်ခြင်း ၁ မိုင် ၀.၅ ဖာလုံ၊ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၅၃ သန်းနှင့် တံတားအမှတ်(၂/၃) အရှည် ၅၀ ပေ သံကူကွန်ကရစ်တံတားအပေါ်ထည် အပြီးသတ်တည်ဆောက်ခြင်း လုပ်ငန်းတစ်ခု၊ တံတားအမှတ်(၁/၃) အရှည် ၆၀ ပေနှင့် တံတားအမှတ်(၄/၃) အရှည် ၄၀ ပေ တံတားပြုပြင်ခြင်း နှစ်စင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ အခု လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှာ အဆိုပါတံတားနှင့် ချဉ်းကပ်လမ်းအတွက် လျာထားတင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ မိုင်တိုင်အမှတ်(၁၂/၃)မှ (၁၆/၄)အတွင်း ၄ မိုင် ၁ ဖာလုံအား လမ်းလွှာဒီဇိုင်းပုံထုတ်ခပေးချေခြင်း ဆောင်ရွက်ရန်အတွက်သာ တိုင်းဒေသကြီးသာမန်ရန်ပုံငွေကျပ် ၀.၇၄၅ သန်းသာ လျာထားနိုင်ခဲ့တဲ့အတွက် ပျက်စီးနေတဲ့ ဆင်ကုန်း-ဝန်းသိုလမ်းပိုင်းအား ပြင်ဆင်နိုင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားအမှတ် (၆/၂၀) ဒုံးဒုတ်တံတားအား အရှည် ၁၀၀ ပေ သံကူကွန်ကရစ်တံတားအသစ်နှင့် ချဉ်းကပ်လမ်းတည်ဆောက်နိုင်ရန်အတွက် နောင်လာမယ့်ဘဏ္ဍာရေးနှစ်များတွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှာ ဆက်လက်လျာထားတင်ပြသွားမှာဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့အား မြို့တော်ကြီးနှင့်အဆက်အသွယ်များ ဖြစ်ထွန်းလာစေရန် လိုအပ်လျက်ရှိသော တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်က ဦးတင်ထွန်းနိုင်ဖြစ်ပြီး ကျွန်တော်တို့မြို့နယ်အတွက် မဖြစ်မနေလိုအပ်နေတဲ့ တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ကြီးခနောင်တိုမြို့နယ်ဆိုတာ ရန်ကုန်မြို့တွင်း မြို့နယ်တွေဖြစ်တဲ့ အလုံ၊ လသာ၊ ကျောက်တံတား၊ ဗိုလ်တစ်ထောင်အစရှိတဲ့ မြို့နယ်တွေနဲ့ လှမ်းအော်ရင်တောင်ကြားနိုင်တဲ့ လက်တစ်ကမ်းအကွာအဝေးမှာရှိတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ဝင်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မြို့တော်ကြီးနှင့် ကူးလူးသွားလာဆက်ဆံရေးမှာတော့ နီးလျက်နဲ့ဝေးဆိုသလို တွံတေးတူးမြောင်း၊ လှိုင်မြစ်ကတစ်ဆင့် ရေလမ်းခရီးကိုသာ မြို့နယ်ပြည်သူလူထုအနေနဲ့ အဓိကအားကိုးအားထားပြုနေကြရတာ ဒီနေ့အထိပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ တစ်ခြားရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ဝင် မြို့တော်တွေနှင့်စာရင် ကျွန်တော်တို့မြို့ဟာ အစစအရာရာ ဖွံ့ဖြိုးမှုနောက်ကျကျန်နေရပြီး ရန်ကုန်ဘက်ခြမ်းသွားရောက်ပြီး အလုပ်လုပ်ကိုက်ကြရ

တဲ့ ပြည်သူတွေအဖို့နေ့စဉ်နှင့်အမျှ ရေလမ်းခရီးရဲ့စိန်ခေါ်မှု ဒုက္ခတွေလည်း အမြဲတွေ့ကြုံ ခံစားနေကြရပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့မှာ လူဦးရေ ၃၅၀၀၀၀ ခန့်ရှိရာမှာ ခရီးသည် ၂၀၀၀၀ ကျော်ဟာ နေ့စဉ်နေ့တိုင်း စက်တပ်ရေယာဉ်သာမန်ငယ်လေးတွေကိုသာ စီးနင်းလိုက်ပါပြီး ရန်ကုန်ဘက်ခြမ်းက ဝါးကန်းကယ်ရီဆိပ်ကိုကူးပြီး အလုပ်သွား၊ အလုပ်ပြန်၊ ရုံးဆင်း၊ ရုံးတက်လုပ်ကြရပါတယ်။ စီးနင်းလိုက်ပါရတဲ့ စက်တပ်သာမန်ငယ်လေးတွေဆိုတာလည်း သမာရိုးကျ ရေယာဉ်ငယ်လေးဖြစ်တာကြောင့် ခရီးသည်တွေနဲ့ ဘေးအန္တရာယ်ကင်းမှုအပိုင်းမှာလည်း အင်မတန်အားနည်းလှပါတယ်။ အထူးသဖြင့် မိုးတွင်းကာလ လှိုင်းကြီး၊ လေကြီးကျနေချိန်မှာဆိုရင် ခရီးသည်တွေတင်မက အိမ်မှာကျန်ရစ်တဲ့မိသားစုဝင်တွေပါ စိုးရိမ်သောကများကြရပါတယ်။ ဒီလိုအခက်အခဲတွေကြောင့် နယ်ခံမဟုတ်တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေအဖို့လည်း ရန်ကုန်နှင့်တစ်ခေါ်သာသာဝေးတဲ့ ကျွန်တော်တို့မြို့မှာ တာဝန်ထမ်းဆောင်ဖို့ကို အင်မတန်ဝန်လေးကြသလို မလွဲမရှောင်သာ တာဝန်ကျရင်းလည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်လည်ရွှေ့ပြောင်းဖို့သာ စိတ်ကူးကြတာမို့ ရန်ကုန်စည်ပင်နယ်နိမိတ်မှာရှိတဲ့ ကျွန်တော်တို့မြို့ကို ဝန်ထမ်းလောကမှာဆိုရင် ရန်ကုန်တိုင်းရဲ့အဝေးဆုံးမြို့နှင့်နှိုင်းယှဉ်းပြီး ဒုတိယကိုကိုးကျွန်းလို့တောင် ပြောစမှတ်ပြုကြပါတယ်။ ညရေးညတာကျန်းမာရေးကိစ္စအရေးပေါ်ရင်လည်း ရန်ကုန်ဆေးရုံကြီးဆိုတာ မြေပုံပေါ်မှာ ဖြောင့်တန်းရင် သိပ်မဝေးပေမဲ့ ကုန်းတစ်တန်၊ ရေတစ်တန်နှင့် သွားလာရေးခက်ခဲလွန်းတာကြောင့် မဖြစ်သင့်တဲ့ ဖိတ်စင်မှုတွေလည်း မကြာခဏဖြစ်ပွားလေ့ရှိပါတယ်။

ဒီလိုအခြေအနေကို ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီကောင်းကင်ဓာတ်ပုံထဲမှာတော့ ရန်ကုန်မြို့လယ်နှင့် ဆိပ်ကြီး/ခနောင်တို ဒီဘက်ကကျွန်းလေးနဲ့အကွာအဝေးလေးကို မြင်သာအောင် ပြထားတာ ဖြစ်ပါတယ်။ ဒါကတော့ ဆိပ်ကြီး/ခနောင်တိုမြို့ရှိတဲ့ ကျွန်းဖြစ်ပါတယ်။ ဒါကတော့ နေ့စဉ်ပြည်သူလူထုအနေနဲ့ မနက်သွား၊ ညနေပြန် ဆိပ်ကြီး/ခနောင်တိုဆိပ်ကမ်းကနေပြီးတော့ ရန်ကုန်ဘက်ခြမ်းကို ကူးနေတဲ့မြင်ကွင်းများဖြစ်ပါတယ်။ ဒါကတော့ သူတို့စီးနင်းလိုက်ပါတဲ့ သမ္ဗာန်တွေရဲ့အခြေအနေတွေကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့အနေနဲ့ ဆိပ်ကြီး/ခနောင်တိုကို တံတားတစ်စင်း မဖြစ်မနေထိုးမယ်ဆိုရင် ရန်ကုန်နှင့်တိုက်ရိုက်မဟုတ်သော်ငြားလည်းပဲ အခုဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလတံတား)

လည်း တည်ဆောက်နေပြီဖြစ်တဲ့အခါကျတော့ ဒလဘက်ခြမ်းကို တံတားထိုးရင်ကိုပဲ စောစောက ကျွန်တော်တင်ပြခဲ့တဲ့အခြေအနေတွေ ပြေလည်သွားမှာ ဖြစ်တဲ့အတွက်မို့လို့ အဆိုပြုတံတားနေရာများ ကို တင်ပြထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဆိုပြုတာပဲဖြစ်တဲ့အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ကတော့ဒီစီမံကိန်းကို အကောင်အထည်ဖော်မယ်ဆိုရင်တော့ ပညာရှင်များ သင့်တော်မယ့်နေရာကိုသာ ရွေးချယ်ဖို့ပဲ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ဒါကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနက နဂိုကတည်းကရှိခဲ့တဲ့ Master Plan ထဲမှာပါတဲ့ အဆိုပြုတံတားပုံစံပဲ ဖြစ်ပါတယ်။ ဒီတံတားထဲမှာဆိုလည်း တွံတေးတူးမြောင်းကိုဖြတ်ပြီးတော့ အောက်ဘက်က အနီရောင်ထဲမှာပြထားတဲ့ တံတားနေရာလေးလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီစီမံကိန်းဟာ နဂိုကတည်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ Master Plan မှာရှိပြီးသားလို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။ ဒါကတော့ ရန်ကုန်ဆေးရုံကြီးနဲ့ ဆိပ်ကြီး/ခနောင်တိုကျွန်းနဲ့ အကွာအဝေးလေးကို ကျွန်တော့်အနေနဲ့ ကောင်းကင်ဓာတ်ပုံကနေ တိုင်းပြထားတာ ဖြစ်ပါတယ်။ အဲဒီ ရန်ကုန်ဆေးရုံကြီးနဲ့ ကျွန်တော်တို့ကျွန်းက သမ္မာန်ဆိပ်နဲ့ဆိုလို့ရှိရင် မြေပြင်ပေါ်မှာ အဖြောင့်တိုင်းမယ် ဆိုရင် နှစ်မိုင်ပဲ ဝေးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့မြို့နယ်အတွက် မဖြစ်မနေလိုအပ်နေတဲ့ တံတားတစ်စင်း တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်မှ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ ဆိပ်ကြီး/ခနောင်တိုမြို့အား မြို့တော်ကြီးနှင့် အဆက်အသွယ်ကောင်းများ ဖြစ်ထွန်းလာစေရန် လိုအပ်လျက်ရှိသော တံတားတစ်စင်းတည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့တဲ့ အချက်အလက်များနှင့်ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ တံတားမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမြို့မှာရှိတဲ့ ပြည်သူများ လှိုင်သာယာဘက်မှသွားမယ့် အစား ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ပြီးပါက ရန်ကုန်မြို့တွင်းကို ဒလမှ တစ်ဆင့် အလွယ်တကူသွားရောက်နိုင်ရန်အတွက် တွံတေးတူးမြောင်းကိုဖြတ်ပြီး ဆိပ်ကြီး/ခနောင်တို မြို့နှင့် ဒလမြို့တို့အား ဆက်သွယ်တည်ဆောက်ရမယ့်တံတားဖြစ်ပါသည်။ အဆိုပါ တံတား တည်ဆောက်ရာမှာ တွံတေးတူးမြောင်းကိုဖြတ်ပြီး တည်ဆောက်ရမှာဖြစ်တဲ့အတွက် နိုင်ငံတကာ အဆင့်မီတံတားကြီးများပုံစံနဲ့ တည်ဆောက်ရမှာဖြစ်ပါတယ်။ ခန့်မှန်းအရှည်ပေ ၃၆၀၀ ခန့်ဖြစ်ပြီး တော့ လက်ရှိတွံတေးကြိုးတံတားကဲ့သို့ တည်ဆောက်ရမှာဖြစ်တဲ့အတွက် လုပ်ငန်း ပမာဏကြီးမားပြီး ကုန်ကျစရိတ်များပြားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီမြစ်ကူးတံတား၊ ချင်းတွင်းမြစ်ကူးတံတားကြီးများအပါအဝင် တည်ဆောက်ဆဲတံတားကြီးများ (၁၆)စင်း ရှိနေပါသဖြင့် အဆိုပါတံတားအားလတ်တလောတည်ဆောက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကြိုတင်ဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်မှု(Pre-Feasibility Study)ကို ပြုလုပ် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မင်းဘူး(စကု)မြို့နယ်ရှိ ဧရာဝတီမြစ်ရေနစ်ခြင်းကြောင့် မြစ်ရေကြီးချိန်တွင် နေထိုင်ရေးအခက်အခဲ တွေ့နေသော ဒေသခံပြည်သူများအခက်အခဲဖြေလျှော့နိုင်ရေးအတွက် ရေဘေးရှောင်အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ် ရေနစ်ခြင်း ကြောင့် နေရာအခက်အခဲရှိတဲ့ ဧရာဝတီမြစ်ရေနစ်ဧရိယာမှာရှိတဲ့ ပြည်သူတွေ ရေနစ်ချိန် နေရာအခက် အခဲဖြေလျှော့နိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာရှိတဲ့ မင်းဘူးမြို့ပေါ်မှာရှိတဲ့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊

အမှတ်(၄)ရပ်ကွက်တွေ၊ အဲဒီအပြင် ကျွန်တော်တို့ ရွာသာကျေးရွာအနိမ့်ပိုင်း ကျွန်းတံတိုင်းရွာတွေလို့ ခေါ်တဲ့ သနပ်ပင်စုကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ငွေသောင်ကျေးရွာ၊ ပေါက်ငူကျေးရွာ၊ ပေါက်လေး ပင်ကျေးရွာ၊ နိဗ္ဗာန်ကျွန်းကျေးရွာ၊ ပဒေသာကျွန်းရွာ၊ မန်းကျွန်းရွာ၊ ထုံးမန်ကျည်း၊ ရွာသစ်ကုန်းနဲ့ ဆည်ရွာ စတဲ့ကျေးရွာတွေဟာ နှစ်စဉ် ဧရာဝတီမြစ်ရေကြီးခြင်းကြောင့် ရေလွှမ်းမိုးတဲ့အတွက် နေရာ အခက်အခဲနှင့် အမြဲတမ်းကြုံတွေ့နေရပါတယ်။ ဧရာဝတီမြစ်ရေတက်လာပြီဆိုလို့ရှိရင် ရေလွတ်ရာမှာ ရှိတဲ့ ရပ်ဆွေရပ်မျိုးတွေဆီသော်လည်းကောင်း၊ အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ ဘုန်းကြီးကျောင်း တွေမှာသော်လည်းကောင်း၊ ဇရပ်တွေမှာသော်လည်းကောင်း၊ နောက်ပြီးတော့ ရေလွတ်ရာ မြေကွက်လပ်ရှိတဲ့နေရာတွေကိုသွားပြီးတော့ ဖြစ်သလို နေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေကြီးလို့ရှိရင် ဒါ ရေဝင်ခါစအခြေအနေပါ။ ကျွဲ၊ နွားတွေလည်း ဒုက္ခရောက်ပါတယ်။ ရေလာပြီဆိုတာနဲ့ ရေလွတ်ရာကုန်းဘက်ကို ကျွန်တော်တို့ ပြေးကြရပါတယ်။ အဲဒီကျွဲ၊ နွားတွေအပြင် တောင်သူလုပ်ငန်းကရလာတဲ့ ကောက်ပဲ၊ သီးနှံတွေကိုလည်း ဖြစ်သလို အရေးပေါ်သယ်ယူကြရပါ တယ်။ ဒါကတော့ ဝန်ကြီးဌာနကနေပြီးတော့ ရေဘေးရှောင်အဆောက်အဦ ချပေးမယ်ဆိုလို့ရှိရင် အဆင်သင့်တည်ဆောက်နိုင်အောင်လို့မို့လို့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ် တွေ၊ မြို့နယ်လယ်/စည်၊ ရပ်/ကျေး လည်/စည်အဖွဲ့တွေနဲ့ နေရာကိုကွင်းဆင်းပြီးတော့ ကျွန်တော်တို့ ကြည့်ရှုနေခြင်းပဲဖြစ်ပါ တယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနကချထားဖို့ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် အဆင်သင့် ရအောင်လည်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ မြေနေရာရရှိရေးအတွက် ကွင်းဆင်းကြည့်ပြီးသားလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာ ရှိတဲ့ ဧရာဝတီမြစ်ရေကြီးခြင်းကြောင့် ရေကြီးချိန်မှာ နေထိုင်ရေးအခက်အခဲဖြစ်နေတဲ့ ဒေသခံပြည်သူတွေ အခက်အခဲဖြေလျှော့နိုင်ရေး အတွက် ရေဘေးရှောင်အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသခံမဲဆန္ဒရှင် ပြည်သူများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ မင်းဘူး(စကု) မြို့နယ်ရှိ ဧရာဝတီမြစ်ရေနစ်ခြင်းကြောင့် မြစ်ရေကြီးချိန်တွင် နေထိုင်ရေးအခက်အခဲတွေ့နေရာသော ဒေသခံပြည်သူများ အခက်အခဲဖြေလျှော့နိုင်ရေးအတွက် ရေဘေးရှောင်အဆောက်အဦတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မေးခွန်းနှင့် စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့တဲ့ဒေသမှာတည်ရှိသော်လည်း မိုးရာသီကာလအတွင်း ပုံမှန်ဧရာဝတီမြစ်ရေကြီးပြင်းမှုနဲ့ လျှပ်တစ်ပြက်ရေကြီးမှုဒဏ်ကို ကြုံတွေ့ခံစားရတဲ့ဒေသဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနက သက်ဆိုင်တဲ့အစိုးရအဖွဲ့များနဲ့ညှိနှိုင်းပြီး ဘေးကျရောက်နိုင်ခြေရှိသောဒေသများမှာ မိုးမကျမီ ရေဘေးကြိုတင်ကာကွယ်ရေးအစီအမံများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် လက်ရှိအားဖြင့် မကွေးတိုင်းဒေသကြီးအတွင်း စေတုတ္တရာမြို့နယ်မှ ပြည်သူများ ဘေးအန္တရာယ်ခိုလုံရန်အတွက် Multi-Purpose Shelter တစ်လုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကခွင့်ပြုချက်နဲ့ ကော်မတီရန်ပုံငွေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ဒါခေါ်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ရန် တင်ပြအပ်ပါတယ်။ အလားတူပဲ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ဟာ ဧရာဝတီမြစ်ရေကြီးခြင်းကြောင့် နှစ်စဉ်ရေကြီးနစ်မြုပ်မှုဒဏ်ကို ကြုံတွေ့ခံစားရသော ဒေသတစ်ခုဖြစ်ရာ ရေကြီးနစ်မြုပ်ပါက အနိမ့်ပိုင်းနေရာများမှာ နေထိုင်ကြသူတွေဟာ အမြင့်ပိုင်းနေရာတွေ၊ ဘုန်းကြီးကျောင်းတွေ၊ ကားလမ်းမများပေါ်မှာ မိသားစု

အလိုက် သွားရောက်ခိုလှုံနေကြရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းနဲ့စပ်လျဉ်း၍ ဧရာဝတီမြစ်ရေကြီးချိန်မှာ ပြည်သူများအတွက် ရေဘေးရှောင်အဆောက်အဦတစ်လုံးအား တည်ဆောက်ပေးရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေနေရာရွေးချယ်သတ်မှတ်ပေးနိုင်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကလည်း ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် လမ်းညွှန်ထားရှိပါတယ်။ ကော်မတီရဲ့လမ်းညွှန်မှုအရ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မြေနေရာရွေးချယ်သတ်မှတ်ပေးနိုင်ရေး မတ်လ ၁၃ ရက်နေ့က ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က မင်းဘူး(စကု)မြို့နယ်၊ ကြာကန်ကျေးရွာအုပ်စု၊ ကြာကန်ကွင်းအမှတ် (၁၃၁၉)ရှိ မြေဧရိယာတစ်ဧကကို ရွေးချယ်အတည်ပြုပြီးကြောင်း မေလ ၃ ရက်နေ့က ပြန်ကြားလာတဲ့ အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပြန်လည်တင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏အတည်ပြုနေရာတွင် ပြည်သူများအတွက် ရေဘေးရှောင်အဆောက်အဦ တစ်လုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ယခုနှစ်အတွင်း ဆောက်လုပ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပွင့်ဖြူမြို့နယ်အတွင်းရှိ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနမှ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး မှုကြိုကျောင်းများကို လွှဲပြောင်းလက်ခံရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝကြပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနမှ ဆောင်ရွက် ခဲ့သော ကိုယ့်အားကိုယ်ကိုးမှုကြိုကျောင်းများကို လွှဲပြောင်းလက်ခံရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့တန်ဖိုးအရှိဆုံးကတော့ လူသားအရင်းအမြစ်ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှ

အရေးကြီးပါတယ်။ ဒါမှလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပြီး ကလေးသူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံ့အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ပညာရှင်များက ဆိုမိန့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိမဲဆန္ဒနယ်မှာဖြစ်တဲ့ ပွင့်ဖြူမြို့နယ်မှာ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ရပ်ကွက်လေးခုနှင့် ကျေးရွာပေါင်း ၂၀၅ ရွာရှိပါတယ်။ မိမိမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းပေါင်းမှာ ပွင့်ဖြူမြို့ပေါ်ရှိ မြို့မမူကြိုကျောင်းအပါအဝင် ကျောင်းပေါင်း ၈၀ ရှိပါတယ်။ အဲဒီအထဲမှာမှ ပုံမှန်လည်ပတ်နေတဲ့ ကျောင်း ၇၀ ခန့်ရှိပါတယ်။ မလည်ပတ်နိုင်တဲ့ကျောင်းပေါင်းက ၁၀ ကျောင်းခန့်ရှိပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ ကလေးသူငယ်ပြုစုပျိုးထောင်ရေး ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများဖြစ်ပါတယ်။ ဒါကတော့ ကလေးသူငယ်ပြုစုပျိုးထောင်ရေး ကိုယ့်အားကိုယ်ကိုးကျောင်းများ သင်ကြားလေ့ကျင့်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း သင်ကြားလေ့ကျင့်နေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ ကလေးသူငယ်ပြုစုပျိုးထောင်ရေး ကိုယ့်အားကိုယ်ကိုးကျောင်းများရဲ့ ကလေးများကစားနေတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း လေ့ကျင့်သင်ကြားနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ ကလေးသူငယ်ပြုစုပျိုးထောင်ရေး ကျောင်းများမှာ လက်တွေ့ကျကျမြေပြင်ကိုကွင်းဆင်းပြီးတွေ့ လေ့လာနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ မလည်ပတ်နိုင်ဘဲနဲ့ ပိတ်ထားရတဲ့ကျောင်းများဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာတင်ပြခဲ့သလို ကျောင်းတွေရဲ့လည်ပတ်ဆောင်ရွက်နေပုံနဲ့ မလည်ပတ်နိုင်တဲ့ ကျောင်းတွေရဲ့ပုံတွေဖြစ်ပါတယ်။ အမှန်တကယ် ရန်ပုံငွေတောင့်တင်းခိုင်မာပြီး လည်ပတ်နိုင်စွမ်းရှိတဲ့ကျောင်းတွေက အင်မတန်မှနည်းပါးပါတယ်။ ဒီလိုလည်ပတ်နိုင်အောင် မိဘတွေက ကလေးတွေရဲ့ လစဉ်ကျောင်းလခတွေပေးပြီး ရန်ပုံငွေတွေမတည်၊ ရပ်ထဲရွာထဲမှာ အတိုးတွေပေးပြီး ချေးငှားပြီးတော့ ရပ်တည်နေတဲ့ကျောင်းတွေ ဖြစ်ပါတယ်။ ဆရာဆရာမတွေမှာလည်း ထိုက်သင့်တဲ့လစာငွေကြေးမရရှိကြပါဘူး။ အခြေခံပညာကျောင်းတွေမှာတောင် အခမဲ့သင်ယူနေရတဲ့အချိန်တွေမှာ ကလေးသူငယ်တွေရဲ့ပညာရေးမှာ လခပေးပြီးတော့ သင်ကြားနေရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပုဒ်မ ၂၈ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် ပြည်သူများ၏ပညာရေးနှင့်ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟု ပါရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိမြို့နယ်မှာရှိတဲ့ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းတွေရဲ့ မြေရာဇဝင်၊ မြေပိုင်ဆိုင်မှုအထောက်အထားတွေကို လက်ရှိလည်ပတ်နေသော ရန်ပုံငွေ၊ ကျောင်းကော်မတီရဲ့ သဘောထားတွေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရန်လည်း စီစဉ်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ လွှဲပြောင်းလက်ခံမည်ဆိုပါက လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးလာပြီး ဝန်ထုပ်ဝန်ပိုးပိနေသော ကလေးသူငယ်များ၏မိဘများ၊ ဆရာဆရာမများ၊ ကျောင်းကော်မတီများ ပိုမိုအဆင်ပြေစေရန်အတွက် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဦးထွန်းထွန်းရဲ့ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနမှ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံရန်အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့ စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြလာသော ပွင့်ဖြူမြို့နယ်မှာ ဖွင့်လှစ်ထားတဲ့ မူလတန်းကြိုကျောင်းအများစုဟာ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော Save the Children အဖွဲ့အစည်းမှတည်ထောင်ဖွင့်လှစ်၍ ရပ်/ရွာပြည်သူလူထုသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ရပ်/ရွာပြည်သူလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆက်လက်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသောကျောင်းများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ လက်ရှိဌာနမူလတန်းကြိုကျောင်း ၁၂၅ ကျောင်းကို တင်ပြပါအတိုင်း ဖွင့်လှစ်ထားရှိပါတယ်။ နှစ်စဉ်စီမံကိန်းမှာလည်း အစိုးရမူလတန်းကြိုကျောင်းများမရှိတဲ့ မြို့နယ်များအတွင်း တစ်နှစ်လျှင်စံပြမူလတန်းကြို

ကျောင်း ၁၀ ကျောင်းနှုန်းဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ထည့်သွင်းရေးဆွဲလျက်ရှိရာ လက်ရှိဘဏ္ဍာရေးနှစ်တွင် မူလတန်းကြိုကျောင်းခုနစ်ကျောင်းကို ဖွင့်လှစ်ဆောင်ရွက်မှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်ထားတဲ့ မူလတန်းကြိုကျောင်းပေါင်းကိုးကျောင်း၊ ရပ်/ရွာပြည်သူလူထုမှ ပွင့်ဖြူမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်ဖွင့်လှစ်ထားတဲ့ ရောစုကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းနဲ့ ပွင့်ဖြူမိခင်နှင့်ကလေး ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းနှစ်ကျောင်းအပါအဝင် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းပေါင်း ၆၀ ကျောင်းဖွင့်လှစ်ထားရှိပါတယ်။ ဒါ့အပြင် မကွေးတိုင်းဒေသကြီးအတွင်းမှာ Save the Children အဖွဲ့မှ ဖွင့်လှစ်ထားတဲ့ ရပ်/ရွာအခြေပြု မူလတန်းကြိုကျောင်းပေါင်း ၁၀၇ ကျောင်းရှိရာ ပွင့်ဖြူမြို့နယ်မှာ အဆိုပါရပ်/ရွာအခြေပြု မူလတန်းကြိုကျောင်းပေါင်း ၇၉ ကျောင်း ရှိပါတယ်။ မကွေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးမှ တာဝန်ရှိသူတွေက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပွင့်ဖြူမြို့နယ်ရှိ ရပ်/ရွာအခြေပြုမူလတန်းကြို ကျောင်း ၁၀ ကျောင်းမှာ ဖွင့်လှစ်နိုင်ခြင်းမရှိတော့ဘဲ ၆၉ ကျောင်းသာ ဖွင့်လှစ်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ လက်ရှိဖွင့်လှစ်လျက်ရှိတဲ့ ရပ်/ရွာအခြေပြုမူလတန်းကြိုကျောင်းပေါင်း ၁၀၇ ကျောင်းအနက် ပွင့်ဖြူမြို့နယ်အတွင်းရှိ သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ ကျောင်းပေါင်း ၆၉ ကျောင်းအပါအဝင် စုစုပေါင်း ၉၇ ကျောင်းကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးထားပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းမှ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ ရေရှည်ရပ်တည်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန သက်ဆိုင်ရာတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ တည်ထောင်ခွင့်ပြုမိန့်ရရှိရန် ဥပဒေနဲ့အညီ မှတ်ပုံတင်လျှောက်ထားနိုင်ပြီး တည်ထောင်ခွင့်ပြုမိန့်ရရှိထားပြီးသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတွေကို လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆရာမလစာများထောက်ပံ့ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများထောက်ပံ့ခြင်းနဲ့ နည်းပညာပံ့ပိုးကူညီပေးခြင်းများကို အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရရှိထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူလတန်းကြိုကျောင်းများကို နှစ်စဉ်စီမံချက်နဲ့ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတွေကို လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ဌာနပိုင်မူလတန်းကြိုကျောင်းအဖြစ် အပ်နှံလွှဲပြောင်းလိုပါက တင်ပြပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်ပြီး လွှဲပြောင်း/လက်ခံလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းနဲ့စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ

တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးတဲ့ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတွေကို ဌာနပိုင်မူလတန်းကြို ကျောင်းအဖြစ် လွှဲပြောင်း/အပ်နှံလိုပါက တင်ပြပါသတ်မှတ်ချက်များနှင့်အညီစိစစ်၍ လွှဲပြောင်း/ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့ ဒုတိယဝန်ကြီးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျောင်းတွေကိုလည်း လွှဲပြောင်းရယူမယ်။ လွှဲပြောင်းမရယူခင်မှာ ထောက်ပံ့ပေး မယ်ဆိုတာလေး။ ကျေးဇူးတင်ပါတယ်။ အဲဒီမှာ လက်ရှိ ပွင့်ဖြူမြို့မကျောင်း၊ မိခင်နှင့်ကလေးမူကြို ကျောင်းကို လက်ရှိလတ်တလော ပထမဦးစွာ စံပြမူကြိုကျောင်းအဖြစ် ဆောင်ရွက်လက်ခံရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနဲ့ပတ်သက်ပြီး စောစောက တင်ပြတဲ့အတိုင်းပါပဲ။ ပွင့်ဖြူမိခင်နှင့်ကလေးကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းလည်း လူမှု ဝန်ထမ်းဦးစီးဌာနကို သတ်မှတ်ပုံစံများအတိုင်း လျှောက်ထားပြီးတော့မှ ပေးမယ်ဆိုလို့ရှိရင် ဌာနပိုင် စံပြမူလတန်းကြိုကျောင်းအဖြစ် လက်ခံနိုင်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက်စိစစ်ခြင်း အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၂၁-၅-၂၀၁၉ ရက်နေ့က တင်သွင်းခဲ့တဲ့ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက်စိစစ်ခြင်းအစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ကိုဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန် ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးမယ့်အကြောင်းအရာကတော့ ပြည်သူ့လွှတ်တော် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ဥပဒေပြုပြီးနောက်စိစစ်ခြင်း[Post-Legislative Scrutiny(PLS)]အစီရင်ခံစာအား ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆိုတာ ပြဋ္ဌာန်းပြီးဥပဒေရဲ့အနှစ်သာရများကို စနစ်တကျလေ့လာစိစစ်သုံးသပ်ပြီး မူလရည်ရွယ်ချက်

ပေါက်ရောက်မှု ဥပဒေရဲ့အားသာချက်၊ အားနည်းချက်များကို ဥပဒေရဲ့ Ingredient များဖြစ်တဲ့ တရားမျှတခြင်း၊ ကြာရှည်ခံခြင်း၊ အများလိုက်နာနိုင်ခြင်းရှိ/မရှိအပြင် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လည်းညီညွတ်ခြင်းရှိ/မရှိကို စီရင်ခြင်းဖြစ်တယ်လို့ အကြမ်းအားဖြင့် မှတ်ယူရမှာဖြစ်ပါတယ်။ ဥပဒေပြုပြီး နောက်စီရင်ခြင်းနှင့်ပတ်သက်ပြီး Westminster Foundation for Democracy (WFD)ရဲ့ ကူညီပံ့ပိုးမှုနဲ့ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတို့မှ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်းကိစ္စနှင့်ပတ်သက်ပြီး ပထမဆုံး အကောင်အထည်ဖော်တဲ့အတွက် အထူးပဲဂုဏ်ယူမိပါတယ်။ ဥပဒေပြုပြီး နောက်စိစစ်ခြင်းမှာလည်း အမှန်တကယ် လိုအပ်လျက်ရှိတဲ့ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ဥပဒေပြုပြီးနောက် စီရင်ခြင်းအတွက် အဓိက လိုအပ်တဲ့ ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ရွေးချယ်စိစစ်ရာမှာ ရည်ရွယ်ချက် လေးရပ်၊ လုပ်ငန်းစဉ် ၁၇ ရပ်နဲ့စိစစ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကော်မတီအနေနဲ့ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၂၁ ခုမှ အသင်းသားဦးရေ ၂၁၀ ဦးနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး လေ့လာ စိစစ်ဖော်ထုတ်ခဲ့ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဲဒီလိုစိစစ်ရာမှာ လေ့လာတွေ့ရှိချက် အကျဉ်း ၁၀ ချက်ကိုလည်း ဖော်ပြထားပြီး သုံးသပ်ချက်အနေနဲ့ ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေမှာ ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျက်ရှိသော ဥပဒေဖြစ်ပြီး ခေတ်စနစ်၊ လက်တွေ့မြေပြင်အနေအထား၊ အခက်အခဲ၊ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားပြီး ဥပဒေရဲ့မူလရည်ရွယ်ချက်များကို အပြည့်အဝ အာမခံ ဖော်ထုတ်နိုင်မယ့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် အထူးလိုအပ်ကြောင်း အကြံပြုထားတာကို တွေ့ရတဲ့အတွက် ကော်မတီရဲ့ဆောင်ရွက်ချက်ကို အထူးပဲထောက်ခံအပ်ပါတယ်။ လေ့လာတွေ့ရှိချက်(စ)တွင် ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ရှိမှုကို ဖော်ပြထားရာမှာ အချို့အသင်းသားများမှ လိုက်နာဆောင်ရွက်မှုအားနည်းပျက်ကွက်လျက်ရှိခြင်းဟူ၍ ဖော်ပြထားချက်ကို အနည်းငယ်ဖြည့်စွက် ဆွေးနွေးလိုတာကတော့ ချေးငွေထုတ်ချေးသူများအနေနဲ့ စာချုပ်စာတမ်းများပြုလုပ်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ထားသောကြောင့် မိမိအကြွေးအပြင် ပြန်မဆပ်တဲ့ချေးယူသူကိုယ်စား ချေးငွေအကြွေးကိုပါ ပေးဆပ်ရတဲ့အတွက် ဝန်ထုပ်ဝန်ပိုးပိုမိုလျက်

ရှိကြောင်းကိုလည်း အကြံပြုဆွေးနွေးလိုပါတယ်။ ထို့အပြင် ကော်မတီရဲ့သုံးသပ်ချက်ကိုလည်း လေးနက်စွာထောက်ခံအပ်ပါတယ်။

လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာမှာ ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေစာရင်းကိုဖော်ပြထားရာမှာ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုရှိပြီး ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အဲဒီလိုများပြားလှတဲ့ဥပဒေများကို PLS ဆောင်ရွက်ရန်အခက်အခဲရှိမှာဖြစ်တဲ့အတွက် အရေးကြီးဆုံး သော အများပြည်သူနှင့်သက်ဆိုင်သည့်ဥပဒေကို သက်ဆိုင်ရာရေးရာကော်မတီအလိုက် PLS ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ငွေကြေးကုန်ကျမှု၊ အချိန်ယူရမှု၊ ကြိုးစားအားထုတ်ရမှု စသည့်အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ရှိနေမည်ဖြစ်ကြောင်း အကြံပြုလိုပါတယ်။ လွှတ်တော်များအား ဥပဒေပြဋ္ဌာန်းရန်တာဝန်ရှိတဲ့အပြင် ဥပဒေဟာမျှော်မှန်းထားတဲ့ရလဒ်အား အောင်မြင်ပြည့်မီခြင်းရှိ/မရှိကိုလည်း အကဲဖြတ်ရန်တာဝန်ရှိနေတဲ့အတွက် PLS မှာ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း အကြံပြုလိုပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများမှာ PLS ဆောင်ရွက်ခြင်းကို ပုံစံအမျိုးမျိုးနဲ့ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် UK- United Kingdom Westminster Hluttaw ဖြစ်တဲ့အတွက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် House of Commons and House of Loses တွင် ကော်မတီအားလုံးမှာ PLS လုပ်ငန်းအား ဆောင်ရွက်ခွင့်ရှိပြီး လွှတ်တော်မှပြဋ္ဌာန်းလိုက်တဲ့ဥပဒေအား သုံးနှစ်မှငါးနှစ်အကြား စိစစ်ခြင်း၊ မှတ်တမ်းထုတ်ပြန်ခြင်းများကို ဆောင်ရွက်ရန်အတွက် ဥပဒေအရသတ်မှတ်ထားကြောင်း တွေ့ရှိရပါတယ်။ အဲဒါကြောင့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာဟာ ရေးရာကော်မတီများအတွက် လမ်းညွှန်မှုတစ်ခုဖြစ်တယ်လို့ ယူဆတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ထောက်ခံအကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် ခန်းမတွင်း

ရှိသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို ကြိုဆိုကြောင်းပဏာမပြောကြားလိုပါတယ်။ ကျွန်တော့်အား Power Point သုံးခွင့် ပေးပါခင်ဗျား။ ကော်မတီအနေနဲ့ ဒီဥပဒေကိုရွေးချယ်တဲ့နေရာမှာလည်း ရည်ရွယ်ချက်ကောင်း (၄)ချက်နဲ့ရွေးချယ်ခဲ့တာကို တွေ့ရှိရပါတယ်။ အခြေခံလူတန်းစားတွေရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချ နိုင်ဖို့၊ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်စေရန် အသေးစားစီးပွားရေးလုပ်ငန်းအနေနဲ့ အိမ်တွင်း စီးပွားရေးလုပ်ငန်းတွေ ဖန်တီးချဲ့ထွင်နိုင်ရန်၊ ခြွေတာစုဆောင်းတဲ့အလေ့အထတွေကို ပြုစုပေးနိုင်ရန် ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေရှိတဲ့ဥပဒေကို ရွေးချယ်တဲ့အတွက်ကြောင့် ကော်မတီရဲ့ရွေးချယ်မှု မှန်ကန်တယ်လို့ တင်ပြအပ်ပါတယ်။

ဒီအစီရင်ခံစာဖြစ်ပေါ်လာဖို့အတွက် ဥပဒေရဲ့နောက်ဆက်တွဲ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေနဲ့ပတ်သက်ပြီးတော့ လေ့လာခဲ့ကြောင်းနှင့် မြေပြင်ကွင်းဆင်း ခြင်းလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ကြောင်းသိရှိရပါတယ်။ ကော်မတီအနေနဲ့ ဒီဥပဒေနဲ့သက်ဆိုင်တဲ့ ကော်မတီများနဲ့ ဌာနဖွဲ့စည်းပုံအဆင့်ဆင့်ကို ရှင်းရှင်းလင်းလင်းကောင်းစွာသိရှိခဲ့သလို ဒီဥပဒေကြောင့် ဖြစ်လာတဲ့ အသေးစားငွေရေးကြေးရေးကြီးကြပ်မှုကော်မတီက ထုတ်ပြန်တဲ့ညွှန်ကြားချက်(၁၆)စောင်၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ ထုတ်ပြန်တဲ့ ညွှန်ကြားချက် (၃)စောင် စုစုပေါင်း(၁၉)စောင်ကိုလည်း အသေးစိတ်သိရှိလေ့လာဆွေးနွေးခဲ့ကြတာကို အစီရင်ခံစာ အရ သိရှိရပါတယ်။ ဒီလိုလွှတ်တော်တွင်း ဆောင်ရွက်ခဲ့တဲ့ စိစစ်တွေ့ရှိချက်တွေအပြင် မြေပြင် ကွင်းဆင်းလေ့လာမှုများကိုတော့ West Minister Foundation for Democracy ရဲ့ ကူညီပံ့ပိုးမှုနဲ့ လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့တာကို သိရှိရပါတယ်။ ဒီလိုဆောင်ရွက်မှုတွေက နေပြီးတော့ စိစစ်လေ့လာတွေ့ရှိချက်ကို ဖော်ထုတ်နိုင်ခဲ့တာကိုတွေ့ရှိရပါတယ်။

အချုပ်အားဖြင့် တွေ့ရှိချက်များကိုကြည့်ခြင်းအားဖြင့် ဥပဒေရေးဆွဲစဉ်က ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကောင်းစွာမဖြည့်ဆည်းနိုင်သေးတာကို သိရှိလာရပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ဥပဒေရဲ့အားနည်းချက်၊ အားသာချက်ကိုသိရှိပြီး ပြည်သူများအတွက် အမှန်

တကယ် အကျိုးပြုမယ့် ဥပဒေကောင်းတစ်ရပ်အဖြစ် ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ဖော်ပြထားတဲ့အတွက် ကော်မတီရဲ့စွမ်းဆောင်မှုကို ကျေနပ်မိပါတယ်။ ကျန်ကော်မတီအသီးသီး အတွက်လည်း ဥပဒေပြုပြီးနောက်ပိုင်း စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်ပါက ယခုအစီရင်ခံစာပါ အားနည်းချက်၊ အားသာချက်များကို သိရှိပြီး အထောက်အကူဖြစ်စေလိုတဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက် နိုင်ပါရန် တိုက်တွန်းထားတာကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအသီးသီးက PLS လုပ်ငန်းစဉ် တွေကို ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ကော်မတီအသီးသီးအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့ အစည်းတွေရဲ့ဖွဲ့စည်းပုံ၊ ဥပဒေရဲ့နောက်ဆက်တွဲများဖြစ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကို ပြည့်ပြည့်စုံစုံသိရှိဖို့လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်ခွင့်ကိုအပ်နှင်းနိုင်သည်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ (၂)မှာ ဆိုရင် သက်ဆိုင်ရာအဖွဲ့ အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့်အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကိုအပ်နှင်းနိုင်သည်လို့ ဖော်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်က အပ်နှင်းနိုင်သည်ဟု ဖော်ပြထားသောကြောင့် ဥပဒေမှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေကို အပ်နှင်းခြင်းဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ဆုံးဖြတ်ချက် ဖြစ်ပါတယ်။ တစ်ဖန် ၉၇(င)မှာဆိုရင် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်း တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ပုဒ်မခွဲ(ဂ) သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကို ထိခိုက်ခြင်းမရှိစေရလို့ဖော်ပြထားရာ အပ်နှင်းပြီးနောက်ပိုင်းဖြစ်ပေါ်လာတဲ့အခြေအနေတွေ က ပြည်ထောင်စုလွှတ်တော်မှာ တာဝန်ရှိတယ်လို့ခံစားရပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်ကနေထုတ်ပြန်တဲ့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုလွှတ်တော်သို့ အချိန်နှင့် တစ်ပြေးညီပေးပို့လာပါက သက်ဆိုင်ရာကော်မတီအသီးသီးသည် လွှတ်တော်တွင်း၌ပင် သက်ဆိုင်ရာ ဥပဒေအသီးသီးအတွက် ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းတစ်စိတ်တစ်ဒေသကို ကောင်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လွှတ်တော်ရဲ့ Check and Balance (အပြန်အလှန်ထိန်းညှိခြင်း)

လုပ်ငန်းစဉ်ကိုလည်း အားကောင်းစေမှာဖြစ်ပါတယ်။ လိုအပ်တဲ့အချိန်မှာတော့ မြေပြင်ကွင်းဆင်းခြင်း လုပ်ငန်းများကို လုပ်ဆောင်ရန်ဖြစ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ကော်မတီ၏အစီရင်ခံစာပါ ယုံကြည်မျှော်လင့်ချက်အတိုင်း ခိုင်မာအားကောင်းသောဥပဒေများပေါ်ထွက်လာပြီး ဥပဒေပြုမဏ္ဍိုင် အတွက် အထောက်အကူကောင်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သောကြောင့် အစီရင်ခံစာအား ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖိတ်ခေါ် ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော် ဘဏ်များနှင့် ငွေရေးကြေးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ဥပဒေပြုပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်း အစီရင်ခံစာ အပေါ်မှာ အနည်းငယ်ရှင်းလင်းဆွေးနွေးလိုပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေနဲ့ ဝင်ငွေနည်းပြည်သူလူထုများကို ဆင်းရဲ မှုလျှော့ချနိုင်စေရေးနှင့် ၎င်းတို့ရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် အဓိကကျတဲ့ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ရွေးချယ်ပြီးတော့ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ချေးငွေရယူထားတဲ့အသင်းဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကတာဝန်ရှိအရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံစာရင်းကောက်ယူခြင်း များ၊ မေးခွန်းများမေးမြန်းခြင်းများ၊ လုပ်ငန်းစဉ်များကို ရန်ကုန်၊ ပုသိမ်၊ မန္တလေး၊ တောင်ငူမြို့တွေမှာ ၂၀၁၈ ခုနှစ် ဖွန်လအတွင်းက ကွင်းဆင်းပြီးတော့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းပေါင်း ၂၁ ဖွဲ့ရဲ့အသင်းသား ၂၁၀ ကိုလည်း တွေ့ဆုံပြီးတော့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေရဲ့ စည်းနှောင်မှုအားအခြေအနေကိုလိုက်နာကျင့်သုံးတဲ့နေရာမှာ တွေ့ကြုံရတဲ့အခက်အခဲတွေ၊ ဥပဒေရဲ့ နောက်ဆက်တွဲ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို လေ့လာဖော်ထုတ်ပြီးတော့မှ အစီရင်ခံ တင်ပြထားတာ ဖြစ်ပါ တယ်။ အစီရင်ခံစာတင်ပြတဲ့ကော်မတီနဲ့ ဆွေးနွေးကြသူလွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီဥပဒေကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တုန်းက ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ နဲ့ ပြဋ္ဌာန်းခဲ့ပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီးတော့ စီမံခန့်ခွဲနေတဲ့ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကို စီမံခန့်ခွဲဖို့အတွက်ကိုလည်း ဝန်ကြီးဌာနရဲ့လက်အောက်မှာ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ညွှန်ကြားရေးမှူးချုပ်တစ်ယောက်ဦးစီးပြီးတော့ ဖွဲ့စည်းထားတာရှိပါတယ်။ ဥပဒေရဲ့ရည်ရွယ်ချက်များမှာပါတဲ့အတိုင်းပဲ အခြေခံလူတန်းစားတွေရဲ့ဆင်းရဲမှုကိုလျှော့ချရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အလတ်စားနှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ တိုးချဲ့ဖန်တီးနိုင်ရေးနဲ့ အသင်းဝင်တွေရဲ့ခြွေတာစုဆောင်းတဲ့ အလေ့အကျင့်တွေရရှိစေရေးတို့အပြင်ကို တရားမဝင်ငွေတိုးခြစားမှုတွေ ပပျောက်စေပြီးတော့ ဥပဒေနှင့်အညီ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူပြီးတော့ တရားဝင်ချေးငွေလုပ်ငန်းများဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ရည်ရွယ်ချက်များကိုဖော်ဆောင်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အသေးစားငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတွေနဲ့ ဒီကော်မတီကိုအထောက်အကူပြုဖို့ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာလည်း ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ယခုအခါမှာ စုစုပေါင်း ၁၈၁ ဖွဲ့ဟာ မြို့နယ်ပေါင်း ၂၄၂ မြို့နယ်၊ ရပ်ကွက်ပေါင်း ၁၉၉၅ ရပ်ကွက်နဲ့ ကျေးရွာပေါင်း ၂၂၈၉၃ ရွာမှာ လုပ်ငန်းဆောင်ရွက်နေတဲ့အခြေအနေဖြစ်ပါတယ်။ ကော်မတီကနေပြီးတော့ အစီရင်ခံအကြံပြုတင်ပြထားတဲ့အချက်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနက ဆောင်ရွက်နေဆဲလုပ်ငန်းများလည်းရှိသလို ဆက်လက်ပြီးတော့ ဆောင်ရွက်သင့်တဲ့လုပ်ငန်းများကို ဆောင်ရွက်ရမယ့်လုပ်ငန်းများလည်း ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကနေပြီးတော့ ယှဉ်ပြိုင်မှု၊ ဈေးကွက်လုယူမှုတွေမဖြစ်ပေါ်စေဖို့ အသင်းသားတွေ အကြွေးနွံနစ်မှုမရှိစေဖို့၊ လုပ်ငန်းတွေ ထပ်မနေဖို့အတွက်ကို ရန်ကုန်တို့၊ မန္တလေးတို့မှာ အသင်းအဖွဲ့တွေများနေပြီဖြစ်တဲ့အတွက်ကြောင့် နယ်မြေတွေမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလလောက်ကစပြီးတော့ လုပ်ငန်းကိုလည်း ခေတ္တရပ်ဆိုင်းထားပြီးတော့မှ ဆက်လက်တိုးချဲ့ခွင့်မပြုဘဲနဲ့ ကျန်တဲ့လိုအပ်တဲ့နေရာတွေမှာ လုပ်ကိုင်ဖို့ လိုင်စင်ခွင့်ပြုပေး တာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အသင်းသားတွေကို ဥပဒေနှင့်အညီ ကာကွယ်ပေးဖို့ အတွက်တွေကိုလည်း ပုံမှန်တစ်နှစ်ကိုနှစ်ကြိမ်နဲ့ Onside နဲ့ Offside စစ်ဆေးခြင်း

များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ဝန်ထမ်းများ၊ စွမ်းရည်မြှင့်တင်ရေးကိစ္စများကိုလည်းပဲ UNCD ရဲ့ ADB တို့ရဲ့အကူအညီနဲ့သင်တန်းများပို့ချခြင်းတွေ၊ Website Supervision Manual တို့၊ Offside Reporting Manual Format တို့လည်း ပြုစုပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Information Sharing System ထောင်ဖို့ကိစ္စ၊ Credit Bureau ထောင်ဖို့ကိစ္စများကိုလည်းပဲ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ညှိနှိုင်းပြီးတော့ အနာဂတ်အတွက်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ Cooperative Saving နဲ့ Voluntary Saving တွေမှာလည်းပဲ ညွှန်ကြားချက် ထပ်မံထုတ်ပြန် ပြီးတော့ ဆောင်ရွက်ဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ အမျိုးမျိုးကောက်ခံနေတဲ့ အခကြေးငွေကြီး များကိုလည်းပဲ ကျွန်တော်တို့ သတ်မှတ်ချက်နှင့်အညီ ကောက်ခံဖို့အတွက်ကို ထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပဒေသစ်ရေးဆွဲမယ့် ကိစ္စမှာလည်းပဲ မူကြမ်းတွေပြုစုရေးဆွဲပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်များ၊ ကျန်တဲ့သက်ဆိုင်ရာဌာနအသီးသီးရဲ့ သဘောထားမှတ်ချက်များ၊ Public Consultation များလုပ်ပြီးရင် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီးတော့ ပြဋ္ဌာန်းဖို့လည်း ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုလွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်ပြတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ အပေါ်မှာ ဥပဒေပြုပြီးနောက် စိစစ်သုံးသပ်မှုအစီရင်ခံစာပါအချက်များဟာ အသေးစားငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းပြီးတော့ ဆက်လက်ဆောင်ရွက်သင့်တဲ့ ကိစ္စများဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့ ဆောင်ရွက်နေဆဲကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်ပြီးတော့ ဆောင်ရွက်ရန်ကျန်နေတဲ့ကိစ္စများ ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် အစီရင်ခံခြင်းနှင့် ကျွန်မတို့ကော်မတီရဲ့အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးမှာ တင်သွင်းခွင့်ပြုတဲ့အတွက်ကြောင့်မို့လို့ ပဏာမဦးစွာ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒုတိယအနေနဲ့ကတော့ ဒီနေ့ ကျွန်မတို့

အစီရင်ခံစာရဲ့အပေါ်မှာ စိတ်ပါဝင်စားစွာနဲ့ဆွေးနွေးပေးတဲ့ ကျွန်မတို့ရဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဒီအစီရင်ခံစာကို တစ်နှစ်ခွဲကျော်ကြာ ကြိုးစားအားထုတ်ပြီးတော့မှ ဒီကနေ့ ပြည်သူ့လွှတ်တော်ကြီးမှာ တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့လည်း ဒီအစီရင်ခံစာမှာ အကျယ်တဝံ့တင်ပြီးတော့ ရေးသားထားတဲ့အတိုင်းပါပဲ။ အဲဒီတော့ နောင်မှာ ပြည်သူ့လွှတ်တော်ထဲမှာ PLS လုပ်ငန်းစဉ်ကိုဆောင်ရွက်မယ့်ကော်မတီများအတွက်ကိုလည်း ဒီအစီရင်ခံစာဟာ အထောက်အကူပြုမယ့် အစီရင်ခံစာတစ်ရပ်အနေနဲ့လည်း ကျွန်မတို့မျှော်လင့်ပါတယ်။

အဲဒီတော့ ကျွန်မတို့ရဲ့ ဒီ PLS လုပ်ငန်းစဉ်မှာ နောက်ဆုံးအဆင့်ဖြစ်တဲ့ ဥပဒေပြုပြီးတဲ့နောက်မှာ ဒီဥပဒေကိုပြင်ဆင်ဖို့ရာ အခုဆောင်ရွက်နေပါတယ်။ အဲဒီတော့ ဒီဥပဒေ ဒီအသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေအသစ်ကိုလည်း မကြာခင်လွှတ်တော်ကြီးမှာ တင်သွင်းနိုင်အောင်အတွက်လည်း ကြိုးစားပြီးတော့ဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပုဂ္ဂိုလ်များနှင့် အကြေအလည်တွေညှိနှိုင်းနေပါတယ်။ အဲဒီတော့ မကြာခင်မှာလည်း တင်သွင်းနိုင်မယ်လို့ ကျွန်မတို့မျှော်လင့်ထားပါတယ်။

အဲဒီတော့ ကျွန်မအနေနဲ့ လေးစားစွာဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဒီဥပဒေကြီးကိုဆွေးနွေးတဲ့အချိန်မှာ အားလုံးဝိုင်းဝန်းပြီးတော့ ပါဝင်ဆောင်ရွက်ပြီးတော့ ဆွေးနွေးပေးပါ။ ဒီယခင်ဥပဒေကိုစိစစ်ပြီးတဲ့နောက်မှာ အားသာချက်တွေ၊ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ၊ ပြဿနာတွေ၊ စိန်ခေါ်မှုတွေကို ဒီထဲမှာဘယ်လိုပြင်ဆင်ပြီးတဲ့နောက်မှာ အင်မတန်ကောင်းမွန်တဲ့ဥပဒေတစ်ရပ်၊ ပြီးပြည့်စုံတဲ့ ဥပဒေတစ်ရပ်အဖြစ် လွှတ်တော်ထဲမှာတင်သွင်းနိုင်အောင်အတွက် ကျွန်မတို့ကြိုးစားနေခြင်းဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီဥပဒေကို လွှတ်တော်မှာတင်သွင်းတဲ့အခါမှာလည်း အားလုံးကနေပြီးတော့ ဝိုင်းဝန်း ဆွေးနွေးပေးပါလို့ ကျွန်မအနေနဲ့တင်ပြရင်း အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

# ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကိုဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(အတွင်းရေးမှူး၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တင်သွင်းခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် ကော်မတီကိုယ်စား ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီကအစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းလွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)ကို ၈-၅-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဆုမွန်ကြောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)ကို အမျိုးသားလွှတ်တော်မှ ၂၉-၄-၂၀၁၉ ရက်နေ့မှာ စတင်တင်သွင်းခဲ့ပြီး ၈-၅-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် အမျိုးသားလွှတ်တော်ရဲ့ ၅-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉-၂၀၃ နှင့် ပေးပို့လာပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရင်းနှီး

မြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအပေါ် အခြေခံပြီး ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(က) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ၏လိုအပ်ချက်အရ ဖွဲ့စည်းပေါ်ပေါက်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနရှိ ဦးစီးဌာနတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လက်ရှိတာဝန်ယူလျက်ရှိသည့် အခြေအနေတို့နှင့် ကိုက်ညီမှုရှိရန် လိုအပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုအဖြစ် တာဝန်ယူဆောင် ရွက်လျက်ရှိခြင်း၊

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေမှ အသုံးပြုခြင်းတို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၁၃-၅-၂၀၁၉ ရက် (တနင်္လာနေ့)တွင် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့် ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များဖြစ်တဲ့ အပိုဒ် ၁၊ အပိုဒ် ၂ ပုဒ်မခွဲ၂ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်ခြင်းနှင့် အပိုဒ် ၃ ပုဒ်မ ၉၉ ခြေဆင်းကို ပြင်ဆင်ခြင်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြု ချက်များအတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် သဘောတူခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉ - ၉၅

ရက် စွဲ၊ ၂ ၀ ၁ ၉ ခုနှစ်၊ မေ လ ၂ ၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၂၀၁၉) နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီအရင်ခံစာတင်ပြခြင်း

ရည်ညွှန်းချက်။ အမျိုးသားလွှတ်တော်၏ ၈-၅-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၉-၂၀၃

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို အမျိုးသားလွှတ်တော်၌ ၂၉-၄-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၈-၅-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ၏လိုအပ်ချက်အရ ဖွဲ့စည်းပေါ်ပေါက်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး

ဌာနရှိ ဦးစီးဌာနတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လက်ရှိတာဝန်ယူလျက်ရှိသည့် အခြေအနေတို့နှင့် ကိုက်ညီမှုရှိရန် လိုအပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိခြင်း၊

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေမှ အသုံးပြုခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၅-၂၀၁၉ ရက် (တနင်္လာနေ့) တွင် ညှိနှိုင်းအစည်းဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့် ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များဖြစ်သည့် အပိုဒ် ၁၊ အပိုဒ် ၂ ပုဒ်မခွဲ၂ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်ခြင်းနှင့် အပိုဒ် ၃ ပုဒ်မ ၉၉ ခြေဆင်းကို ပြင်ဆင်ခြင်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန်သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၈-၅-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ် တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ (၂၂-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားသော မြန်မာနိုင်ငံတွင် လျှပ်စစ် နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာ ရရှိရေးဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ် ၁၇ ဦးရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ အဆိုအပေါ်ဆွေးနွေးရာမှာ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆွေးနွေးဆဲအဆိုနှင့် အတိအကျသက်ဆိုင်တဲ့ ကိစ္စရပ်များကိုသာ ဆွေးနွေးဖို့ ကြိုတင်အသိပေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ ဆိပ်ကမ်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းထားတဲ့အဆိုကို ထောက်ခံ ဆွေးနွေးမည့် ဆိပ်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို ရေစွမ်းအား၊ လေစွမ်းအား၊ နေစွမ်းအားတွေ၊ ကျောက်မီးသွေးတွေနှင့် ထုတ်ယူ နိုင်ပါတယ်။ အခု ကျွန်တော်ဆွေးနွေးမှာက ရေအားလျှပ်စစ်နှင့်ထုတ်လုပ်မှုကို ဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပေးပါခင်ဗျား။ ရေအားလျှပ်စစ်နှင့်ထုတ်လုပ်မည်ဆိုရင် ဖော်ပြပါအကျိုးကျေးဇူးများကို ပိုမိုခံစားရမှာဖြစ်ပါတယ်ခင်ဗျား။ ဖော်ပြပါဇယားတွင်ပါရှိသော ၁၁

ချက်ဟာ ရေအားလျှပ်စစ်ရဲ့ အားသာချက်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝလက်ဆောင်များ ပေးထားတဲ့ ရေချိုပမာဏဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာ အများဆုံးပိုင်ဆိုင်ထားတဲ့ နိုင်ငံဖြစ် ပါတယ်။ လျှပ်စစ်ထုတ်ယူရေးကို တကယ်လုပ်သင့်လုပ်ထိုက်ပြီး ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်တပ်ဆင်အင်အားကလည်း ၄၆၀၀၀ မဂ္ဂါဝပ်ခန့် ပိုင်ဆိုင်ထားတယ်ဆိုတာ ပညာရှင်များ ရဲ့တွက်ချက်မှုအရ သိရှိရပါတယ်။ ဒီအထဲကမှ ယနေ့မြန်မာနိုင်ငံတစ်နိုင်ငံလုံးဟာ ရေအားလျှပ်စစ် ထုတ်ယူနိုင်မှုမှာ မဂ္ဂါဝပ် ၃၂၂၁ သာရှိပါတယ်။ ဒါဟာဘာကိုပြနေသလဲဆိုတော့ ဘက်စုံအားနည်းချက် တွေရှိနေတယ်ဆိုတာကို ပြချင်တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအချို့မှာ သူတို့မှာရှိတဲ့ ရေအားလျှပ်စစ် အရင်းအမြစ်တွေပေါ်ကနေ ပြီးတော့ ဘယ်လောက်ထိထုတ်ယူသုံးစွဲသလဲဆိုတာ နမူနာတချို့ထုတ်ပြရလျှင် အမေရိကန်နိုင်ငံ ၅၄ ရာခိုင်နှုန်း၊ ဗီယက်နာမ်က ၄၉ ရာခိုင်နှုန်း၊ လာအိုက ၃၅ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံက ၂၂ ရာခိုင်နှုန်း၊ အိန္ဒိယက ၂၁ ရာခိုင်နှုန်း၊ ပါကစ္စတန်က ၁၄ ရာခိုင်နှုန်း၊ ကျွန်တော်တို့ မြန်မာနိုင်ငံက ၄ ရာခိုင်နှုန်း သုံးစွဲထားတာ တွေ့ရှိရပါတယ်။ ဘူတန်နိုင်ငံ၊ အယ်လ်ဘေးနီးယားနိုင်ငံ၊ လီဆိုနိုင်ငံ၊ ပါရာဂွေးနိုင်ငံ တို့ဟာ သူ့ဓာတ်အားလိုအပ်ချက်ရဲ့ ၁၀၀ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်နဲ့ပဲသုံးပါတယ်။ နော်ဝေး၊ နယူးဇီလန်၊ အိုက်စလန်တို့ဟာ ၉၀ ရာခိုင်နှုန်းကျော်ထိ ရေအားလျှပ်စစ်နဲ့ဓာတ်အားသုံးစွဲကြပါတယ်။

မြန်မာ့ရေအားလျှပ်စစ်ကို သုံးပိုင်းခွဲပြီးပြပါမယ်။ ပထမပိုင်းက လက်ရှိရေအားဓာတ်အားပေး စက်ရုံက ၂၇ ရုံ၊ တပ်ဆင်စက်အင်အားက ၃၂၂၁ မဂ္ဂါဝပ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်ရေအားထုတ်လုပ်မှု ၁၁၁၅၃ ယူနစ်သန်းပေါင်းဖြစ်ပါတယ်။ အဲဒီတော့ ဒုတိယပိုင်းအနေနဲ့က လက်ရှိဆောင်ရွက်ဆဲက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ တပ်ဆင်အင်အားမဂ္ဂါဝပ် စုစုပေါင်း ၁၅၄၂.၄ နှစ်စဉ် ထုတ်လုပ်မှုယူနစ်သန်းပေါင်းက ၅၆၃၅.၄ ဖြစ်ပါတယ်။ အထက်ဖော်ပါပါ စီမံကိန်းများဟာ ရန်ပုံငွေမရ၍ ကြန့်ကြာခြင်း၊ ဖက်စပ်ဆောင်ရွက်မည့် ရှေလီ ၃ ကိစ္စကြန့်ကြာနေခြင်း၊ ပုဂ္ဂလိက စီမံကိန်းတွေလည်း ဈေးငွေဆိုင်ရာအခက်အခဲကြုံတွေ့နေခြင်း စသည့်အကြောင်းပေါင်းများစွာနဲ့ ကြန့်ကြာနေတာတွေ ရှိနေပါတယ်။ ဒီစီမံကိန်းတွေကို အားထည့်လုပ်ရင် ၃ နှစ်မှ ၇ နှစ်အတွင်း ပြီးစီး မှာပါ။ ဆက်လက်ပြီးတော့ နိုင်ငံအတွင်းမှာ လုပ်သင့်လုပ်ထိုက်ပြီး အမြန်ဆုံး ဓာတ်အားရရှိနိုင်တဲ့ စီမံကိန်းတွေကို တတိယပိုင်းအနေဖြင့် အောက်ပါဇယားအတိုင်း ဖော်ပြလိုက်ပါတယ်။ ဆောင်ရွက်ရန်

အဆင်သင့်ဖြစ်နေသော စီမံကိန်းများဟာ တပ်ဆင်အင်အားစုစုပေါင်း ၄၅၄၀ မဂ္ဂါဝပ်၊ နှစ်စဉ်ထုတ်လုပ်မှုယူနစ်သန်းပေါင်း ၂၂၈၂၁ ဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်နေဆဲနဲ့ ဆောင်ရွက်သင့် ဆောင်ရွက်ရန်အဆင်သင့်ဖြစ်နေတဲ့ စီမံကိန်းတွေဟာ လောလောဆယ်မှာ ၁၄ ခုရှိပါတယ်။ ဒီ ၁၄ ခုထဲမှာ ၅ ခုလောက်ဟာ ငါးနှစ်အတွင်းပြီးစီးနိုင်သလို ကျန်ကိုးခုဟာလည်း ခြောက်နှစ်၊ ခုနှစ်နှစ်အတွင်းမှာ ပြီးစီးနိုင်တဲ့အခြေအနေတွေ ရှိနေတယ်ဆိုတာလေ့လာသိရှိရပါတယ်။ ဒီစီမံကိန်းတွေပြီးစီးရင် တိုင်းရင်းသားဒေသတွေရော တစ်နိုင်ငံလုံးပါ ဓာတ်အားနှစ်ဆခွဲလောက် တိုးတက်ရရှိမှာဖြစ်လို့ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများအကျိုး၊ နိုင်ငံ့အကျိုး နှစ်ဖက်အကျိုးရှိကြမယ့်ကိစ္စတွေဖြစ်ပါတယ်။

ဒီဖော်ပြခဲ့တဲ့ စီမံကိန်းတွေထဲမှာ ဒေသငြိမ်းငြိမ်းချမ်းချမ်းရှိနေတဲ့ စီမံကိန်းတွေလည်းပါနေပါတယ်။ ဒါတွေကိုသာ အားထည့်ပြီးလုပ်နိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ရေအားလျှပ်စစ်တပ်ဆင်အင်အားဟာ ၉၃၀၃ မဂ္ဂါဝပ်ထိရှိလာမှာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ ခုနစ်နှစ်အတွင်း ပြီးအောင်လုပ်နိုင်မယ်ဆိုရင် ရေအားလျှပ်စစ်နဲ့ဓာတ်အားထုတ်လုပ်မှုဟာ ဖော်ပြပါအတိုင်း ဖြစ်ပေါ်လာမှာပါ။ ရေအားလျှပ်စစ် လက်ရှိ တပ်ဆင်အင်အားမှာ ၃၂၂၁ မဂ္ဂါဝပ်၊ နှစ်စဉ်ထုတ်လုပ်မှု ၁၁၁၅၃ ယူနစ်သန်း၊ ရေအားလျှပ်စစ်ဆောင်ရွက်ဆဲ တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၅၄.၄၊ နှစ်စဉ်ထုတ်လုပ်မှုယူနစ်သန်းဟာ၊ ၅၆၃၅.၄ ရေအားလျှပ်စစ် ဆောင်ရွက်သင့်သည်များ မဂ္ဂါဝပ်ဟာ ၄၅၄၀၊ ကျွန်တော်တို့ နှစ်စဉ်ထုတ်လုပ်မှုယူနစ်သန်းက ၂၂၈၁၂ ဖြစ်ပါတယ်။ ပေါင်း ၉၃၀၃.၄ မဂ္ဂါဝပ်ရှိပါတယ်။ နှစ်စဉ်ထုတ်လုပ်မှုယူနစ်သန်း ၃၉၆၀၀.၄ ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ တပ်ဆင်အင်အား မဂ္ဂါဝပ်က ၉၃၀၃.၄ နှင့် နှစ်စဉ်ထုတ်လုပ်မှုယူနစ်သန်းက ၃၉၆၀၀.၄ ပမာဏဟာ သက်ဆိုင်ရာကာလများမှာ လိုအပ်လာမယ့်နိုင်ငံတော်ဓာတ်အားပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ဒီလိုဖြည့်ဆည်းပေးနိုင်ရင် ဓာတ်အားတစ်ယူနစ်ထုတ်လုပ်မှုစရိတ်ဟာ အမေရိကန်ဒေါ်လာ ခြောက်ဆင့်အောက်မှာပဲရှိနေမှာ ဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ပြန်ပြည့်မြဲဖြစ်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း ရေအားလျှပ်စစ်ကို ဦးစားပေးထုတ်ယူအသုံးပြုရေး အားထည့်ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၏ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်းပြည့်ဝစွာ ရရှိရေး

နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် တိကျခိုင်မာသောမူဝါဒလမ်းညွှန်မှုဖြင့်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်ကတင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၃၀ ခုနှစ်၊ လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း အပြည့်အဝရရှိဖို့ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး စွမ်းအင်အရင်းအမြစ် ၁၀ မျိုးရှိတဲ့အထဲမှာ ဘယ်စွမ်းအင်၊ ဘယ်အရင်းအမြစ်တွေကို ဘယ်လိုအချိုးအစားနဲ့ ဦးစားပေးပြီး ထုတ်လုပ်သွားသင့်တယ်ဆိုတာကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ထုတ်လုပ်မှုစရိတ်က တစ်ယူနစ်ကို ကျပ်ငွေ ၁၀၀ ကျော်နေလို့ နှစ်စဉ် ဘီလီယံကျပ်ငွေရာဂဏန်းနဲ့ချီပြီး အရှုံးပေါ်နေတယ်လို့ သိရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဓာတ်အားတိုးချဲ့မယ်ဆိုရင် ထုတ်လုပ်ခသက်သာတဲ့ အရင်းအမြစ်တွေကို ဦးစားပေးပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အသက်သာဆုံးကတော့ ရေအားလျှပ်စစ်နဲ့ ချူကလီးယားဖြစ်ပါတယ်။ ချူကလီးယားကတော့ ကျွန်တော်တို့ လက်လှမ်းမမီသေးပါဘူး။ လျှပ်စစ်ကတော့ ဖြစ်နိုင်ခြေ မဂ္ဂါဝပ် လေးသောင်းကျော်ရှိတဲ့အတွက် ဘေးကင်း၊ ရန်ကင်းနဲ့ အလတ်စားစက်ရုံတွေ မဂ္ဂါဝပ်တစ်သောင်းခန့်လောက်တော့ အေးအေးဆေးဆေး ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒုတိယအသက်သာဆုံးနဲ့ အခြေအနေအကောင်းဆုံးကတော့ ကျောက်မီးသွေးပဲဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေမှာ ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေးကို ကန့်ကွက်ဆန္ဒပြတဲ့ တချို့သော ပြည်သူ့အသံကလည်းရှိနေပါတယ်။ ဝန်ကြီးဌာနကလည်း စရိတ်ကြီးတဲ့ L.Energy သဘာဝဓာတ်ငွေ့ကို ဦးစားပေးနေတာ တွေ့ရပါတယ်။ ၂၀၃၀ ခုနှစ်အတွက် လိုအပ်တဲ့ဓာတ်အားတွေကို ဒီနည်းအတိုင်းဆက်သွားနေရင်တော့ ဓာတ်အားခတွေ အဆမတန်တက်သွားပြီး အခက်တွေ့မှာသေချာပါတယ်။ ဒီကိစ္စမှာ ပြည်သူတွေကစိုးရိမ်လို့ ဒီအသံတွေထွက်တယ်ဆိုတာ သဘောပေါက်စာနာနားလည်မိပါတယ်။ ဒါပေမဲ့ အခုခေတ်မှာ EIA, SIA စတဲ့ အပြည့်ပြည့်

ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ ပွင့်လင်းမြင်သာစွာလုပ်ရတဲ့ခေတ်ဖြစ်လို့မို့ စိုးရိမ်ပူပန်စရာ မလိုပါဘူး။ ဌာနဆိုင်ရာကလည်း ထိန်းထိန်းသိမ်းသိမ်း မျှမျှတတဆောင်ရွက်ဖို့လိုသလို မိမိပြည်သူတွေကိုလည်း သဘောပေါက်အောင် အသိပေးစည်းရုံးကြဖို့ တာဝန်ရှိသူများအားလုံးက ဆောင်ရွက်ကြဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ဗီယက်နမ်နိုင်ငံရဲ့ ၂၀၃၀ စီမံချက်ဖြစ်ပါတယ်။ အနီရောင်ကတော့ ကျောက်မီးသွေးကထုတ်လုပ်မှု ၅၃ ရာခိုင်နှုန်း၊ အပြာရောင်က ရေအားလျှပ်စစ်ကထုတ်လုပ်မှု ၁၈ ရာခိုင်နှုန်း၊ အစိမ်းနုရောင်က LNG ထုတ်လုပ်မှု ၁၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကျန်တာတွေကတော့ လေအား၊ နေအားနဲ့ ဇီဝလောင်စာ ပါဝင်မှုရာခိုင်နှုန်း ဖြစ်ပါတယ်။ သူတို့ဆီက Generation Mix မှာ ကျောက်မီးသွေးကအများဆုံးဖြစ်ပြီး ရေအားနဲ့ LNG ကဆတူလောက်ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ရေအားကလည်းဖြစ်နိုင်ခြေကောင်းတဲ့အတွက် ရေအားနဲ့ကျောက်မီးသွေးကို ဆတူလောက်ထားပြီး LNG ကတော့ အနည်းစုဖြစ်သင့်ပါတယ်။ LNG ကထုတ်လုပ်မှုပိုများနေရင်တော့ အဲဒါ Generation Mass ပြောင်းပြန်ဖြစ်နေတယ်လို့ ပြောလို့ရပါတယ်။ ဒါကတော့ ထုတ်လုပ်မှုစရိတ်ဖြစ်ပါတယ်။ ရေအားအကြီးစားမဟုတ်ရင်တော့ စရိတ်က ကျောက်မီးသွေးနဲ့ အတူလောက်ပဲဖြစ်ပါတယ်။ အသုံးများတဲ့ အရင်းအမြစ်သုံးမျိုးမှာ LNG ကစရိတ်အကြီးဆုံးဖြစ်ပါတယ်။ ဒါကတော့ CO2 ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လုပ်မှုဇယားဖြစ်ပါတယ်။ အတိုးတက်ဆုံးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အမေရိကန်နိုင်ငံတွေမှာ ၂၀ ရာခိုင်နှုန်းကထုတ်လုပ်နေကြပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ CO2 ထုတ်လုပ်မှုဟာ ၀.၁ ရာခိုင်နှုန်းပဲရှိတဲ့အတွက် အဆ ၂၀၀ ခန့်နည်းနေသေးတာကို တွေ့ရပါတယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကျောက်မီးသွေးတန်ချိန် Old Results ဖြစ်ပါတယ်။ ဒါကတော့ စက်ရုံတည်ဆောက်ကာလဖြစ်ပါတယ်။ စက်ရုံတည်ဆောက်ချိန် ကြာခြင်းမကြာခြင်းကအဓိကမကျဘဲ ထုတ်လုပ်မှုစရိတ်သက်သာဖို့က အဓိကကျတာဖြစ်ပါတယ်။ သို့ပါ၍ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်မြင့်(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊

ညှော်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ အမရပူရ မဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဈေးနှုန်းသက်သာ၍ အရည်အသွေး ကောင်းမွန်သော လုံခြုံစိတ်ချရသည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုအလားအလာ မဂ္ဂါဝပ် ၁၀၀၀၀၀ ရှိနေတဲ့အတွက် ရေအားလျှပ်စစ်ကို တိုးတက် ထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်ထုတ်လုပ်နိုင်မှုမှာ ဈေးနှုန်းဒုတိယအသက်သာဆုံးဖြစ်ပြီး နည်းပညာ တိုးတက်မှုကြောင့် လူမှုနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် Clean Coal Power Plant ဆောင်ရွက်နိုင်ရေး၊ ဈေးကွက်စည်းဝိုင်းနှင့်အညီ ပုဂ္ဂလိကကဏ္ဍကိုလည်း အားပေးမြှင့်တင်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့အဆိုကို တင်သွင်းထားတာ တွေ့ရပါတယ်။ လျှပ်စစ်ထုတ်လုပ်ရေးမှာ Base Load Generation ဟာအလွန်အရေးကြီးပါတယ်။ တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်ချက်ဝန်အားကို တစ်သမတ်တည်းရှိနေပြီး ၂၄ နာရီမပျက်ထုတ်လုပ်ပေးဖို့ လိုပါတယ်။ စဉ်ဆက်မပြတ် ထုတ်လုပ်ပေး နိုင်ဖို့လိုသလို ဓာတ်အားခလည်း နည်းနိုင်သမျှ အနည်းဆုံးဖြစ်ဖို့ လိုပါတယ်။ နိုင်ငံတော်တော်များများ မှာ အပူစွမ်းအင်ဖြစ်တဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ နျူကလီးယားစွမ်းအင်တွေကို Base Load Generation အဖြစ်ထားကြတာများပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရင်းအမြစ်ကောင်းလှတဲ့ ရေအားကို လုပ်ဆောင်ရမှာဖြစ်သလို အပူစွမ်းအင်ကိုလည်း သုံးရမှာဖြစ်ပါတယ်။ ရေအားလျှပ်စစ် တည်ဆောက်ရင် ပမာဏအလိုက် ကိုးနှစ် ၁၀ နှစ်လောက် ကြာလေ့ရှိတာမို့ နှစ်နှစ်၊ သုံးနှစ်အတွင်း ရရှိနိုင်ပြီး ဈေးနှုန်းအသင့်အတင့်ရှိတဲ့ Clean Coal Power Plant ကိုလည်း ဆောင်ရွက်သင့်ပါ တယ်။ ရေအားမှရရှိတဲ့ လျှပ်စစ်ဓာတ်အားဈေးနှုန်းထက် အနည်းငယ်ပိုများပေမဲ့ Energy Security ရှိပြီး မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်ပါတယ်။ ထို့အတူ Solar နှင့် Win Power Plant ကိုလည်း အချိုးကျထုတ်လုပ်ရမှာဖြစ်ပါတယ်။ အဲဒီထဲမှာ Biomass Power Plant ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကုမ္ပဏီတစ်ခုမှ Biomass Power Plant ဆောင်ရွက်ရန် အစီအစဉ်ပြုလုပ်နေကြောင်း သတင်းများမှ သိရှိရ၍ လေ့လာကြည့်ရာ လျှပ်စစ်ရရှိရေး သာမက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေကဏ္ဍဖွံ့ဖြိုးလာပြီး စီးပွားရေးတိုးတက်မှုအခြေအနေ မျိုးရှိပါ၍ ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ၂၀၁၅ ခုနှစ် အမျိုးသားစတင် မူဝါဒအရ ၂၀၃၀ အတွင်းမှာ ရေအားအကြီးစား ၂၀ ရာခိုင်နှုန်း၊ ရေအားအလတ်စား၊ အသေးစား ၃၂ ရာခိုင်နှုန်း၊ ကျောက်မီးသွေး

၃၃ ရာခိုင်နှုန်း၊ ဓာတ်ငွေ့ ၉ ရာခိုင်နှုန်း၊ ပြန်လည်ပြည့်ဖြိုးခွင့်စွမ်းအင် ၆ ရာခိုင်နှုန်း ဆောင်ရွက်ဖို့ လုပ်ငန်းစဉ်ချထားတာ တွေ့ရပါတယ်။ နောက်တစ်ချက်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမို ပါဝင်လာရေးနှင့် စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်လာရေးအတွက် Cooperation များ၊ ဘုတ်အဖွဲ့များ၊ ကုမ္ပဏီများ၊ ဒေသန္တရအဖွဲ့အစည်းများဖြင့် ပြုပြင်ပြောင်းလဲ ဖွဲ့စည်းရန်ဆိုပြီးလည်း ပါရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ တိုးတက်လာတဲ့ နည်းပညာကြောင့် အန္တရာယ် မရှိသလောက်နည်းပါးတဲ့ ကျောက်မီးသွေးသုံး Clean Coal Power Plant တွေကို ဖွံ့ဖြိုးပြီးနိုင်ငံတွေ မှာတောင် ၃၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိ သုံးစွဲနေတာတွေ့ရပါတယ်။ လေထုညစ်ညမ်းမှုကို အထူးအလေးထားတဲ့ တရုတ်၊ ဂျပန်နိုင်ငံတို့မှာတောင် ၄၀ ရာခိုင်နှုန်းလောက်သုံးစွဲနေပြီး ယခုလည်း ထပ်မံတည်ဆောက်နေတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ရေအားက လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းသက်သာပြီး Potential ကောင်းတဲ့အတွက် လုပ်ကိုင်မှာဖြစ်ပေမဲ့ ရာသီဥတုသဘာဝအပေါ် မှီခိုနေခြင်း၊ တည်ဆောက်ချိန်ကြာမြင့်ခြင်းတို့ကြောင့် အချိန်တိုတိုနဲ့ရရှိပြီး Base Load ကိုလည်း ထောက်ခံပေးနိုင်ဖို့ ဓာတ်အားခဈေးနှုန်းအသင့်တင့်ကြီးမားသော်လည်း ကျောက်မီးသွေးနဲ့ အခြား စွမ်းအင်ကဏ္ဍကိုလည်း အချိုးကျ မလွဲမသွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျောက်မီးသွေးနဲ့ ထုတ်လုပ်မှုဟာ ပြည်သူတွေထင်သလောက် အန္တရာယ်မရှိကြောင်းကိုလည်း ရှင်းပြဖို့လိုပါလိမ့်မယ်။ နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားခ အရှုံးပေါ်နေ၍ ဓာတ်အားထပ်မံထုတ်လုပ်ရေး၊ ဝယ်ယူသုံးစွဲရေး ကဏ္ဍမှာ ဘဏ္ဍာရေးအခြေအနေအရ အခက်အခဲတွေ့နေပါတယ်။ ယခုအခါ ပြည်ထောင်စုအစိုးရက အခြေခံပြည်သူလူထုအား မထိခိုက်စေဘဲ သုံးစွဲသူများလည်း ခံနိုင်ရည်ရှိမည့် လျှပ်စစ်ဓာတ်အားခနှုန်း ပြောင်းလဲပြင်ဆင်သတ်မှတ်ရေးအတွက် စီစဉ်နေကြောင်းလည်း သိရပါတယ်။ ဒါမှလည်း လျှပ်စစ် ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာပါ။ ဒါကြောင့် လျှပ်စစ်ဓာတ်အား ထပ်မံထုတ်လုပ်ဖို့၊ ထပ်မံဝယ်ယူဖို့ဟာလည်း တိုးတက်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လျှပ်စစ်ဓာတ်အားခ လည်းပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဓာတ်အားခပြင်ဆင်ပြောင်းလဲသတ်မှတ်ရင် ပုဂ္ဂလိက ထုတ်လုပ်သူ များနှင့်လည်း နှစ်ဦးနှစ်ဖက်အဆင်ပြေနိုင်မည့် PPA များလည်း ချုပ်ဆိုနိုင်ပြီး PPP, IPP များကိုလည်း လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ မျှော်လင့်ပါတယ်။ သို့ပါ၍ လျှပ်စစ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုအပေါင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိလာနိုင်ရေးအတွက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ

ဦးတင်မောင်ဝင်းရဲ့အဆိုကို လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဟိန်း(တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆိပ်ကမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမယ့် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးမှန်ကန်စေရေး ပြည်သူကိုကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သင့်ကြောင်း ကိစ္စကိုဆွေးနွေးသွား မှာဖြစ်ပါတယ်။ နိုင်ငံတိုင်းက ၎င်းတို့ရဲ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေကြတာ နေ့စဉ်ကြားသိ နေကြပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့အထဲမှာ လူသိနည်းတဲ့အချက်ကတော့ နိုင်ငံတကာမှာ ဓာတ်အားထုတ်လုပ်နေကြတာ ဘာအရင်းအမြစ်တွေကို ဘယ်လောက်အချိုးအထိ ထည့်သွင်းထုတ် လုပ်ပြီး သူတို့ပြည်သူတွေကို ဓာတ်အားပေးနေကြသလဲဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အများစု မီဒီယာ တွေမှာလည်း ယနေ့အထိ ဒီကိစ္စအပေါ် စနစ်တကျရေးသားပြီး ပြည်သူကို အသိပညာပေးမှုကိုလည်း မတွေ့ရသလောက်ဖြစ်ပါတယ်။ ဒီတော့ ပြည်သူတွေက ဒီကိစ္စအပေါ်ဗဟုသုတနည်းပါးနေပြီး တချို့ သော ပုဂ္ဂိုလ်များရဲ့ လွဲမှားတဲ့အယူအဆတွေနဲ့ ပြောဆိုနေတာတွေဟာ ကြားသိနေရဆဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ဘက်က ဒီကိစ္စအပေါ် ပြည်သူကို အသိပညာပေးဖို့လိုနေတယ်လို့ ယူဆပါ တယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များကလည်း အမှန်တကယ်ကမ္ဘာမှာဖြစ်ပေါ်နေတဲ့ အခြေအနေ မှန်ကို သိရှိအောင်လေ့လာပြီး ပြည်သူနှင့်တွေ့ဆုံတဲ့အခါရှင်းပြဖို့လိုသလို နိုင်ငံတော်မီဒီယာများက လည်း စဉ်ဆက်မပြတ်ဗဟုသုတများ မျှဝေဖို့လိုအပ်ပါတယ်။ ဒါမှသာ ဖော်ထွင်မှုလုပ်ငန်းတွေအပေါ်မှာ ပြည်သူတွေ မှန်ကန်စွာပူးပေါင်းဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာမှာ ချမ်းသာနေတဲ့ နိုင်ငံတွေ ဘာနဲ့ဓာတ်အားပေးနေသလဲ။ ဒီနေ့ ဥရောပကနိုင်ငံကြီးတွေမှာ ဘာနဲ့ဓာတ်အားပေးနေလဲ။ အိမ်နီးချင်းနိုင်ငံတွေကကော ဘယ်လိုအရင်းအမြစ်တွေကို ဘယ်လိုအချိုးနှင့်ရောစပ်ပြီး ဓာတ်အားနေ ကြလဲဆိုတာကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြအပ်ပါတယ်။

ကျွန်တော့် Power Point မှာ တင်ပြခဲ့သလိုပဲ ကမ္ဘာ့ပျမ်းမျှအခြေအနေနှင့် ကိုက်ညီအောင် လုပ်နိုင်တဲ့ အခြေအနေတွေ ကျွန်တော်တို့နိုင်ငံမှာ အလုံအလောက်ရှိပါတယ်။ ကောင်းမွန်တဲ့ ရောစပ်မှု ဖြစ်အောင် ကျွန်တော်တို့နိုင်ငံရဲ့ ရေအားလျှပ်စစ်အချိုးကို မြင်လို့ရတဲ့အခြေအနေ ကျွန်တော်တို့မှာ ပိုင်ဆိုင်ထားတာက ဆုလာဘ်ကြီးဖြစ်ပါတယ်။ ဒီအခြေအနေကို လက်လွတ်ခံပြီး ဈေးနှုန်းကြီးမြင့်တဲ့ အရင်းအမြစ်အချိုးကို ရောစပ်ကြတော့မှာလား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မီဒီယာကို တွေ့ဆုံ ပြောကြားခဲ့သလို နေ့စဉ်ဓာတ်အားခအချိုး ဘီလီယံကျပ် ၅၀၀ အထိ ဆုံးရှုံးလာနေတဲ့ကိစ္စဟာ ရေအား လျှပ်စစ်ပါဝင်မှုအချိုးကျလာပြီး ဓာတ်ငွေ့နှင့်မောင်းနှင်တဲ့အချိုး တဖြည်းဖြည်းများလာတာ အဓိက အချက်တစ်ချက်ဖြစ်တယ်ဆိုတာကို ငြင်းလို့မရဘူးဖြစ်ပါတယ်။

တစ်ယူနစ်ထုတ်လုပ်မှုစရိတ် သက်သာစေမယ့်အရင်းအမြစ်တွေကို အကြောင်းအမျိုးမျိုး ကြောင့် ရှောင်လွှဲပြီး လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးကို ဦးတည်ပြီး ဓာတ်ငွေ့ ဒါမှမဟုတ် LNG ကို သာ ဦးစားပေးပြီး အချိုးစားရောစပ်မှု မြှင့်တင်လာမယ်ဆိုရင် ဒီနေ့ဓာတ်အားခအရင်း ၁၀၀ ကျပ် လောက်ပျမ်းမျှကျသင့်နေရာကနေ ပို၍ပို၍သာ ဈေးနှုန်းကြီးမြင့်လာပြီး ပြည်သူတွေတက်နိုင်တဲ့ ဈေးနှုန်းနဲ့ ကင်းကွာလာမှာ သေချာပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့ အခြေခံမူများ အပိုဒ် ၆ အပိုဒ်ခွဲ(င)မှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ထွန်းကားလာစေရေးလို့ ဆိုထားပေမဲ့ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ရန် တန်းတူညီတူမရှိတဲ့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ဖြစ်ပေါ်နေတဲ့ လျှပ်စစ် ကဏ္ဍအကျပ်အတည်းကို ပြည်ထောင်စုအစိုးရအနေနဲ့ လက်ပိုက်ကြည့်မနေဘဲ ၂၄ နာရီမီးလင်းရေး အတွက် မဟာဓာတ်အားလိုင်း အမြန်ဆုံးရရှိအောင်ဆောင်ရွက်ပေးမှာလား၊ ဒါမှမဟုတ် စက်သုံးဆီ ခွဲတန်းချပေးမှာလား၊ ဒါမှမဟုတ်ရင် ဒေသနှင့်ကိုက်ညီတဲ့ အရင်းအမြစ်များ သုံးစွဲ၍ အကောင်အထည် ဖော်နိုင်မယ့်စီမံကိန်းများ ဆောင်ရွက်ပေးမှာလားဆိုတာ စဉ်းစားပြီးလုပ်ဆောင်ရမည့် အချိန်ဖြစ်နေပါပြီ။ ဒါကြောင့် ပြည်ထောင်စုအစိုးရအား အရင်းအမြစ်အချိုး မှန်ကန်စွာနှင့် ဓာတ်အားထုတ်လုပ်မှု ဆောင်ရွက်ရေး အလေးအနက်ထားဆောင်ရွက်ပေးပါရန်နှင့် ပြည်သူကို အသိပညာပေး စည်းရုံးသွား ပါရန်အဆိုကို လေးလေးနက်နက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမယ့် ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လူသားတွေဟာ ခွန်အားရှိဖို့ အစာမျိုးစုံစားရပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် စွမ်းအင်လိုချင်လို့ပါ။ စွမ်းအင် ဒါမှမဟုတ်ရင် ခွန်အားရှိမှ လည်း ကျွန်တော်တို့တွေက အလုပ်လုပ်နိုင်မှာပါ။ ထိုနည်းတူပဲ နိုင်ငံတစ်ခုကလည်း စွမ်းအင်ပိုင်ဆိုင် အသုံးချနိုင်ရပါမယ်။ စွမ်းအင်ကို မပိုင်ဆိုင်နိုင်ဘူး။ ပိုင်ပေမဲ့လည်း အသုံးမချနိုင်ဘူးဆိုရင် နေလို့ ကောင်းတဲ့တိုင်းပြည်လို့ ခေါ်လို့ရင်လည်း မမှားပါဘူး။ လူတွေဟာ စွမ်းအင်ရဖို့ အစာမျိုးစုံစားပါတယ်။ ပင်လယ်နဲ့နီးတဲ့သူက ပင်လယ်စာစားပါတယ်။ ကုန်းတွင်းကလူတွေကတော့ ကုန်းနဲ့နီးစပ်တဲ့ ပဲတို့၊ အသီးအရွက်တွေကို အဓိကထားပြီးစားပါတယ်။ ထိုနည်းတူပဲ စွမ်းအင်မှာလည်းပဲ သဘာဝဓာတ်ငွေ့ နှင့်နီးရင် သဘာဝဓာတ်ငွေ့နဲ့စွမ်းအင်ကို ထုတ်ပါတယ်။ ရေနံပေါ်တဲ့ရေနံနဲ့နီးတဲ့နိုင်ငံက ရေနံနဲ့ထုတ်ပါ တယ်။ မြစ်ချောင်း၊ တောင်တန်းပေါ်တဲ့နိုင်ငံတွေက ရေအားနဲ့ထုတ်ပါမယ်။ ကျောက်မီးသွေးနဲ့နီးစပ်ရင် တော့ ကျောက်မီးသွေးနဲ့ထုတ်ကြမှာပါ။ တချို့ဒေသတွေမှာတော့ လေတိုက်နှုန်းမှန်ကန်တယ်ဆိုလို့ရှိ ရင်တော့ လေတိုက်နှုန်းများတဲ့နေရာတွေမှာ လေအားနဲ့ထုတ်ပါတယ်။ ထိုနည်းတူပဲ နေရာပေးမယ် ဆိုလို့ရှိရင်တော့ နေအားနဲ့ထုတ်ကြမှာပါ။ ကျွန်တော်တို့အနေနဲ့စဉ်းစားရမှာက ရေတိုကိုစဉ်းစားနေ သလို ရေရှည်အတွက်လည်းပဲ အစဉ်သဖြင့် အဆင်ပြေအောင် စဉ်းစားကြဖို့ လိုအပ်ပါတယ်။ မှန်ကန် အောင်စဉ်းစားဖို့လိုသလို မြန်မြန်ဆန်ဆန်စဉ်းစားဖို့လည်း လိုမှာပါ။ ဥပမာ ကျွန်တော်တို့တိုင်းဒေသကြီးကို ဥပမာလေးပြောကြည့်ချင်ပါတယ်။ ကျွန်တော်တို့မြို့မှာ ဒီဇယ်နဲ့မောင်းနေရတဲ့အခါကျ တော့ ကိုယ်ပိုင်စက်တွေ၊ ပုဂ္ဂလိကစက်တွေက တစ်ယူနစ်ကို ၈၀၀ ကျပ်ပတ်ဝန်းကျင်ပေးရပါတယ်။ ဒီဇယ် တစ်ပူးဈေးနဲ့သတ်မှတ်ထားကြတာပါ။ အစိုးရမီးစက်တွေ၊ အစိုးရမီးကြိုးတွေနဲ့ တွဲလုပ်သူတွေကတော့ ၄၅၀ ကျပ်၊ ၅၀၀ ကျပ်၊ ၅၅၀ ကျပ်အစရှိသဖြင့် ပေးကြရပါတယ်။ Solar Mini Grid နဲ့ သုံးတဲ့သူတွေ ကျတော့ ၃၅၀ ကျပ်ပေးရပါတယ်။ ဈေးကွက်စီးပွားရေးအခြေအနေအရ ဝယ်လိုအားများပြီးတော့ ရောင်းလိုအားနည်းရင်တော့ ဈေးကြီးပါတယ်။ ဒါကတော့ သဘာဝဆိုပေမဲ့လည်းပဲ ဖြစ်တော့မဖြစ်သင့် ပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ၊ ကျွန်တော်တို့တိုင်းဒေသကြီးမှာ ရေအား၊ လေအားနဲ့ ထုတ်လုပ်တဲ့ နေရာများစွာရှိပါတယ်။ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ သက်ဆိုင်ရာများက

လည်း ကူညီပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ဒီလိုပြောရတာကလည်းပဲ ကျွန်တော်တို့မြို့နယ်မှာ လျှပ်စစ်ဓာတ်အားထုတ်ဖို့ လုပ်ငန်းလုပ်လိုသူတွေက လာရောက်ဆက်သွယ်ကြတဲ့အခါမှာ နှောင့်နှေး ကြန့်ကြာမှုတွေရှိနေတာကို ကျွန်တော်တို့သိရလို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းဒေသကြီး၊ ကျွန်တော်တို့မြို့နယ် တွေက ရှင်းရှင်းပြောရင် ဖောင်စီးပြီး ရေငတ်သလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဒေသမှာ လာပြီးတော့ လေ့လာပြီးတော့၊ စုံစမ်းပြီးတော့ လျှပ်စစ်မီးကိစ္စကို ရင်းနှီးမြှုပ်နှံအောင်လုပ်ပေးကြပါ။ ဝိုင်းဝန်းကူညီပေးကြပါ။ ဆင်ခြေနဲ့တော့ ဘာမှဖြစ်မလာဘူးလို့ ကျွန်တော်တို့က ဒီလိုပဲ ဆိုလိုပါတယ်။ စင်ကာပူဝန်ကြီးချုပ်က ပြောပါတယ်။ သူတို့နိုင်ငံမှာ အဲယားကွန်းဆိုတာ မရှိမဖြစ်တဲ့ပစ္စည်းပါလို့ ပြောပါတယ်။ ကျွန်တော်တို့ဒေသမှာလည်း လက်နှိပ်ဓာတ်မီးနဲ့ ကိုယ်ပိုင်မီးစက်ဆိုတာ မရှိမဖြစ်ပါပဲ။ အဲဒီတော့ ကျွန်တော်တို့တိုင်းဒေသကြီးက ထွက်ကုန်တွေဟာ ဒီလိုသွားနေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းဒေသကြီးက ထွက်ကုန်တွေ ထွက်ပင်ထွက်သော်ငြားလည်းပဲ ကျွန်တော်တို့နဲ့ကပ်နေတဲ့ ယိုးဒယားကို ကျွန်တော်တို့က ဘယ်လိုမှမယှဉ်နိုင်ပါဘူး။ အဲဒီလိုမယှဉ်နိုင်ဘဲဖြစ်နေတဲ့အခါကျတော့ တချို့တချို့သော လုပ်ငန်းတွေမှာ အဆင်မပြေမှုတွေရှိပါတယ်။ အဲဒါက အဆန်းလည်းမဟုတ်သလို အဆိုးလို့လည်း ဆိုလို့မရတော့ဘူးဖြစ်နေပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့နိုင်ငံတော် အနေနဲ့ ရေရှည်စီမံချက်တော့ရှိကြမှာပါပဲ။ ဒီနေရာမှာ ကျွန်တော်တို့ပြောချင်တာက လူထုကြီးကောင်းဖို့ အတွက်ဆိုရင် စီမံကြတဲ့နေရာမှာ တချို့တချို့သော လူနည်းစုတစ်စုတဝေးက ပြောချင်တာ ပြောနေကြ တာ သဘာဝပါ။ အဲဒါထည့်စဉ်းစားပြီးတော့ အကျယ်ချဲ့နေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့လုပ်သင့်တာ ကို မလုပ်မိဘဲနဲ့ ဖြစ်နေမယ်ဆိုလို့ရှိရင် အလာကောင်းပေမဲ့ အခါနှောင်းသလို ဖြစ်နေမှာစိုးလို့ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို မြန်မြန်ထက်ထက်လေးနဲ့ လုပ်ကိုင်သင့်ပါကြောင်းကို ပြောကြား ရင်းနဲ့ ဦးတင်မောင်ဝင်းရဲ့အဆိုကို ထောက်ခံအတည်ပြုလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းထွန်းဖြစ်ပါတယ်။ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးတင်မောင်ဝင်းရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအဆိုနဲ့စပ်လျဉ်းပြီး မြန်မာ့စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍထိန်းချုပ်မှုအာဏာပိုင်အဖွဲ့(Myanmar Energy and Power Regulatory Body)ဖွဲ့စည်းဆောင်ရွက်မှုဟာ အရေးကြီးတယ်ဆိုတဲ့အချက်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်မူဝါဒကောင်စီတစ်ရပ်မရှိမဖြစ်လိုအပ်ပါတယ်။ ဒီမူဝါဒကောင်စီကို အများအားဖြင့် National Energy Policy Council (NEPC)လို့ခေါ်ကြပါတယ်။ ဒီကောင်စီရဲ့အထက်မှာ အစိုးရအဖွဲ့ပဲရှိပါတော့တယ်။ ဒီကောင်စီရဲ့အလုပ်ဟာ စွမ်းအင်နှင့်ဆိုင်တဲ့ အမျိုးသားအဆင့်မူဝါဒတွေ၊ မဟာဗျူဟာတွေအားလုံးကို စုစည်းသုံးသပ်တဲ့အဖွဲ့ဖြစ်ပါတယ်။ ကော်မရှင်ဟာ စွမ်းအင်နှင့်ဆိုင်တဲ့မူဝါဒ၊ မဟာဗျူဟာနဲ့ဆိုင်တဲ့ကိစ္စရပ်အားလုံး အစိုးရအဖွဲ့ဆုံးဖြတ်ချက်ခံယူနိုင်ဖို့အတွက် သက်ဆိုင်တဲ့ဝန်ကြီးဌာနတွေအားလုံးပါဝင်အောင်ဖွဲ့စည်းရတဲ့အဖွဲ့ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာတော့ ဝန်ကြီးချုပ်ကိုယ်တိုင်ဦးဆောင်ပါတယ်။ အဖွဲ့ဝင် ၁၉ ဦးပါဝင်ပါတယ်။ ဒီကောင်စီရဲ့အောက်မှာ စွမ်းအင်ဆိုင်ရာထိန်းကျောင်းမှုအဖွဲ့(Energy Regulatory Body)ဆိုတဲ့အဖွဲ့ကို ဖွဲ့စည်းထားပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ၂၀၀၇ ခုနှစ်မှာ The Energy Industry Act ကိုထုတ်ပြန်ပါတယ်။ အဲဒီဥပဒေအရ (Energy Regulatory Commission)ကို ဖွဲ့စည်းခဲ့ပါတယ်။ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ခုနစ်ဦးရှိပါတယ်။ နိုင်ငံတော်အဆင့်မူဝါဒကောင်စီဟာ နိုင်ငံတော်အဆင့် လက်ရှိတာဝန်ထမ်းနေတဲ့ ရာထူးတွေနဲ့ဖွဲ့စည်းထားပြီးတော့ (Energy Regulatory Commission) ကတော့ စွမ်းအင်ကဏ္ဍအတွေ့အကြုံရှိတဲ့ လွတ်လပ်တဲ့ပြင်ပပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းပေးထားတာဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာလည်း နိုင်ငံအမျိုးမျိုးနဲ့ နာမည်အမျိုးမျိုးနဲ့ ဒီလိုအဖွဲ့တွေဖွဲ့စည်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဖွဲ့အစည်းဆိုတာ မူသဘောပါတဲ့ကိစ္စများ အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်နဲ့သာ လုပ်ရမယ့်ကိစ္စတွေကိုသာ အဓိကထားဆောင်ရွက်ကြပါတယ်။ ရှိသမျှဝန်ကြီးဌာနတွေအားလုံးရဲ့ ကိစ္စဟူသမျှကို ဆုံးဖြတ်ချက်ပေးနေရတာမဟုတ်ပါဘူး။ သို့သော် ဝန်ကြီးဌာနတွေမှာ တိကျတဲ့မူဝါဒကို ထိန်းကျောင်းမယ့်အဖွဲ့မရှိရင်တော့ အားလုံးကို အစိုးရအဖွဲ့တင်ပြပြီး အစိုးရအဖွဲ့ကပဲဆုံးဖြတ်ရမှာသေချာပါတယ်။ အဆင့်ဆင့်တာဝန်ခံမှု၊ တာဝန်ယူမှုသွားတဲ့သဘောဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ချမှတ်ပေးထားတဲ့ အမျိုးသားအဆင့်မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်မဟာဗျူဟာအရ သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော်နေရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဒါကြောင့် ချမှတ်ထားတဲ့မူဝါဒနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ကိုင်ဆောင်ရွက်မှု ရှိ/မရှိ ထိန်းကျောင်းနိုင်ရန် အတွက် မူဝါဒနှင့်စပ်လျဉ်း၍ နိုင်ငံတော်ရဲ့အမြင့်ဆုံး မူဝါဒကောင်စီသို့ ကော်မတီတစ်ရပ် မရှိမဖြစ်လိုအပ်ပါတယ်။ ဒီမူဝါဒကောင်စီဟာလည်း လက်ရှိကြီးလေးတဲ့ နိုင်ငံ့ တာဝန်အသီးသီးကို ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များနှင့်သာ ဖွဲ့စည်းထားရတဲ့အတွက် လုပ်ငန်းတစ်ခု ချင်းဆီရဲ့ ဆောင်ရွက်နေမှုအသေးစိတ်ကို စောင့်ကြည့်စစ်ဆေးနိုင်ဖို့ဆိုတာ လက်တွေ့မကျပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနတွေရဲ့ ဆောင်ရွက်ချက်တွေဟာ ချမှတ်ထားတဲ့ မူဝါဒနှင့်ကိုက်ညီတာတွေရှိနိုင် သလို မသိမသာကွဲလွဲ ဆောင်ရွက်နိုင်တာတွေ၊ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နိုင်တာတွေအပေါ် ထိန်းကျောင်းပေးနိုင်ဖို့ မူဝါဒကောင်စီမှာ အခက်အခဲရှိပါတယ်။ နောက်တစ်ချက်က ဝန်ကြီးတွေဟာ ဌာနနှင့်သက်ဆိုင်တဲ့ ကိစ္စရပ်အားလုံးကို အသေးစိတ်သိရှိနိုင်ဖို့ဆိုတာ မသေချာပါဘူး။ ပြီးတော့ အခြေအနေအချိန်အခါအလိုက် အသစ်သစ်သောဝန်ကြီးများ ပြောင်းရွှေ့ရောက်ရှိတာဝန်ထမ်းဆောင် ကြရတာလည်း ဖြစ်ပါတယ်။

အခါအားလျော်စွာ ကာလနှင့်အပိုင်းအခြားနှင့် တာဝန်ယူရတဲ့ဝန်ကြီးတိုင်းဟာ လျှပ်စစ်နှင့် စွမ်းအင်လို နိုင်ငံတော်အတွက် အတိမ်းအစောင်းမခံတဲ့ ရေရှည်ကြည့်ပြီးဆောင်ရွက်ရမယ့်ကိစ္စတွေမှာ အထောက်အပံ့ပြုပေးမယ့်အဖွဲ့တစ်ဖွဲ့ သေချာပေါက်လိုအပ်နေမှာဖြစ်ပါတယ်။ ဒါ့အပြင် စွမ်းအင် အရင်းအမြစ် အားလုံးနှင့်သက်ဆိုင်တဲ့ ကိစ္စအားလုံးဟာ ဝန်ကြီးဌာနတစ်ခုတည်းအောက်မှာရှိနေတာ မဟုတ်ဘဲ ဝန်ကြီးဌာနများစွာနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေအထိ၊ လုပ်ပိုင်ခွင့်တွေအထိ ဆက်စပ်ပတ်သက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ လျှပ်စစ်ဆိုင်ရာအခက်အခဲကို တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ National Green ရှိသေးတဲ့ တစ်ခုတည်းသော တိုင်းဖြစ်ပြီး လျှပ်စစ်အတွက် ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေရှင်းနေကြရပါတယ်။ နိုင်ငံတော်မှာ အခြား တိုင်းပြည်နှင့် ပြည်နယ်များတွင်နှစ်စဉ်ကျပ် ဘီလီယံ ၅၀၀ လျှပ်စစ်ကဏ္ဍအတွက် အရှုံးခံဆောင်ရွက် ပေးနေပေမဲ့ တနင်္သာရီတိုင်းဒေသကြီးကတော့ လျစ်လျူရှုခံထားရသလို ဖြစ်နေပါတယ်။ ဒီနေ့အချိန် အခါသာမယက ပိုမိုပွင့်လင်းမှုရှိလာခြင်း၊ သတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာခြင်း၊ လူမှုကွန်ရက်သုံးစွဲသူများလာခြင်းတို့ကြောင့် လျှပ်စစ်နှုန်းထားနှင့် လျှပ်စစ် တိုးချဲ့ရရှိမှု တောင်းဆိုသံတွေ တနင်္သာရီတိုင်းတစ်တိုင်းလုံး ပိုမိုကျယ်လောင်လာပြီး လျစ်လျူရှုထားလို့

မရတော့တဲ့ အခြေအနေဖြစ်နေပါတယ်။ လျှပ်စစ်မီတာခများ တိုးမြင့်လာခြင်းကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များမှာလည်း ဘယ်ပြည်သူနှင့်တွေ့တွေ့ လျှပ်စစ်ကိစ္စကိုပဲ ဖြေရှင်းနေရပါတယ်။ လျှပ်စစ်မီတာခများကတော့ ထားဝယ်ခရိုင်မှာဆိုရင် တစ်ယူနစ်ကို ၂၅၀ ကျပ်၊ မြိတ်ခရိုင်မှာ ၂၆၀ ကျပ်ကနေ ၃၅၀ ကျပ်။ ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ်မှာ ၄၅၀ ကျပ်။ ပင်လယ်ကျေးရွာတွေမှာဆိုရင်တော့ ၇၀၀ ကျပ်ကနေ ၁၀၀၀ ကျပ်အထိ ပေးချေနေရပါတယ်။ ဝင်ငွေနည်းတဲ့ သာမာန်လက်လုပ်လက်စား အခြေခံလူတန်းစားများအဖို့ စီးပွားရေးကျဆင်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် ခက်ခက်ခဲခဲဘဝရပ်တည်နေရတဲ့အချိန်မှာ လျှပ်စစ်မီတာခဟာ နူရာဝဲစွဲ လဲရာသူခိုးတောင်းဆိုသလို ဖြစ်နေရပါတယ်။ တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ လျှပ်စစ်ဌာနပိုင်မီတာများကို အစိုးရသတ်မှတ်ဈေးနှုန်းနဲ့ ရရှိသုံးစွဲနေရပြီး တနင်္သာရီတိုင်းဒေသကြီး တစ်ခုသာ နိုင်ငံတော်က စိုက်ထုတ်ထောက်ပံ့မှုကို မရပါဘူး။ ဒါကြောင့် အခြေခံယူနစ် ၂၀ ကို တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်နည်းတူ ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ဖို့ ဆောင်ရွက်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဖွဲ့နဲ့ မူဝါဒကောင်စီတို့ မှန်ကန်စွာဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် ကျွန်တော်တို့တနင်္သာရီတိုင်းဒေသကြီးရဲ့လျှပ်စစ်ဆိုင်ရာပြဿနာမျိုးများအပြင် တခြားသော အမျိုးသားအဆင့်မူဝါဒနှင့် မဟာဗျူဟာများရေးဆွဲခြင်း၊ စွမ်းအင်ဆိုင်ရာစံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ ပြည်သူတတ်နိုင်သော တင်သွင်းသည့်ဈေးကွက် ဖြစ်ပေါ်စေရန်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စများဆောင်ရွက်နိုင်ရန်နှင့် အခြားသော ဆောင်ရွက်ချက်များကို ညှိနှိုင်းပေါင်းစပ်ထိန်းချုပ်နိုင်ရန်ဆောင်ရွက်ပေးမယ့်အဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံစွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍအတွက် မရှိမဖြစ်လိုအပ်လျက်ရှိနေပါတယ်။ လက်ရှိ လျှပ်စစ်ဥပဒေပါ လျှပ်စစ်ထိန်းချုပ်မှုအဖွဲ့ (Electricity Regularity Body)ဆိုတဲ့ အဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန်ဆိုသော ပုဒ်မကိုလည်း လျှပ်စစ်ဥပဒေ(၂၀၁၃ ခုနှစ်) ထွက်ရှိပြီးဖြစ်သည့်အချိန်မှစ၍ ယနေ့အထိအကောင်အထည်ဖော်ခြင်းမရှိသေးပါဘူး။ နိုင်ငံတကာစံနှင့်ချိန်ထိုးပြီး လျှပ်စစ်ကဏ္ဍတစ်ခုတည်းကိုသာမက စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတစ်ခုလုံး သက်ဆိုင်တဲ့ကော်မရှင်အဖြစ်ဖွဲ့စည်းရန် လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် NGN Power Regularity Commission ကို အစိုးရမဟုတ်သော အခြားပညာရှင်များသာပါဝင်ပြီး သင့်လျော်သောအရေအတွက်အဖြင့် ဘာသာရပ်အလိုက် ကျွမ်းကျင်သည့်လက်တွေ့ပြည်တွင်းပြည်ပတာဝန်များကို ကောင်းစွာထမ်းဆောင်ခဲ့ဖူးသောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ပါရန်အဆိုကို ထောက်ခံအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် တစ်နာရီခန့် အစည်းအဝေးကို ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၀ ကိုဆက်လက်ဆောင်ရွက်သွားပါမယ်။ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်ဌေး(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်ဌေး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ဆွေးနွေးလိုတာကတော့ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသောလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမှာ ကိုယ့်နိုင်ငံနှင့်ကိုက်ညီမည့်မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်၊ မဟာဗျူဟာများချမှတ်ဆောင်ရွက်ပါရန်နှင့် အခြေအနေကို ပြည်သူများအား ရှင်းလင်း ချပြပေးပါရန်ကိစ္စကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အမျိုးသားအဆင့်မူဝါဒ(National Policy)၊ အမျိုးသားအဆင့်မဟာဗျူဟာ(National Master Plan)တွေကို ဦးစွာရေးဆွဲပြီးမှ ကဏ္ဍ အလိုက်အကောင်အထည်ဖော်ကြတာ ဖြစ်ပါတယ်။ ဒါမှလည်း စည်းလွတ်ဝါးလွတ်မဖြစ်ဘဲ ရေတို ရေရှည် နိုင်ငံ့လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မူဝါဒတွေရှိခဲ့မှာပါ။ အဲဒီ မူဝါဒတွေကလည်း လက်တွေ့ဘဝမှာအကောင်အထည်ဖော်လို့ မရတာလား။ မူဝါဒကိုဘေးဖယ်ပြီး

လက်တွေ့မှာ ဝန်ကြီးဌာနတွေဟာ ကိုယ့်အယူအဆနဲ့ကို လတ်တလောလမ်းညွှန်ချက်တွေနဲ့ပဲ အကောင်အထည်ဖော်နေကြသလားဆိုတာ စိစစ်ဖို့လိုပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဆိုတာ နီးကပ်စွာ ဆက်စပ်နေပါတယ်။ လျှပ်စစ်ရဖို့ ရေစွမ်းအင်၊ ကျောက်မီးသွေးစွမ်းအင်၊ ဓာတ်ငွေ့စွမ်းအင်တွေကို သုံးရတာဖြစ်လို့ စွမ်းအင်မူဝါဒကို ခိုင်မာဖို့၊ တိကျဖို့လိုပါတယ်။ နိုင်ငံတကာစွမ်းအင်မူဝါဒတွေ ရေးဆွဲတဲ့အခါမှာ စွမ်းအင်ဈေးနှုန်းဟာ ပြည်သူတွေတတ်နိုင်တဲ့ဈေးနှုန်းဖြစ်ရမယ်။ ဒီစွမ်းအင်ဟာ အရည်အသွေးကောင်းမွန်ရမယ်။ စွမ်းအင်အမျိုးအစားရွေးချယ်မှုကြောင့် အကျပ်အတည်းတစ်ခုခုမကြုံတွေ့ရဘူးဆိုတဲ့အချက်တွေကို အခြေခံရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့မူဝါဒတွေ၊ မဟာဗျူဟာတွေဟာ တကယ်ကိုထည့်သွင်းစဉ်းစားပြီးတော့ အကောင်အထည်ဖော်ရမှာဖြစ်တဲ့အတွက် လျှပ်စစ်ဈေးနှုန်းကိစ္စနဲ့ လျှပ်စစ်မတည်ငြိမ်ဖြစ်ခဲ့ရတဲ့ကာလတွေကို အကျဉ်းချုံးတင်ပြလိုပါတယ်။

၁၉၄၅ ခုနှစ်မတိုင်မီက ရန်ကုန်မြို့ကို ဓာတ်အားပေးခဲ့ရာမှာ တစ်ယူနစ်ကို ၅၀ ပြားမှ ၇၉ ပြားအထိရှိခဲ့လို့ အဲဒီအချိန်ဟာ သူဌေးတွေသာသုံးနိုင်တဲ့ လျှပ်စစ်ဓာတ်အားခဖြစ်ခဲ့ပါတယ်။ ဒီလို ပြည်သူတွေ ကုန်ဈေးနှုန်းကြီးမြင့်တဲ့အထဲ စစ်ကြီးပြီးတော့ ပိုပြီးတော့ကုန်ဈေးနှုန်းကြီးမား လာပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖွန်လ ၆ ရက်နေ့မှာ ကျင်းပတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ကိုယ်စားလှယ် တွေကို ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောကြားရာမှာ နိုင်ငံကုန်ဈေးနှုန်းကြီးမြင့်မှုကို နည်းမျိုးစုံနဲ့ လျှော့ချဖို့ ကြိုးစားရမယ်ဆိုတာ ပါလာပါတယ်။ ၎င်းဦးတည်ချက်တွေထဲမှာပဲ နိုင်ငံကို ရေအားလျှပ်စစ်နဲ့ ဓာတ်အားပေးနိုင်အောင် လုပ်ဆောင်မယ်ဆိုပြီးတော့ စီမံကိန်းတွေကို စတင်ဖို့တိုင်းတာကြပါတယ်။ တိုင်းပြည်ဖရိုဖရဲဖြစ်နေတဲ့ အတောအတွင်းမှာ ရေအားလျှပ်စစ်လုပ်ငန်းဟာ အခွင့်မသာခဲ့ပါဘူး။ ၁၉၅၄ ခုနှစ်မှာ ဘီလူးချောင်း အမှတ်(၂)စက်ရုံနဲ့ ပထမစက်သုံးလုံးကို စတင်တည်ဆောက်ခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာ ဓာတ်အား စက်ရုံစတင်လည်ပတ်နိုင်ခဲ့ပြီးတော့ ၁၉၇၀ ခုနှစ်မှာ စက်သုံးလုံးထပ်မံပြီးတော့ လည်ပတ်နိုင်ခဲ့ပါတယ်။ ဒါဟာ ၁၀ နှစ်ကြာခဲ့ပါတယ်။ ၁၉၆၀ ခုနှစ် ပထမသုံးလုံးလည်ပတ်လိုက်တာနဲ့ တစ်ပြိုက်နက် ဓာတ်အားခဟာ ၁၅ ပြားထိ သက်သာသွားပါတယ်။ ဒီနောက်ပိုင်းမှာတော့ ရေအားလျှပ်စစ်စီမံကိန်း လုပ်ဆောင်မှုမရှိတော့ဘဲ ၂၀၀၂ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကြာခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်၊ ၁၉၈၅ ခုနှစ်ကြားကာလတွေမှာ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဓာတ်ငွေ့အထိုက်အလျောက်ထွက်လာတဲ့အတွက် နိုင်ငံတော်ကနေပြီးတော့ ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံတွေကို တည်ဆောက်ဖို့ ပြင်ဆင်လာကြပါတယ်။ အဲဒီတည်ဆောက်ခဲ့တဲ့ ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံတွေဟာ ၁၉၈၇ ခုနှစ်နောက်ပိုင်းကစပြီးတော့ ဓာတ်ငွေ့ထောက်ပံ့မှုလျော့လာတဲ့အတွက် ၁၉၈၈ ခုနှစ်၊ ၁၉၉၄

ခုနှစ်ကာလတွေမှာ ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံတွေကို ဒီဇယ်နှင့်မောင်းနှင်ရတဲ့အတွက် ဓာတ်အားခ တွေပြန်လည် တိုးမြင့်လာပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ ရေအားလျှပ်စစ်ကို ဦးစားပေးဆောင်ရွက်ပြီး နှစ် ၃၀ လျှပ်စစ် မဟာဗျူဟာ ရေးဆွဲခဲ့ပါတယ်။ မဟာဗျူဟာအရ အပြည့်အဝအကောင်အထည်မဖော်နိုင်ပေမဲ့ ၂၀၀၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အကြား ၁၃ နှစ်အတွင်း ရေအားလျှပ်စစ်တပ်ဆင်အင်အား ၁၅၀၀ မဂ္ဂါဝပ်ထပ်တိုးလာခဲ့ပါတယ်။ ဖက်စပ်လုပ်ငန်းတွေအတွက် စူးစမ်းလေ့လာနိုင်မှုနဲ့ဒီဇိုင်းပုံစံတွေ ထုတ်ယူလို့ပြီးစီးလာတဲ့အခါကျတော့ မဂ္ဂါဝပ် ၅၀၀၀ အထိရှိလာနိုင်ပါတယ်။ ဒီမဂ္ဂါဝပ် ၅၀၀၀ လောက်အင်အားကိုစိစစ်ပြီး ဆက်လက် အကောင်အထည်ဖော်မယ်ဆိုရင် ၂၀၂၅ ခုနှစ်လောက်မှာ ပြီးစီးနိုင်မယ့်စီမံကိန်းတွေဖြစ်လာမှာပါ။ ဒီလိုစီမံကိန်းတွေဆောင်ရွက်တဲ့နေရာမှာ စာအုပ်ထဲမှာပဲထားပြီးတော့ ဓာတ်ငွေ့စက်ရုံတွေကို LNG မောင်းနှင်တဲ့စက်ရုံတွေအဖြစ် ဦးစားပေးဆောင်ရွက်လာမှာဟာလည်း စိုးရိမ်စရာဖြစ်ပါတယ်။ ကျွန်တော် အခုအကျဉ်းချုပ်တင်ပြတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ လျှပ်စစ်တည်ငြိမ်မှု၊ သဘာဝဓာတ်ငွေ့တွေနဲ့ထုတ်လုပ်တဲ့ လျှပ်စစ်အခက်အခဲတွေနဲ့ လျှပ်စစ်နှုန်း ကြီးမြင့်မှုကို တင်ပြခြင်းဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တနင်္သာရီတိုင်းဒေသကြီးဟာ မဟာလျှပ်စစ်ဓာတ်အားကို အခုအချိန်ထိ မမြင်ရ၊ မကြားရသေးတဲ့တိုင်းတစ်တိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ ရှေ့ဆက်လုပ်ဆောင်မယ့်မူဝါဒတွေ၊ မဟာဗျူဟာတွေကို ပြည်သူတွေသိအောင် ပွင့်လင်းမြင်သာချပြဖို့လည်း တောင်းဆိုလိုပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ တစ်ယူနစ်ကို ၅၀ ကျပ်နဲ့သုံးဆောင်နေရပေမဲ့ ကျွန်တော်တို့တနင်္သာရီတိုင်းဒေသကြီး မှာတော့ အခုအချိန်ထိ အခက်အခဲပေါင်းများစွာနဲ့ရင်ဆိုင်နေရတဲ့အတွက် မူဝါဒတွေ၊ လုပ်ငန်းစဉ် တွေကို တိတိကျကျအကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့အတွက် တိုက်တွန်းပြောကြားရင်းနိဂုံး ချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ရဲ့အဆိုကို ဆွေးနွေးမယ့် ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလျှပ်စစ်လုပ်ငန်းဟာ တော်လှန်ရေးမရခင်ကတည်းက

စတင်ခဲ့တာပါ။ RET လို့ခေါ်တဲ့ လျှပ်စစ်ဓာတ်အားပေးရေးနှင့် ဓာတ်ရထားပြေးဆွဲရေးကုမ္ပဏီက စတင်ခဲ့ပြီးတော့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံတကာထက် နောက်မကျခဲ့တဲ့ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းတွေကို ၁၉၆၀ ခုနှစ်အတွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဓာတ်အားထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးကို ကမ္ဘာ့ပညာရှင်များ၊ မြန်မာ့ပညာရှင်များ ပူးပေါင်းဆောင်ရွက်တာလည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ထက် အများကြီးစောခဲ့ပါတယ်လို့ ဆိုပါတယ်။ သို့သော်လည်းပဲ သူတို့နိုင်ငံမှာ ၁၉၉၀ ပြည့်နှစ်ကစပြီးတော့ လျှပ်စစ်လုပ်ငန်းရဲ့စီမံခန့်ခွဲမှု၊ သိသိသာသာပြုပြင်ပြောင်းလဲနိုင်ခဲ့တဲ့အတွက် ယနေ့ ကမ္ဘာ့အဆင့်စီမံခန့်ခွဲနေတဲ့အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအခြေအနေကတော့ လျှပ်စစ်ထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးရေးဘက်မှာ ပြုပြင်ပြောင်းလဲရမယ့် စီမံခန့်ခွဲမှုအဝဝကို ယနေ့တိုင် သိသိသာသာဆောင်ရွက်ခြင်းမရှိဘဲ အစိုးရက စီမံခန့်ခွဲနေတဲ့ပုံစံအဖြစ် ဝန်ထမ်းများကိုယ်တိုင် စီမံခန့်ခွဲနေသေးတော့ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲခြင်းမရှိသေးတာကို ပေါ်လွင်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စကို ပုဂ္ဂလိက လက်ထဲကို ပုံအပ်တဲ့အဆင့်ကို တစ်ပြိုင်နက်ကုဖို့တိုက်တွန်းနေခြင်းမဟုတ်ပါဘူး။ လျှပ်စစ်ကဏ္ဍကြီးရဲ့ ဓာတ်အားပေး ထိန်းချုပ်စနစ်မှအစ ကျန်ဌာနတွေဟာ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်ပြီးတော့ ကိုယ့်ဝင်ငွေ/ထွက်ငွေ ကိုယ့်စီမံခန့်ခွဲမှုမှာ ဆောင်ရွက်ကြမယ့် ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်တဲ့ စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲရမှာပါ။ ပုဂ္ဂလိကဖြစ်စေ၊ ဖက်စပ်ဖြစ်စေ ဆောင်ရွက်စေတဲ့ ဥပဒေလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုလိုလားလားခွဲဝေဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။

လျှပ်စစ်လိုစီးပွားရေးလုပ်ငန်းကြီးမှာ နိုင်ငံတော်ကပဲ ချုပ်ကိုင်ပြီး နိုင်ငံတော်ဘတ်ဂျက်တောင်းပြီး ကိုယ့်ဝန်ထမ်းနှင့်ကိုယ်လုပ်ခဲ့တာကို မပြင်နိုင်သေးလို့ ဒီနေ့ အရှေ့တောင်အာရှမှာ ဓာတ်အားသုံးစွဲမှုအနိမ့်ဆုံး၊ ဓာတ်အားဖြန့်ဖြူးမှု ရာခိုင်နှုန်းအနည်းဆုံး၊ ဓာတ်အားအရည်အသွေးအနိမ့်ဆုံး ဓာတ်အားစီမံခန့်ခွဲမှု အနည်းဆုံးသောနိုင်ငံဘဝမှာ ကျန်ခဲ့ပါပြီ။ တစ်ချိန်က ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့စီမံခန့်ခွဲမှုအခင်းတွေကြောင့် ဒီလိုကျန်ခဲ့တာကို ဆိုနိုင်ပေမဲ့ နောက်မှ စီးပွားရေးစနစ်ကိုသွားမယ့် အစိုးရအဆက်ဆက်က ပြုပြင်ပြောင်းလဲရေး လုပ်သင့်တာကို ရဲရဲတင်းတင်း မလုပ်ဆောင်နိုင်ခဲ့ကြဘဲ တပည့်သားမြေးကို စောင့်ရှောက်သလို လုပ်နေလို့ ဒီလိုဖြစ်နေတယ်လို့ ပြောလို့ရပါတယ်။ ပြဋ္ဌာန်းထားတဲ့ လျှပ်စစ်ဥပဒေကအစ ခေတ်စနစ်နှင့်အံဝင်ခွင်မကျလို့ ပြည်သူတွေကို ကာကွယ်ပေးတဲ့

အချက်အလက်၊ တာဝန်ခံမှု၊ တာဝန်ယူမှုကိစ္စတွေမပါဘဲ ဌာနဆိုင်ရာအပေါ် စီမံခန့်ခွဲတဲ့ လက်တွေ့စနစ်နဲ့ လုံးဝအံဝင်ခွင်မကျတဲ့ ဥပဒေတွေဖြစ်နေပါတယ်။ နောက်တစ်ချက်က ကဏ္ဍအလိုက် တိကျတဲ့ စံချိန်စံညွှန်း Code and Standard ထုတ်ပြန်ပြီး တစ်ပြေးညီ နိုင်ငံကိုယ်စားပြု မြန်မာ့စံချိန်စံညွှန်း သတ်မှတ်ချက်လည်း ဆောင်ရွက်ပေးဖို့လိုပါတယ်။

၂၀၁၇ ခုနှစ် ရေအားလျှပ်စစ် မြန်မာ Hydro Power Standard MHS ဆိုပြီး စဉ်းစားလေ့လာ တည်ဆောက်မှုရေအားလျှပ်စစ်မောင်းနှင်မှု၊ ထုတ်လုပ်မှုတွေကို နော်ဝေးနဲ့မြန်မာ့ရေအားလျှပ်စစ် ပညာရှင်များ နှစ်အတန်ကြာ အားထည့်ဆောင်ရွက်ခဲ့လို့ အတည်ပြုခဲ့ပြီးလို့ သိရပါတယ်။ ဒီလို စံချိန် မသတ်မှတ်နိုင်ရင် နိုင်ငံတကာအဖွဲ့အစည်းမှာကော ပြည်တွင်းရင်းနှီးမြှုပ်နှံသူပါ ဘယ်လိုမှ အကိုးအကားတွေနဲ့ ဆောင်ရွက်စေမယ်ဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍမှာ လူကို အားကိုးပြီး ဆောင်ရွက်နေဆဲနိုင်ငံတကာဝန်ထမ်းအချိုးနဲ့ကြည့်ရင် ထိုင်းနိုင်ငံမှာ မဂ္ဂါဝပ် ၄ သောင်း ကျော်ကို လူဦးရေ ၂ သောင်းကျော်ပဲ သုံးပါတယ်။ မြန်မာမှာ မဂ္ဂါဝပ် ၅ ထောင်ကျော်ကို လူဦးရေ ၂ သောင်းကျော်သုံးထားတာကို တွေ့ရပါတယ်။ ရေအားလျှပ်စစ်ကဏ္ဍမှာ ခန့်ထားတဲ့ဝန်ထမ်းတိုင်းဟာ ၁ မဂ္ဂါဝပ်တိုင်းမှာ ထိုင်းနိုင်ငံထက် ခုနစ်ဆ၊ မလေးရှားနိုင်ငံထက်ငါးဆ၊ ဗီယက်နမ်နိုင်ငံထက် တစ်ဆခွဲ ပိုပြီးခန့်ထားတာကို တွေ့ရပါတယ်။

ဒါ့အပြင် အောက်ခြေမှာ ရေအားဖြန့်ဖြူးရေး လျှပ်စစ်တပ်ဆင်စစ်ဆေးသူ၊ ပြုပြင်သူတွေမှာလည်း ကျွမ်းကျင်သူနည်းပါးတာတွေကို သိရပါတယ်။ တချို့နေရာမှာ မနိုင်မနင်းဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နောက်တစ်ချက်က လျှပ်စစ်ပျောက်ဆုံးပြီးတော့ ဖြစ်သင့်တာထက် ပျောက်ဆုံး နေပါတယ်။ ပျောက်ဆုံးနေတဲ့ လျှပ်စစ်တွေကို နိုင်ငံတော်ကနေပြီးတော့ ဖြန့်ဖြူးတဲ့လျှပ်စစ်မီးမရရှိတဲ့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးတို့လို တိုင်းတွေမျိုး။ အခြားပြည်နယ်တွေမှာ အစိုးရလျှပ်စစ်မီး လုံးဝမသုံးရတဲ့ ပြည်သူတွေက အရှုံးခံရတာ၊ စိုက်ပေးနေရတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် မို့လို့ ဒီလိုမျိုး မဖြစ်ရအောင်လည်းပဲ စီမံချက်ချထားပေးဖို့လိုပါတယ်။ နိုင်ငံတော်ကပဲ အစစအရာရာ စီမံခန့်ခွဲနေရင်တော့ နှစ်စဉ်အရှုံးပေါ်၍ ပိုများနေအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်နှင့်စွမ်းအင် စီမံခန့်ခွဲမှုပြောင်းလဲမှုကို တိုးတက်လာမယ်လို့ ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ် လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဥက္ကာ(လဲချားမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆိပ်ကမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ အဆိုအပေါ် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် လျှပ်စစ်စွမ်းအင်ရဲ့အခန်းကဏ္ဍဟာ အရေးပါတဲ့နေရာမှာရှိပါတယ်။ ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်တဲ့နေရာမှာ လျှပ်စစ်ဟာမရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့် လျှပ်စစ်စွမ်းအင်ဖူလုံဖို့၊ အရည်အသွေးပြည့်ဝဖို့၊ သင့်တင့်မျှတတဲ့ ဈေးနှုန်းဖြစ်ဖို့ လျှပ်စစ်စီမံခန့်ခွဲမှုကောင်းမွန်ဖို့အတွက် အစိုးရအသီးသီးက နည်းလမ်းရှာဖွေဖြေရှင်းကြလျက်ရှိပါတယ်။ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း အမျိုးသားလျှပ်စစ်စွမ်းအင်စီမံချက် National Electrocutions Plant ၂၀၁၄ အရ ၂၀၃၀ မှာ တစ်နိုင်ငံလုံးအိမ်ထောင်စု ၁၀၀ ရာခိုင်နှုန်းဓာတ်အားရရှိဖို့ စီမံချက်ရေးဆွဲထားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နဲ့ လျှပ်စစ်သုံးစွဲမှုဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာလျက်ရှိပါတယ်။ ဒီလိုအပ်ချက်တွေကို ပြည့်မီအောင်ဖြည့်ဆည်းဖို့ဆိုရင် အစိုးရအနေနဲ့ နှစ်ရှည်စီမံကိန်း၊ ခေတ်မီတဲ့မူဝါဒတွေနဲ့ အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံအနေနဲ့ ကျေးလက်မီးလင်းရေးစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ ကျေးလက်မီးလင်းရေးစီမံကိန်းကနေ ရရှိလာမည့်အကျိုးရလဒ်တွေဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးတို့နှင့်လည်း ဆက်စပ်နေပါတယ်။ ကျေးရွာမီးလင်းရေးဆိုတာ ဘုရားစင်ပေါ်က မီးလုံးလေးတစ်လုံး၊ အိမ်ထဲကမီးချောင်း လေး၊ ငါးချောင်း လင်းရုံသက်သက် ဖုန်းအားသွင်းနိုင်ရုံလောက်မဟုတ်ဘဲနဲ့ ကျေးလက်ဒေသရဲ့ စိုက်ပျိုးရေးလုပ်ငန်းခွင့်သော်လည်းကောင်း၊ ဒေသထွက်ကုန် ထုတ်လုပ်ရာမှာသော်လည်းကောင်း၊ လျှပ်စစ်ကိုအသုံးချပြီး လွယ်ကူသက်သာစွာထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

လျှပ်စစ်ကိုအသုံးချပြီး အိမ်တွင်းမှုလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ စီးပွားဖြစ်လုပ်ကိုင်ဖန်တီးနိုင်မှသာ ဆင်းရဲမွဲတေမှုကို လျှော့ချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လျှပ်စစ်ဓာတ်အားခ နိမ့်ကျနေတာဟာလည်း လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးဖို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခ အာရှမှာသာမက ဘယ်နိုင်ငံနှင့်

ယှဉ်ယှဉ်စျေးနှုန်းအသက်သာဆုံးဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ သက်သာရတဲ့အကြောင်းအရင်းကတော့ နိုင်ငံတော်ဘဏ္ဍာငွေကနေ အရှုံးခံပြီးထုတ်လုပ်ပေးနေရလို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်ကို ၃၅ ကျပ် ကောက်ခံတာဖြစ်တဲ့အတွက် အမေရိကန်ဒေါ်လာနှင့် တွက်ရင်းတစ်ယူနစ်ကို နှစ်ဆင့်၊ သုံးဆင့်လောက်ပဲပေးရတဲ့သဘောဖြစ်ပါတယ်။ ဒါဟာ မဖြစ်သင့်တဲ့ အနေအထားပါ။ လျှပ်စစ်ဓာတ်အားခကို နိုင်ငံတော်ကမျှခံနေရခြင်းဟာ လျှပ်စစ်မီးရရှိတဲ့ဒေသတွေ အတွက် အကျိုးကျေးဇူးခံစားရပေမဲ့ ပြည်သူ့အခွန်ထမ်းဆောင်ရတာခြင်းအတူတူ လျှပ်စစ်မီးမရတဲ့ ဒေသတွေက ပြည်သူတွေအတွက်ကြတော့ များစွာအနစ်နာခံပေးနေရတာကြောင့် မဖြစ်သင့်တဲ့ကဏ္ဍလို့ ယူဆပါတယ်။

အထူးသဖြင့် လျှပ်စစ်မီးကိုအပြည့်အဝ သုံးချနေတာက ပြည်မတွေပဲဖြစ်ပါတယ်။ ကုန်ကျစရိတ်ကိုတော့ တစ်နိုင်ငံလုံးရဲ့ ပြည်သူတွေရဲ့အခွန်ကနေ ကျခံပေးပြီးမီးရဲ့အကျိုးကျေးဇူး ခံစားရတာကျတော့ မြန်မာနိုင်ငံအလယ်ပိုင်း အစိတ်အပိုင်းတွေဖြစ်တဲ့အတွက် မီးမရတဲ့ဒေသတွေအဖို့ မညီမျှမှုကိုခံစားနေရတာ ထင်ရှားပါတယ်။ ဒါကြောင့် ကျေးလက်အနှံ့မီးလင်းရေးကို နိုင်ငံတော်ကအားစိုက်ပြီး အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တစ်နိုင်ငံလုံး လျှပ်စစ်မီးသုံးစွဲဖို့ဆိုရင် မဟာဓာတ်အားလိုင်းကနေ ဖြန့်ကြက်ရတာဟာ ကုန်ကျစရိတ်ကြီးမားတဲ့အတွက် ဒေသအလိုက် လျှပ်စစ်ဓာတ်အား ပေးစက်ရုံငယ်တွေများများတည်ဆောက်ပေးပြီး ဆောင်ရွက်ပေးမှသာ ပိုမိုထိရောက်မှာ ဖြစ်ပါတယ်။ အစိုးရကပဲလုပ်လုပ်၊ ပုဂ္ဂလိကကုမ္ပဏီများကပဲလုပ်လုပ်၊ ကျေးရွာသမဝါယမအသင်းတွေဖွဲ့ပြီးပဲလုပ်လုပ် အားပေးသင့်ပါတယ်။ ဥပဒေတွေကို ရေးဆွဲပြီး ကာကွယ်ပေးသင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအိမ်ချင်း၊ ကုန်းတွင်းပိတ် လာအိုနိုင်ငံမှာဆိုရင် လျှပ်စစ်ဓာတ်အားပိုလျှံလျက်ရှိပြီး ဘေးနိုင်ငံတွေကိုပါ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဒါပေမဲ့ တိုင်းပြည်ရဲ့ နယ်စွန်နယ်ဖျားလို မဟာဓာတ်အားလိုင်းနဲ့ အလှမ်းဝေးတဲ့ဒေသတွေမှာကျတော့ အနီးအနားနိုင်ငံက လျှပ်စစ်ဓာတ်အားတွေကို ပြန်လည်ဝယ်ယူပြီး မျှဝေပေးနေတာကို တွေ့ရပါတယ်။ ဒါဟာ ပင်မလျှပ်စစ်ဓာတ်အားရုံကနေ သွယ်တန်းပြီး လျှပ်စစ်ပေးတာထက်စာရင် အနီးအနားကနေဝယ်ပြီး ချိတ်ဆက်ပေးတာက ကုန်ကျစရိတ်ပိုမိုသက်သာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒါတွေကို အတုယူသင့်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို အဓိက ဖြည့်ဆည်းပေးနေတာကတော့ အသေးစား၊ အလတ်စား၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းများ ဖြစ်ပါတယ်။ လက်ရှိအနေနဲ့ ရှမ်းပြည်နယ်အတွင်းမှာ ဒေသခံလုပ်ငန်းရှင်၊ ပညာရှင်၊ ကိုယ်ပိုင်အရင်းအနှီးများနှင့် စီမံခန့်ခွဲလုပ်ကိုင်နေတဲ့ စီမံကိန်းပေါင်း ၄၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ဒါပေမဲ့ အစိုးရက ဥပဒေအရ အသိအမှတ်ပြု အကာအကွယ်ပေးခြင်းတွေ၊ ပံ့ပိုးကူညီခြင်းတွေ၊ အားပေးခြင်းတွေ၊ အားနည်းလျက်ရှိနေတာကို တွေ့ရပါတယ်။ အဆိုပါစီမံကိန်းလုပ်ငန်းတွေဟာလည်း လိုအပ်တဲ့ ဘဏ္ဍာငွေအထောက်အပံ့များမရတဲ့အပြင် မဟာဓာတ်အားလိုင်းစီမံကိန်းများကြောင့် လုပ်ငန်းရှင်များ ထိခိုက်ကာ ဖျက်သိမ်းခံနေရခြင်းများလည်းရှိနေပြီး ဥပဒေအရ ထိရောက်တဲ့ အကာအကွယ်ပေးမှုတွေ ဆုံးရှုံးလျက်ရှိနေပါတယ်။ ဒါကြောင့် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသား အခွင့်အရေး ကြေညာစာတမ်း၊ ဂေဟစနစ်အခွင့်အရေး၊ မိရိုးဖလာ ဓလေ့ထုံးတမ်းအခွင့်အရေး၊ ဖွံ့ဖြိုးရေးအတွက် ဘက်စုံချဉ်းကပ်ပြီး လျှပ်စစ်စွမ်းအင်ဟာ ပြည်သူလူထုအတွက် မဖြစ်မနေရပိုင်ခွင့်ရှိတဲ့ဝန်ဆောင်မှု ဖြစ်တယ်ဆိုတဲ့မူကို အခြေခံပြီး နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားရောက်ရှိရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆိပ်ကမ်းမဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်းပြည့်ဝစွာရရှိရေး ဆောင်ရွက်ရာတွင် တိကျတဲ့မူဝါဒလမ်းညွှန်မှုများနဲ့ ဆောင်ရွက်ရန်တိုက်တွန်းထားတဲ့အဆိုအပေါ် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ် လူနေမှုစနစ်ရဲ့နိစ္စဓူဝကိစ္စတိုင်းမှာ လျှပ်စစ်မီးဟာ မရှိမဖြစ်အနေအထားကို ရောက်ရှိလာနေပြီး လျှပ်စစ်သုံးစွဲမှုဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်များပြားလာလျက်ရှိနေပါတယ်။ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အရင်းအမြစ်ပေါင်းစုံကနေထုတ်လုပ်လျက်ရှိပါတယ်။ လျှပ်စစ်စွမ်းအင်ကို နေအား၊ လေအား၊ ရေအားစတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy)တွေကနေရှိသလို

ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့စတဲ့ ရုပ်ကြွင်းလောင်စာတွေကို အသုံးပြုပြီးထုတ်လုပ်သုံးစွဲကြရပါတယ်။ စက်မှုအင်အားကြီးနိုင်ငံတွေမှာဆိုရင် ချူကလီးယားစွမ်းအင်ကနေလည်း ထုတ်လုပ်နေကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း လျှပ်စစ်လိုအပ်ချက်ဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်နေတဲ့အတွက် အဆိုပါလိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ဖို့ဆိုရင် အစိုးရအနေနဲ့ နှစ်ရှည်စီမံကိန်းရေးဆွဲပြီး ခေတ်မီတဲ့မူဝါဒတွေနဲ့ အကောင်အထည်ဖော်ဖို့လိုအပ်သလို အမျိုးသားအဆင့်ချမှတ်တဲ့ မဟာဗျူဟာတွေဟာ လက်တွေ့ဘဝအခြေအနေနဲ့ကိုက်ညီဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်လွှမ်းခြုံနိုင်ဖို့အတွက် အနည်းဆုံး မဂ္ဂါဝပ် ၁၄၀၀၀ ခန့်ထုတ်လုပ်ရမယ်လို့သိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတစ်နိုင်ငံရဲ့အားသာချက်ကတော့ ရှေ့ကဖွံ့ဖြိုးသွားတဲ့နိုင်ငံတွေကိုကြည့်ပြီး ၎င်းတို့ရဲ့အားသာချက်၊ အားနည်းချက်တွေကို သင်ခန်းစာယူနိုင်တာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့စွမ်းအင်လိုအပ်ချက်ကိုဖြည့်ဆည်းဖို့ စဉ်းစားကြတဲ့အခါ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို တည်ဆောက်သွားဖို့ပါဝင်လာတာကိုတွေ့ရပါတယ်။ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံဟာ ကျောက်မီးသွေးကို မီးရှို့လောင်ကျွမ်း၍ ရေနွေးငွေ့အင်ဂျင်ကိုလည်ပတ်စေပြီး လျှပ်စစ်ဓာတ်အားထုတ်ယူတာဖြစ်ပါတယ်။ ကျောက်မီးသွေးကိုအသုံးပြုခြင်းရဲ့အားသာချက်က ပေါများလွယ်ကူတဲ့ Resource ဖြစ်ပြီး ဈေးသက်သာခြင်းဖြစ်ပါတယ်။ အားနည်းချက်ကတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ ဓာတ်ငွေ့နဲ့ပြာများထုတ်လွှတ်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်းဖြစ်ပါတယ်။ ကျောက်မီးသွေးစက်ရုံတည်ဆောက်ထားတာ စနစ်မကျရင်၊ နည်းပညာမမြင့်မားရင် လေထု၊ ရေထုနဲ့ ပတ်ဝန်းကျင်အတွင်းသို့ အန္တရာယ်များတဲ့ အဆိပ်အတောက်တွေရောက်ရှိလာပြီး လူရဲ့အသက်အန္တရာယ်ကို ထိခိုက်စေတဲ့အထိ ဖြစ်စေပါတယ်။ ကျောက်မီးသွေးလောင်စာကနေတစ်ဆင့် Sulphur dioxide, Nitrogen oxide နဲ့ အခြားဓာတ်ငွေ့အမှုန်အမွှားများထွက်ရှိပါတယ်။ မီးရှို့တဲ့အခါမှာ Fly Ash နဲ့ Bottom Ash ဆိုပြီးတော့ ပြာနှစ်မျိုးထွက်ရှိပါတယ်။ ထွက်ရှိလာတဲ့ Arsenic ဓာတ်ကြောင့် ကင်ဆာရောဂါဖြစ်ပွားစေပြီး ပြဒါးနဲ့ ခဲဓာတ်တွေက လူရဲ့အာရုံကြောကိုထိခိုက်စေပါတယ်။ Thallium တစ်မျိုးက ကိုယ်ဝန်ပျက်ကြခြင်း၊ မွေးဖွားလာတဲ့အခါ ကိုယ်လက်အင်္ဂါမပြည့်စုံခြင်း စတာတွေဖြစ်စေပါတယ်။ ဆီလီနီယမ်ကနေ ရေနေသတ္တဝါတွေကို အဆိပ်သင့်စေပါတယ်။ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံက ရေပမာဏအများအပြားကိုသုံးစွဲရပြီး ပြန်လည်စွန့်ပစ်တဲ့အခါ ရေထုကိုညစ်ညမ်းစေတဲ့အတွက် ရေနေသတ္တဝါ

တွေကို ဆိုးကျိုးဖြစ်စေပါတယ်။ ဒါကြောင့်လည်း ကျောက်မီးသွေးစက်ရုံတွေကို လူနဲ့ဝေးရာမှာ ဆောက်လုပ်ကြရပါတယ်။ လူသူအရောက်အပေါက်နည်းရာ ကမ်းခြေတွေကို ရွေးချယ်လာကြခြင်း ဖြစ်ပါတယ်။ ယခုအခါ ခေတ်မီ Clean Coal Technology ပေါ်ပေါက်နေပြီဆိုပေမဲ့ စက်မှုဖွံ့ဖြိုး ပြီးနိုင်ငံတွေမှာတောင် စတင်အသုံးပြုနေတဲ့နည်းပညာဖြစ်ပြီး ဆင်းရဲတဲ့နိုင်ငံအဖို့ ကုန်ကျစရိတ် မတတ်နိုင်သေးတာကိုတွေ့ရပါတယ်။ တကယ်တော့ အခြားသောစွမ်းအင်အရင်းအမြစ်တွေမရနိုင်လို့သာ ကျောက်မီးသွေးကို ရွေးချယ်ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံလိုရွေးချယ်စရာ အရင်းအမြစ်တွေ ပေါများတဲ့နိုင်ငံအဖို့ ပြန်လည်စဉ်းစားသင့်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကျောက်မီးသွေးစက်ရုံများ တည်ဆောက်ခြင်းအားဖြင့် ဖြစ်ပေါ်လာတဲ့ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို တားဆီးနိုင်မယ့် အရည်အချင်း၊ နည်းပညာ၊ အတွေ့အကြုံမရှိသေးပါဘူး။ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်မှာ တည်ဆောက်ထားတဲ့ တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံဟာ အကောင်းဆုံးနမူနာဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာရင် အရေးယူနိုင်မယ့်ဥပဒေ၊ နည်းဥပဒေကလည်း အဆင်သင့်မရှိပြန်ပါဘူး။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံဟာ နေ့စဉ်ကျောက်မီးသွေးတန်ချိန်ပေါင်းမြောက်မြားစွာကို မီးရှို့နေကြရပါတယ်။ လောင်စာမပြတ်လပ်စေဖို့အတွက် လိုအပ်တဲ့ကျောက်မီးသွေးပမာဏကိုလည်းပဲ မြေပြင်မှာ စနစ်တကျစုပုံထားရပါတယ်။ ကျောက်မီးသွေးစုပုံမှုကြောင့် Methane ဓာတ်ငွေ့များ ထွက်လာတဲ့အခါ အလိုအလျောက်မီးလောင်နိုင်ပြီး ပတ်ဝန်းကျင်လေထုညစ်ညမ်းစေတဲ့အတွက် ရေဖြန်းပေးရပါတယ်။ ထွက်လာတဲ့ရေက Sulphur ဓာတ်ပါဝင်တဲ့အတွက် စနစ်တကျစွန့်ပစ်ခြင်း မလုပ်နိုင်ရင် သောက်သုံးရေနဲ့ချောင်းမြောင်းများကို ညစ်ညမ်းစေပါတယ်။ လိုအပ်တဲ့ ကျောက်မီးသွေး ကုန်ကြမ်းရရှိဖို့အတွက် တူးဖော်တဲ့အခါမှာလည်း လွယ်ကူပြီးကုန်ကျစရိတ် သက်သာတဲ့ ဟင်းလင်းပွင့်၊ တွင်းပွင့်တူးခြင်း Service Mining ကိုအများဆုံးအသုံးပြုကြပါတယ်။ ရှမ်းပြည်နယ်ဟာ ကျောက်မီးသွေးအရင်းအမြစ်ကြွယ်ဝတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီတွေ ရောက်လာပြီး Service Mining ဖြင့် မဆင်မခြင်တူးဖော်ကြတဲ့အခါမှာ ရေမျက်နှာပြင်သွင်ပြင်နဲ့ ရေစီးဆင်းမှုကိုပြောင်းလဲသွားစေမယ့်အပြင် သဘာဝပတ်ဝန်းကျင်အလှအပတွေကို အကြီးအကျယ် ထိခိုက်စေမှာဖြစ်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနက အရေးတယူထည့်သွင်းစဉ်းစားပေးရမှာဖြစ်ပါတယ်။ အလားတူ မိမိရဲ့မိုင်းကိုင်မဲဆန္ဒနယ်အတွင်းမှာလည်း ပုဂ္ဂလိကကုမ္ပဏီတွေကို အသေးစားကျောက်မီးသွေးတူးဖော်ထုတ်ယူခွင့် ပြုထားခဲ့ရာမှာ နှစ်ရှည်ထင်းရှူးတောများနဲ့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးမှုဖြစ်ပေါ်စေတဲ့အတွက်ကြောင့် ဒေသခံပြည်သူများရဲ့ စိုးရိမ်တကြီး

ကန့်ကွက်မှုကိုကြုံတွေ့ခဲ့ရပြီး ပြည်သူလူထုနဲ့ကုမ္ပဏီကြား ပဋိပက္ခများဖြစ်ပွားခဲ့ရကြောင်းကို တင်ပြရင်း အဆိုအပေါ် အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ဦးတင်မောင်ဝင်းရဲ့အဆိုမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ တိကျခိုင်မာသောမူဝါဒ၊ လမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန်ဆိုတဲ့အချက်ကို အဓိကဆွေးနွေးပါမယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူဝါဒဆိုတာ နိုင်ငံတော်အဆင့် တစ်နည်းအားဖြင့် အမျိုးသားအဆင့် မူဘောင် သတ်မှတ်ချက်ဖြစ်ပါတယ်။ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြားချက်တွေအားလုံး ဒီမူဘောင်ထဲမှာပဲ ရှိစေရမှာဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာမှာထိပ်တန်း ရောက်နေတဲ့နိုင်ငံတွေ၊ ထိပ်တန်းရောက်ဖို့အလားအလာရှိတဲ့နိုင်ငံတွေမှာ စွမ်းအင်နဲ့လျှပ်စစ်ကဏ္ဍကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း၊ တချို့နိုင်ငံတွေမှာ ကိုယ်ပိုင်စွမ်းအင် သယံဇာတ တောင် လုံလောက်အောင်မရှိပေမဲ့ စွမ်းအင်ဈေးနှုန်းသက်သာစေရေး၊ စွမ်းအင်အရည်အသွေး ပြည့်ဝ စေရေးနဲ့ စွမ်းအင်လုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း လေ့လာသူတစ်ဦးက ဆိုပါတယ်။ ဒီနိုင်ငံတွေရဲ့စွမ်းအင်နဲ့လျှပ်စစ်ကဏ္ဍကိုကြည့်ရင် အမျိုးသားအဆင့်စွမ်းအင်မူဝါဒနဲ့ အမျိုးသားအဆင့် မဟာဗျူဟာတွေ ခိုင်ခိုင်မာမာ ချမှတ်ထားတာတွေ့ရပါတယ်။ ဥပဒေ၊ နည်းဥပဒေ တွေကိုလည်း ရင်းနှီးမြှုပ်နှံသူ၊ ထုတ်လုပ်သူနဲ့ သုံးစွဲသူများမျှတအောင် ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ကြ ကြောင်း သိရပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အရေးကြီးဆုံးကတော့ အမျိုးသားရေးမူဝါဒ(National Policy)ချမှတ်ခြင်းပဲဖြစ်ပါတယ်။ ဒီလိုမူဝါဒချမှတ်တဲ့နေရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ ကမ္ဘာ့အတွေ့ အကြုံရှိတဲ့နိုင်ငံ၊ အဖွဲ့အစည်း ဒါတွေရဲ့အကူအညီကို ရယူရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအဖွဲ့အစည်းတွေ၊ အတွေ့အကြုံရှိလို့၊ မိမိထက်သာလို့ဆိုပြီးတော့ နိုင်ငံတကာလက်ထဲကို လုံးဝအပ်လိုက်လို့မရပါဘူး။ နိုင်ငံအတွက် အရေးကြီးတဲ့မူဝါဒတွေ ရေးဆွဲချမှတ်မယ်ဆိုရင် နိုင်ငံတော်က သက်ဆိုင်ရာဝန်ကြီးဌာန၊ အကြီးအကဲတွေ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူတွေ၊ အမျိုးသားရေးအသိ၊ သတိရှိသူတွေ ဦးဆောင် ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအချို့ရဲ့ စွမ်းအင်ဆိုင်ရာမူဝါဒကို လေ့လာကြည့်မယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့စွမ်းအင်ဆိုင်ရာမူဝါဒ(၆)ချက် အဓိကတွေ့ရပါတယ်။

လောင်စာဆီဖိုးကုန်ကျသက်သာစေမယ့် လောင်စာဆီကိုသုံးစွဲရေး၊ သန့်ရှင်းသောစွမ်းအင်ကို အနာဂတ်ကာလအတွက် မျှော်မှန်းရေးဆိုတာတွေပါတာ တွေ့ရပါတယ်။ တရုတ်နိုင်ငံရဲ့စွမ်းအင်မူဝါဒမှာ အကျဉ်းချုပ်အားဖြင့် စွမ်းအင်ကိုချွေတာပြီး ထိရောက်အောင်အသုံးပြုဖို့ ပြည်သူများ လူနေမှုဘဝမြှင့်တင်ဖို့ စတဲ့အချက်တွေ အလေးထားတွေ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ စွမ်းအင်မူဝါဒမှာတော့ (၁၁)ချက် တွေ့ရပါတယ်။ ဓာတ်အားထုတ်လုပ်မှုလျှော့ချရေး၊ ငွေကြေးမတတ်နိုင်သောပြည်သူများအတွက် သီးခြားအစီအမံများချမှတ်ရေးတို့ တွေ့ရပြီးတော့ သူ့နိုင်ငံ၊ သူ့ပကတိအခြေအနေနဲ့ ပြည်သူအားလုံးစွမ်းအင်အသုံးချနိုင်အောင် မျှော်မှန်းရေးဆွဲထားတယ်လို့ သုံးသပ်ရှုမြင်နိုင်ပါတယ်။ ထိုင်းနိုင်ငံရဲ့မူဝါဒမှာ စွမ်းအင်တိုးမြှင့်ရေးဆိုတာကို ရှေ့ဆုံးမှာထားပြီးတော့ အစားထိုးလောင်စာစွမ်းအင်သုံးစွဲရေးနဲ့ မူဝါဒအကောင်အထည်ဖော်ရာမှာ ပြည်သူလူထုပါဝင်လာရေးစတဲ့အချက်တွေကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်မှာလည်း ပါတီစုံဒီမိုကရေစီကူးပြောင်းလာပြီးတဲ့နောက်ပိုင်းမှာ ကိုယ့်နိုင်ငံအတွက် စွမ်းအင်မူဝါဒအရေးကြီးတဲ့အတွက် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ(National Energy Management Committee)ကို ဒုတိယသမ္မတ(၂)က နာယကအဖြစ်ဦးဆောင်ပြီးတော့ စွမ်းအင်ဝန်ကြီးဌာန၊ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာနခုနစ်ခုနဲ့ လွတ်လပ်တဲ့ပညာရှင်များအပါအဝင်(၁၁)ဦးနဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီရဲ့လုပ်ငန်းတာဝန်ကိုလည်း (၂၂)ချက် ထုတ်ပြန်ပေးထားပါတယ်။ အဲဒီတော့ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ EDC ကိုလည်း ဆက်လက်ဖွဲ့စည်းခဲ့ပါတယ်။ စွမ်းအင်မူဝါဒရဲ့ အဓိကဦးတည်ချက်(၃)ရပ်ကတော့ လက်ရှိရော နောင်ပါ စွမ်းအင်လုံခြုံမှု၊ ဖူလုံမှုရှိစေရမယ်။ စွမ်းအင်ဝယ်ယူသုံးစွဲသူနဲ့ သုံးစွဲနိုင်မယ့်ဈေးနှုန်းဖြစ်ရမယ်။ စွမ်းအင်နဲ့ဆက်လက်ပြီးတော့ မိမိနိုင်ငံဟာ အခြားနိုင်ငံတစ်ခု၊ အဖွဲ့တစ်ဖွဲ့မှာမှီခိုရတဲ့အဖြစ်မျိုးမရောက်အောင် စီမံရမယ်လို့ဖြစ်ပါတယ်။ ချမှတ်ထားတဲ့အတိုင်း ကမ္ဘာ့ပညာရှင်များနဲ့ပေါင်းစပ်ပြီးတော့ စွမ်းအင်ဆိုင်ရာမူဝါဒကိုးချက်ကိုလည်း ချမှတ်ခဲ့ပါတယ်။ ဒီကိုးချက်ကိုကြည့်လို့ရှိရင် ပြန်ဖြစ်မြဲစွမ်းအင်သုံးဖို့၊ စွမ်းအင်ထုတ်လုပ်ရာမှာ ဒေသရဲ့အကျိုးနဲ့ တစ်နိုင်ငံလုံးရဲ့အကျိုးကို မျှတစွာကြည့်ဖို့၊ စွမ်းအင်ချွေတာဖို့၊ ဈေးကွက်စီးပွားရေးကို အကောင်အထည်ဖော်ဖို့နဲ့ ပြည်သူလည်းတတ်နိုင်ပြီး ထုတ်လုပ်သူလည်းအကျိုးရှိစေမယ့် ဈေးနှုန်းဖြစ်ဖို့ဆိုတဲ့အချက်တွေ ပါရှိတာတွေ့မြင်နိုင်ပါတယ်။ ဒီအချက်တွေဟာ နိုင်ငံတော်ကို ဘယ်သူပဲတာဝန်ယူယူ၊ ဘယ်အစိုးရပဲအုပ်ချုပ်အုပ်ချုပ် ထာဝရရှင်သန်ဆောင်ရွက်နေသင့်တဲ့ အဓိကအချက်တွေလို့ ရှုမြင်ရပါတယ်။ ဒီမူဝါဒများနဲ့

အတူ ကဏ္ဍအလိုက်ဆောင်ရွက်ရမယ့် ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေလည်း ချမှတ်ပေးထားပါတယ်။ လျှပ်စစ်ကဏ္ဍမှာ ရည်မှန်းချက်(၇)ချက်နဲ့ လုပ်ငန်းစဉ်(၈)ရပ်တို့ကို တင်ပြပါအတိုင်းရေးဆွဲထားပါတယ်။ ဒီထဲမှာ ကျောက်မီးသွေးစွမ်းအင်အတွက် ရည်မှန်းချက်(၁၃)ခု၊ လုပ်ငန်းစဉ်(၁၄)ရပ်လည်း ချမှတ်ခဲ့ကြောင်း သိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စွမ်းအင်မူဝါဒကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ အပြီးသတ်ထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။ ဒီလိုမူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်တွေချမှတ်ပြီးတဲ့နောက် ဝန်ကြီးဌာနအလိုက် မဟာဗျူဟာ Master Plan တွေ၊ ဥပဒေ၊ နည်းဥပဒေတွေ ဆက်လက်ရေးဆွဲခဲ့ကြပါတယ်။ လိုအပ်တဲ့ နောက်ဆက်တွဲလုပ်ငန်းစဉ်တွေကိုလည်း ရေးဆွဲအကောင်အထည်ဖော်ခဲ့တယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေကိုပြန်ပြီး ခြုံကြည့်လို့ရှိရင် ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်ကာလအတွင်းမှာ ပထမအကြိမ် အစိုးရသက်တမ်းမှာ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအပါအဝင် ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ တစ်မျိုးသားလုံးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာမူဝါဒ ရေးဆွဲခဲ့တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။ အဲဒီကာလမှာပဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ တစ်ပြိုင်တည်းဆောင်ရွက်ရတာဖြစ်တဲ့အတွက် အားနည်းချက်နဲ့ မူဝါဒနဲ့အံမဝင်တာတွေ ရှိနိုင်ခဲ့ပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်အရ ငါးနှစ်တစ်ကြိမ်အစိုးရတစ်ဖွဲ့ကို ရွေးချယ်ရတာဖြစ်တဲ့အတွက် တစ်ဖွဲ့တက်လာတိုင်း ထုတ်ပြန်ထားတဲ့ အမျိုးသားရေးမူဝါဒများနဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို အားနည်းမှုတစ်ခုတွေ့တာနဲ့ ဖျက်မယ်၊ ပြောင်းမယ်ဆိုရင် နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးဟာ ရပ်တန့်ရာကနေ ကျဆုံးလာတဲ့အထိ ဖြစ်နိုင်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ပြုပြင်ထိန်းကျောင်းပြီး ဆက်လက်ဆောင်ရွက်ကြမယ်ဆိုရင် အဆိုရှင်လိုချင်တဲ့ တစ်နိုင်ငံလုံး လျှပ်စစ်စွမ်းအားရရှိနိုင်ကြောင်း ရာခိုင်နှုန်းပြည့် သေချာနိုင်ပါတယ်။ ယနေ့လက်တွေ့မြေပြင်မှာမြင်နေရတာတောင် ၂၀၁၅ ခုနှစ်ကတည်းကဆောင်ရွက်ခဲ့တဲ့၊ လက်မှတ်ရေးထိုးခဲ့တဲ့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ဆောင်ရွက်မယ့် NEP စီမံကိန်းဟာ လေးနှစ်ကြာခဲ့ပေမဲ့ ၂၀၁၉ ခုနှစ် ယနေ့အချိန်အထိ ပျော်ဘွယ်မှာ စီမံကိန်းပါကျေးရွာတွေ လျှပ်စစ်မီးမလင်းသေးတဲ့အတွက် အမြန်ဆုံးဆောင်ရွက်ဖို့လိုအပ်ချက်၊ ကိုယ့်ချွေးနည်းစာနဲ့ ငွေကြေးစုဆောင်းပြီး လျှပ်စစ်ရအောင်ဆောင်ရွက်နေတဲ့ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီတွေအပေါ်မှာ စိုက်ထုတ်ထားတဲ့ငွေကြေးများ ကျေလည်သည်၊ မကျေလည်သည်မဆန်းစစ်ဘဲ တစ်ဖက်မှ ဌာနကိုအပ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်၊ ငွေကြေး

မထည့်ဝင်ဘဲ အခမဲ့ရလိုတဲ့ကျေးရွာများဘက်မှ တစ်ဖက်သတ် အခွင့်အရေးဖြစ်နေတဲ့ ညွှန်ကြားချက်၊ အစိုးရဆောင်ရွက်ပေးရမယ့် ၃၃ ကေဗွီကဲ့သို့ စွမ်းအားမြင့်ဓာတ်အားလိုင်းကို လျှပ်စစ်ဓာတ်အား ရလိုတဲ့ဆန္ဒနဲ့ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ ကျေးလက်မီးလင်းရေး၊ ပြည်သူများရဲ့အခက်အခဲ စတဲ့အခြေအနေတွေကို တွေ့မြင်နေရတဲ့အတွက် လက်ရှိကျင့်သုံးနေတဲ့ အမိန့်၊ ညွှန်ကြားချက်တို့ကို ပြန်လည်သုံးသပ်ပြီး ရေးဆွဲထားတဲ့ တိကျခိုင်မာတဲ့မူဝါဒနဲ့အညီ အမျိုးသားအကျိုးစီးပွားကို စေတနာ မှန်စွာ ဆောင်ရွက်ပေးကြပါလို့ လေးစားစွာတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပြီးတော့မှ ဆိပ်ကမ်းမဲဆန္ဒနယ်က ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို ကျွန်တော်ထောက်ခံပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ ငြင်းမရတဲ့ကိစ္စကတော့ ကျွန်တော်တို့နိုင်ငံဟာ ငွေကြေးနေအင်အားလည်း အင်မတန်နွမ်းပါးနေတယ်။ အဲသလိုပဲ လျှပ်စစ်ဓာတ်လည်း အင်မတန် ကျွန်တော်တို့ငတ်နေကြတယ်။ အဲဒီနှစ်ခုက တော်တော်ဆိုးရွားတဲ့အနေအထား၊ နိုင်ငံတကာ၊ အဝေးမပြောနဲ့ အာဆီယံနိုင်ငံထဲမှာတောင် ကျွန်တော်တို့နိုင်ငံရဲ့ရေချိန်ဟာ ဘယ်လိုဖြစ်နေသလဲဆို တော့ နိုင်ငံတကာက သတ်မှတ်တဲ့ဆင်းရဲနွမ်းပါးတဲ့မျဉ်းအောက် အဲဒီမှာရောက်နေပြီးတော့မှ အာဆီယံ မှာ ကျွန်တော်တို့အဆင့် ၈ လောက် ဒီလိုအနေအထားမျိုးရှိနေပါတယ်။ အဲဒီတော့ ဒါကိုဆွဲတင်ဖို့ အတွက်က ဘာလိုမလဲဆိုတော့ လိုတဲ့အချက်ထဲမှာ တစ်ခုက အဓိကက လျှပ်စစ်ဓာတ်ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက်ရရှိရေး။ ဒါအင်မတန်အရေးကြီးပါတယ်။ လျှပ်စစ်ဓာတ်မရလို့ရှိရင် ဘယ်နိုင်ငံမှ မရပ်တည်နိုင်ပါဘူး။ အဲဒီတော့ လျှပ်စစ်ဓာတ်ရအောင် နိုင်ငံတကာက ဘယ်လိုလုပ်နေကြသလဲ။ Generation Mix ဆိုတဲ့ဥစ္စာက အားလုံးသိကြမှာပါ။ လျှပ်စစ်ဓာတ်အားဖူလုံဖို့အတွက် ဘယ်နိုင်ငံ မဆို အင်မတန်ချမ်းသာတဲ့နိုင်ငံတွေရော၊ အင်မတန်အဆင်ပြေနေတဲ့နိုင်ငံတွေရော ဘာလုပ်ရသလဲ ဆိုတော့ နေကနေ ယူမယ်။ လေကနေ ယူမယ်။ အပူငွေ့ကနေ၊ ကျောက်မီးသွေးကနေ ယူမယ်။ ရေအား က ယူမယ်။ Bio mass ကယူမယ်။ သဘာဝဓာတ်ငွေ့ကယူမယ် စသဖြင့် အမျိုးမျိုး သူနိုင်ငံရဲ့လိုအပ်

ချက်နှင့်အညီ အချိုးအစားကို သူဘာသာသူလုပ်ပြီးတော့မှ ယူတာကတော့ အကုန်လုံးကိုယူပြီးတော့မှ ပြဿနာဖြေရှင်းနေကြတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါက အမေရိကန် တက္ကစက်က လေအားနဲ့ထုတ်နေတဲ့ပုံပါပဲ။ ဒါက တရုတ်ပြည်ကပါ။ ရေထဲမှာစိုက်ထားတဲ့ဥစ္စာတွေပါ။ ဒါလည်း တရုတ်ပြည်ကပါပဲ။ ကောင်းကင်ကနေပြီးတော့မှ မြင်ရတဲ့ပုံပါ။ ဒါက တရုတ်ပြည်ကပါပဲ။ အဲဒီတော့ ဒီလိုသုံးနေသလို နေရောင်ခြည်ကနေယူတဲ့ လျှပ်စစ်ထုတ်လုပ်တဲ့ကိစ္စတွေကို ကယ်လီဖိုးနီးယားဘက်ကပါ။ အတူတူပါပဲ။ ဒါ ဆိုလာပြားတွေ တပ်ဆင်နေကြတဲ့ အမေရိကန်မှာပါ။ ဒါလည်း အတူတူပါပဲ။ အဲဒီလိုပါပဲ။ ရေစွမ်းအင်ကနေ ဟိုက်ဒရိုပါဝါပေါ့။ ဒါက နာမည်ကျော် မြစ်ကြီး သုံးသွယ် Gorgest Project တရုတ်ပြည်ကပါ။ ဒါက မဲခေါင်။ ဒါလည်း မဲခေါင်ပါပဲ။ ဒါလည်း မဲခေါင်ပါပဲ။ အဲဒီလို ယူကြသလို ကျောက်မီးသွေးကနေယူတဲ့ လုပ်ငန်းတွေလည်း နိုင်ငံတကာအသီးသီး မှာ လုပ်နေတာ တွေ့ရပါတယ်။ ဒါ အိန္ဒိယက Super Critical ကျောက်မီးသွေးစက်ရုံပါ။ ဒါက ပါကစ္စတန်ပါ။ ဒါက အိန္ဒိယကပါပဲ။ ဟိုက်ဒရာ ဟိုက်ဖန်နာပြည်နယ်ကပါ။ ဒါ ဆော်ဒီအာရေဗီးယား ကပါ။ အံ့ဩစရာကောင်းတာက ဒီလောက်ရေနံစွမ်းအင်ကြွယ်ဝနေတဲ့ ဆော်ဒီအာရေဗီးယားတောင်မှ Clean Coal ကို လက်လွတ်မခံပါဘူး။ ဒါလည်း အိန္ဒိယကပါပဲ။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက ကျွန်တော်အာရုံရောက်သွားတာက Clean Coal ဘာဖြစ်လို့လဲဆိုတော့ Clean Coal ကိစ္စဟာ အင်မတန်ကို ဒီဘက်မှာလည်း အတိုက်အခံတွေပေါ့လေ။ မကျေနပ်တာ၊ စိုးရိမ်စိတ်များတာ။ ဒေသခံ တွေ။ ဒါကိုလည်း အပြစ်တင်လို့မရပါဘူး။ သို့သော် ကျွန်တော်တို့က Clean Coal ဟာ ဟိုတုန်းကလို မဟုတ်ဘူး။ အင်မတန်ကို ယဉ်ကျေးအောင်လုပ်လို့ရပြီ။ သုံးနေကြပြီဆိုပြီးတော့မှ ဒါကို ကျွန်တော်တို့ နားလည်အောင်ပြောပြလို့ရပါတယ်။ နားလည်အောင်ပြောပြဖို့လည်း ကျွန်တော်တို့လုပ်ရမှာပါပဲ။ ဥပမာ အိန္ဒိယမှာဆိုရင် လက်ရှိသုံးနေတဲ့ ကျောက်မီးသွေးစက်ရုံကနေ ၅၈၉ ရုံ၊ ဆောက်မယ့်ဥစ္စာက ၄၄၆ ရုံ၊ ၇၆ ရာခိုင်နှုန်းက Clean Coal ကို သုံးပါတယ်။ တရုတ်မှာလည်း ၆၅ ရာခိုင်နှုန်းသုံးပါတယ်။ ဥရောပမှာ ၄၉၅ ရုံ စုစုပေါင်းသုံးပါတယ်။ ဖိလစ်ပိုင်မှာ လက်ရှိလည်နေတာ ၁၉ ရုံ၊ နောက်ထပ် ၆၀ ရုံ ဆောက်ပါမယ်။ အဲဒီလိုပဲ ဂျပန်မှာလည်း ကျောက်မီးသွေးစက်ရုံ ၉၀ ရုံရှိပါတယ်။ နောက်ထပ် ၄၅ ရုံ ထပ်ဆောက်ပါဦးမယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီဥစ္စာကို တည့်အောင်စားမယ်ဆိုရင် ဥပမာဆိုကြပါ စို့။ ငါးပုတင်းတစ်ကောင် အင်မတန်အရသာရှိတယ်လို့ ပြောပါတယ်။ ငါးပုစီလို့လည်း ခေါ်ပါတယ်။ ဒီအတိုင်းစားရင် သူကသေသွားမှာပဲ။ သို့သော် အဆိပ်ဖြစ်တဲ့အပိုင်းလေးကို ကျွမ်းကျင်သူတွေက

ရွေးချယ်ထုတ်ပြီးတော့ စားလို့ရှိရင်  အင်မတန်မှအရသာရှိသော ကြယ်ငါးပွင့်တွေ၊ ကြယ်ခြောက်ပွင့်တွေမှာ စျေးတော်တော်ကြီးကြီးပေးပြီးတော့ စားရတယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒီတော့ ဒီလိုထိန်းသိမ်းနိုင်ပါပြီးဆိုတဲ့ဥစ္စာကို သဘောပေါက်အောင် လူထုက ------------။

**ဥက္ကဋ္ဌ**။          ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။          ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်တင်ရီဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၏အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်၊ လေ့လာသုံးသပ်ချက်အရ လျှပ်စစ်ဓာတ်အားတစ်နိုင်ငံလုံးမှာဆိုရင် ၃၈ ရာခိုင်နှုန်းသော လွှမ်းခြုံနိုင်သေးသည်ဖြစ်၍ ၆၂ ရာခိုင်နှုန်းကသာ တောရော၊ မြို့ပေါ်မှာပါ လိုအပ်နေပါသေးတယ်။ ၂၀၃၀-၂၀၃၇ ခုနှစ် လျှပ်စစ်လိုအပ်ချက်ဆိုရင် ၁၄၀၀၀ မဂ္ဂါဝပ်ခန့် လိုအပ်သည်ဖြစ်၍ လက်ရှိတွင် ၅၀၀၀ မဂ္ဂါဝပ်ခန့်သာရှိသေးသဖြင့် ၉၀၀၀ မဂ္ဂါဝပ်ခန့်လိုအပ်နေပါသေးတယ်ရှင်။ အမှန်တကယ်စီမံကိန်းတစ်ခုကို အောင်မြင်ဖို့ဆိုရင် ရှေ့လျှောက်လှမ်းဖို့ရာမှာ မူဝါဒကောင်းများရှိရပါမယ်။ မဟာဗျူဟာကောင်းကောင်းနဲ့ စံချိန်စံညွှန်းများကို သေချာစွာသတ်မှတ်ပြီး ဆိုင်ရာကိစ္စရပ်အလိုက် ဥပဒေတွေကို ခိုင်မာစွာပြဋ္ဌာန်းထားဖို့အတွက် လိုအပ်ပါတယ်ရှင်။ မူဝါဒ၊ ဥပဒေ၊ စီမံခန့်ခွဲမှုစနစ်နဲ့ လုပ်နည်းလုပ်ဟန်ကို ခေတ်စနစ်နှင့်အညီ ပါဝင်ပတ်သက်နေသူများအားလုံးကိုလည်း ထိန်းကျောင်းမည့်ပုံစံများကို တိကျစွာ သတ်မှတ်ထားရှိဖို့ လိုအပ်သည့်အပြင် ခေတ်မီအီလက်ထရောနစ် ကိရိယာများကိုလည်း ကျယ်ပြန့်စွာ သုံးစွဲဖို့လည်း လိုအပ်ပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာမှအတွေ့အကြုံများကိုလည်း အတုယူသင့်တာကို အတုယူရပါမယ်။ ရန်ပုံငွေအခက်အခဲကြောင့် ခေတ်မီကိရိယာများကို ငြိုးငြံခွေ့တာနေရခြင်း၊ ပြုပြင်လိုစိတ်အားနည်းခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ အဟန့်အတားများဖြစ်နေ ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်စတဲ့ ဒေသကြီးသုံးခုဟာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသတွေထက် ရာသီဥတု စိုက်ပျိုးရေး၊ ရေလုပ်ငန်းများဖြစ်ထွန်းအောင်မြင်စွာလည်း ရင်းနှီးမြှုပ်နှံဖို့ကောင်းမွန်တဲ့ စွမ်းအင်အရင်းအမြစ်တွေ ပေါများတဲ့

ဒေသကြီးများဖြစ်ပါလျက် လျှပ်စစ်စွမ်းအင်ကိုရှိဖို့ တစ်ယူနစ်လျှင် ၄၅၀ မှ ၇၀၀ အထိ ပေးနေရသဖြင့် ရင်းနှီးမြှုပ်နှံမည့် အလုပ်ရုံတွေကို လိုအပ်သလောက်မထူထောင်နိုင်တာကြောင့် တိုင်းရင်းသား လူငယ် လူရွယ်များသည် အလုပ်အကိုင်ရှားပါးပြီး အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်၍ လုပ်ကိုင်နေကြရတဲ့ အတွက်လူသားအရင်းအမြစ်များ၊ ဆုံးရှုံးနေရသည်မှာ ၆၂ ရာခိုင်နှုန်းရရှိကြောင်း သိရှိရပြီး ၂၀၁၈ ခုနှစ်တွင် ပို၍များပြားနေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရခြင်းရဲ့နှောင့်နှေးနေရခြင်း အကြောင်းအရင်းမှာ လျှပ်စစ်စွမ်းအင်မလုံလောက်တဲ့ အကြောင်းကလည်း အခြေခံအချက်လည်း ဖြစ်ပါတယ်ရှင်။ ယနေ့ အမျိုးသမီး ၃၆ ယောက်နှင့် အမျိုးသား ၅၄ ရာခိုင်နှုန်းဟာ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မှု အားနည်းချက်ကြောင့် စီးပွားရေးလုပ်ငန်းများကို မစတင်နိုင်သေးဘဲနှောင့်နှေး နေရကြောင်း သိရှိရ ပါတယ်။ သို့ဖြစ်ပါ၍ အခက်အခဲအကြမ်းအတမ်းများကို အခွင့်အလမ်းဖြင့် အသုံးချနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်ရှင်။ အဆိုနှင့်စပ်လျဉ်း၍ မိမိနိုင်ငံရဲ့ ရေမြေရာသီဥတုအခြေ အနေ၊ နိုင်ငံစီးပွားရေးအခြေအနေများအရ ဓာတ်အားခဈေးနှုန်းသက်သာစေမည့် ထုတ်လုပ်မှုအရင်း အမြစ်များကို ဦးစားပေးသုံးစွဲရေးနှင့် အရင်းအမြစ်အချိုးရောစပ်မှု၊ Generation Mix မှန်ကန် စေရေးတို့ကို တိုက်တွန်းဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းမှာ ဖော်ပြပါ စွမ်းအင် အရင်းအမြစ်များကို အသုံးပြုရပါတယ်ရှင်။

Power Point အသုံးပြုခွင့်ပေးပါရှင်။ ဘယ်အရင်းအမြစ်ကိုသုံးသည်ဖြစ်စေ၊ အားသာချက်ရှိ သလို အားနည်းချက်များလည်း တွဲယှက်ပါနေကြပါတယ်။ အဓိကကျတဲ့ဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်အချို့ရဲ့ အားသာချက်နဲ့ အားနည်းချက်တို့ကို နှိုင်းယှဉ်၍ဖော်ပြသွားပါမယ်ရှင်။ အဆိုနှင့် စပ်လျဉ်း၍ မိမိနိုင်ငံ၏ ရေမြေရာသီဥတုအခြေအနေ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများအရ ဖော်ပြတဲ့အချက်အလက်များကို ပေါင်းစုစဉ်းစားတဲ့အခါမှာ မြန်မာနိုင်ငံမှာ လက်တွေ့ဖြစ်သင့် ဖြစ်ထိုက်တဲ့ အရင်းအမြစ်အချိုးကို ရရှိအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အခြေခံရမည့်အချက်တွေကတော့ ဓာတ်အားခဈေးနှုန်းဟာ ပြည်သူတွေတတ်နိုင်တဲ့ဈေးနှုန်းဖြစ်၍ အရည်အသွေးကောင်းမွန်သော ဓာတ်အားဖြစ်ရေး အရင်းအနှီးလုံခြုံစိတ်ချရပြီး ရေရှည်မှာ အခက်အခဲမတွေ့စေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်မှု သက်သာစေရေး မြန်မာ့အခြေအနေအရ ကာလတိုအတွင်း ရရှိစေရေးစတဲ့ အချက်ငါးချက်နှင့်ကိုက်ညီအောင် စဉ်းစား

ပြီးအရင်းအမြစ်မျိုးစုံကို ပါဝင်ရောစပ်မှု Generation Mix ကို မှန်ကန်စေရေးစနစ်တကျ အားစိုက်ဆောင်ရွက်ပါရန်နှင့် ပြည်သူများကပါ ထိုအနှစ်များကို လက်ခံသဘောပေါက်လာအောင် ပညာပေးစည်းရုံးဆောင်ရွက်ပေးပါရန် တိုက်တွန်းရင်းနှင့် ဇင်းအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမှာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ပြခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်လုပ်ငန်းဟာလွတ်လပ်ရေးမရမီကတည်းက စတင်ခဲ့တာပါ။ RET ခေါ်တဲ့ ရန်ကုန်ဓာတ်အားပေးရေးနှင့် ဓာတ်ရထားပေးဆွဲရေးကုမ္ပဏီက စတင်ပြီး လွတ်လပ်ရေးရပြီးတဲ့နောက်မှာလည်း နိုင်ငံတကာထက်နောက်မကျခဲ့တဲ့ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းတွေကို ၁၉၆၀ ခုနှစ်အတွင်းမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီနောက်လည်း ဓာတ်အားထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနဲ့ ဖြန့်ဖြူးရေးကို ကမ္ဘာ့ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့တာလည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဗီယက်နာမ်၊ လာအို၊ ထိုင်းတို့ထက်အများကြီးစောခဲ့ပါတယ်။ အဆိုပါနိုင်ငံများဟာ ၁၉၉၀ ပြည့်နှစ်ကစပြီး လျှပ်စစ်လုပ်ငန်းများရဲ့ စီမံခန့်ခွဲမှုသိသာစွာ ပြုပြင်ပြောင်းလဲနိုင်ခဲ့တဲ့အတွက် ဒီနေ့ ကမ္ဘာ့အဆင့်မီ စီမံခန့်ခွဲနိုင်တဲ့ အဆင့်ကိုရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအခြေအနေကတော့ ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုမှာ ပြုပြင်ပြောင်းလဲရမည့် စီမံခန့်ခွဲမှုအဝဝကို ယနေ့အထိ သိသိသာသာဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရက စီမံခန့်ခွဲနေတဲ့ ပုံစံအဖြစ် ဝန်ထမ်းများကိုယ်တိုင် စီမံခန့်ခွဲနေသေးတာ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ခြင်းမရှိသေးဘူးဆိုတာ ပေါ်လွင်နေပါတယ်။

ဒါဆိုရင်အားလုံး ပုဂ္ဂလိကလက်ထဲအပ်လိုက်ရတော့မှာလား။ အပ်လိုက်ရင် တစ်နိုင်ငံလုံးလျှပ်စစ်ဘာဖြစ်သွားမယ်ထင်လဲဆိုတဲ့မေးခွန်းဟာ ပြုပြင်ပြောင်းလဲရေးကို လက်သင့်မခံနိုင်သေးတဲ့

အချို့သောစီမံခန့်ခွဲသူအကြီးတန်းပုဂ္ဂိုလ်များရဲ့ အမြင်သာဖြစ်ပါတယ်။ ပုဂ္ဂလိကလက်ကို ပုံအပ်တဲ့ အဆင့်ကိုလည်းတစ်ပြိုင်တည်း ကူးဖို့တိုက်တွန်းခြင်းလည်းမဟုတ်ပါဘူး။ လျှပ်စစ်ကဏ္ဍကြီးရဲ့ ဓာတ်အားစနစ် ထိန်းချုပ်မှုမှအစ ကျန်ဌာနတွေဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်ဝင်ငွေ ထွက်ငွေကိုယ့်စီမံခန့်ခွဲမှုအပေါ်မှာ ဆောင်ရွက်ကြမည့် ၁၀၀ ရာခိုင်နှုန်း၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့ အစည်းအဖြစ် ပြောင်းလဲရမှာပါ။ ပုဂ္ဂလိကဖြစ်စေ၊ ဖက်စပ်ဖြစ်စေ ဆောင်ရွက်စေလိုရမည့်လုပ်ငန်း များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုလိုလားလားခွဲဝေဆောင်ရွက်ပေးရမှာပါ။

နောက်တစ်ချက်အနေနဲ့ ဒီနေ့ဓာတ်အားပျောက်ဆုံးမှုတွေဟာ ဖြစ်သင့်တာထက်ပိုပြီးများနေပါ တယ်။ မသမာသူတွေများနေလို့ ဓာတ်အားခရသင့်ငွေတွေမရဘူးဆိုတာတွေဟာ ခေတ်မီနည်းပညာ သုံးတဲ့ မီတာတပ်ဆင်ပေးပြီး အချိန်ပြည့်နားမဆံ့အောင် ကြားနေရပါတယ်။ Monetary လုပ်နေရတဲ့ မီတာများသုံးစွဲတဲ့စနစ်ကို ကူးပြောင်းဖို့ နှောင့်နှေးနေတယ်လို့ ယူဆရပါတယ်။ လက်ရှိနိုင်ငံမှာ တပ်ဆင်ထားတဲ့ မီတာဟာ မျိုးစုံလွန်းပါတယ်။ သို့သော် နောက်ဆုံးဝယ်တာတွေအထိ လူနှင့်သုံးပြီး အိမ်တိုင် ရာရောက်လိုက်လံဖတ်ရှုနေရပြီး မီတာခကို ရုံးမှာလာဆောင်နေရဆဲပါပဲ။ အချို့ခေတ်မီ ပညာတွေ တပ်မယ်ပြောပြီး အိမ်နံရံမှာပဲ ချိတ်ထားပြီး မီတာဖက်စာရေးနှင့်ဖက်နေရပါတယ်။ အရင် တပ်ဆင်ထားတဲ့ Unload မီတာတွေလည်း ရန်ကုန်မှာပင် ထုနှင့်ထင်ရှိနေပါတယ်။ လူအင်အားပြုတဲ့ စနစ်ကနေ Control Center နှင့် Monetary လုပ်လို့ရမည့်စနစ်နှစ်မျိုး။ Prevate က သုံးစွဲတဲ့ စနစ်မျိုးကိုပြောင်းလဲဖို့ လွှတ်တော်မှာလည်းဆွေးနွေးမေးမြန်းခဲ့တာတွေ လုပ်ခဲ့ပေမဲ့ ဒီမီတာဖက် စာရင်းနဲ့ လျှပ်စစ်ရုံးက ငွေစာရင်းဝန်ထမ်းတွေ အလုပ်ရှုပ်စေမည့်အဆင့်မှာပဲ တစ်ဝဲလည်လည် မီတာဝယ်ယူမှုတွေ ဆောင်ရွက် နေဆဲပါပဲ။ ဒီအဆင့်ကိုမကူးနိုင်သေး၍ ဓာတ်အားပျောက်ဆုံးမှုက ကြီးမားနေဆဲဖြစ်ပါတယ်။ ဓာတ်အား ပျောက်ဆုံးမှုမှာ Technical Lose နှင့် Non-Technical Lose ဆိုပြီးနှစ်မျိုးရှိပါတယ်။ Non-Technical Lose ဆိုတာ လူကြောင့်ဖြစ်တဲ့ ပျောက်ဆုံးမှုဖြစ်ပြီး နိုင်ငံအလိုက်ဓာတ်အားပျောက်ဆုံးမှုတွေကိုလည်း အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြထားပါတယ်။ ဒီဇယားအရ အရှေ့တောင်အာရှသာမက ကမ္ဘာမှာ အတော်အခြေအနေဆိုးတဲ့ ဇင်ဘာဝေ၊ အီသီယိုပီးယားတို့ထက်ပျောက်ဆုံးမှုများနေတာကို တွေ့ရပါတယ်။ ပျောက်ဆုံးသင့်တာထက် နှစ်ဆ ကျော်ပိုမိုပြီး ပျောက်ဆုံးနေပါတယ်။ ခန့်မှန်းခြေပျောက်ဆုံးမှုဖြစ်သင့်တာကို ၁၀ ရာခိုင်နှုန်းလောက်ထိ ခွင့်ပြုထားခဲ့ရင်တောင် လက်ရှိပျောက်ဆုံးမှုဟာ ဖြစ်သင့်တာထက် ၁၀ ရာခိုင်နှုန်းကျော်များနေလို့ နှစ်စဉ်ဒေါ်လာသန်း ၂၀၀ ခန့်အလဟဿဖြစ်နေပါတယ်။ ဒီငွေကြေးဟာ မဂ္ဂါဝပ် ၁၀၀ ကျော်ရှိတဲ့

ရေအားလျှပ်စစ်စီမံကိန်းတစ်ခု နှစ်စဉ်တည်ဆောက်နိုင်တဲ့ ပမာဏပါ။ ဖြစ်သင့်တာထက် ၁၀ ရာခိုင်နှုန်းက ပိုမိုပျောက်ဆုံးနေတဲ့အတွက် ၂၀၁၇-၂၀၁၈ တစ်နှစ်စာထုတ်လုပ်လိုက်တဲ့ ဓာတ်အားနှင့် တွက်ရင် ယူနစ်သန်းပေါင်း ၂၀၀၀ လောက် အလဟဿဖြစ်နေတဲ့သဘောပါ။ ဒီပမာဏဟာ လက်ရှိ ရဲရွာလို စက်ရုံကြီးတစ်ခုက နှစ်စဉ်ထုတ်လုပ်ပေးတဲ့ ဓာတ်အားရဲ့သုံးပုံနှစ်ပုံပမာဏအထိ များပြားတဲ့ ဓာတ်အားပါ။

ဒီနေ့ လျှပ်စစ်ဝန်ကြီးဌာနမှာ နှစ်စဉ်အရှုံးပေါ်နေတဲ့ ကျပ်ဘီလီယံ ၅၀၀ ကျော်ထဲမှာလည်း ဒီပျောက်ဆုံးမှုက ထက်ဝက်ကျော်ခန့်ရှိပါတယ်။ ပျောက်ဆုံးမှုကို တွက်ချက်ရာမှာလည်း အောက်ခြေ အဖွဲ့အစည်းတွေမှာတကယ်ဖြစ်ပျက်နေတာကို အမှန်အတိုင်း သိဖို့လိုပါတယ်။ တတိယအဖွဲ့အစည်း တစ်ခုက ပါဝင်ကူညီပြီး ကိန်းဂဏန်းအမှန်ရဖို့ စစ်ဆေးသင့်ပါတယ်။ ရလာတဲ့အချက်အလက် အမှန် ပေါ်မှာဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ အဖြေထုတ်ရမှာပါ။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး၊ ကွပ်ကဲ ရေးဦးစီးဌာနအဆိုအရတော့ ထုပ်လုပ်ရေးပိုင်းက ပျောက်ဆုံးမှုဟာ ၃ ရာခိုင်နှုန်းခန့်ပဲ ရှိတယ်လို့ဆိုတဲ့ အတွက် ကျန်တဲ့ ၁၇ ရာခိုင်နှုန်းက ဖြန့်ဖြူးရေးပိုင်းက ပျောက်ဆုံးနေတာ ဖြစ်နေပါတယ်။ တချို့ မြို့နယ်တွေမှာဆိုရင် ဓာတ်အားလိုင်းကိစ္စနှင့်မဆိုင်တော့ဘဲ စီမံခန့်ခွဲမှုကြောင့် ရာခိုင်နှုန်း ၂၀ မှ ၂၇ ရာခိုင်နှုန်းအထိ ပျောက်ဆုံးနေတယ်လို့လည်း အောက်ခြေမြို့နယ်ရုံးအချို့မှာ ကြားနေရပါတယ်။ စီမံခန့်ခွဲမှုပုံစံ အားနည်းချက်တွေကို ပြုပြင်ပြောင်းလဲမှုမပြုပြင်နိုင်ရင်တော့ နိုင်ငံတော်ကပဲ အစစ အရာရာ စီမံခန့်ခွဲနေရင်တော့ နှစ်စဉ်အရှုံးပို၍ များလာအုံးမှာဖြစ်နေပါတယ်။

ဒါကြောင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမှာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးအဆိုအား လက်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် အမှန်လိုအပ်တဲ့အဆိုတစ်ခုဖြစ်လို့ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇေဖြိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး ဖြစ်ပါတယ်။ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့အဆိုနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့

ကမ္ဘာမှာ ထိပ်တန်းရောက်နေတဲ့နိုင်ငံတွေ၊ ထိပ်တန်းရောက်ဖို့အလားအလာရှိနေတဲ့နိုင်ငံတွေကို လေ့လာရင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍကို စနစ်တကျစီမံနေကြတဲ့နိုင်ငံတွေဆိုတာ တွေ့ရမှာပါ။ တချို့ နိုင်ငံတွေမှာ ကိုယ်ပိုင်စွမ်းအင်သယံဇာတတောင် လုံလောက်အောင်မရှိပါဘူး။ ဒါပေမဲ့ စွမ်းအင် ဈေးနှုန်းသက်သာရေး၊ အရည်အသွေးပြည့်ဝရေး၊ လုံခြုံမှုရှိရေး ဦးစားပေးဆောင်ရွက်နိုင်တာ တွေ့ရ ပါတယ်။ အဲဒီနိုင်ငံတွေရဲ့စွမ်းအင်နဲ့လျှပ်စစ်ကဏ္ဍကိုလေ့လာရင် အမျိုးသားအဆင့်စွမ်းအင်မူဝါဒ ခိုင်ခိုင်မာမာရှိပါတယ်။ မဟာဗျူဟာတွေခိုင်ခိုင်မာမာချမှတ်ထားတယ်။ ဥပဒေ၊ နည်းဥပဒေ၊ စံချိန် စံညွှန်းတွေရှိပါတယ်။ စွမ်းအင်ဈေးနှုန်းနဲ့ပတ်သက်ပြီး တစ်နေရာနဲ့တစ်နေရာ တစ်ကြောင်းတစ်ဂါထာ မဖြစ်စေဖို့ စွမ်းအင်ဈေးနှုန်းမူဝါဒကို Price Policy ထားပါတယ်။ အဲဒီမူဝါဒကိုရေးဆွဲဖို့ အမျိုးသား အဆင့်စွမ်းအင်မူဝါဒကောင်စီဆိုတာဖွဲ့ထားပါတယ်။ ဝန်ကြီးဌာနတွေရဲ့အခက်အခဲတွေဖြေရှင်းပေးဖို့၊ သုံးစွဲသူနှင့်ထုတ်လုပ်သူကြား နှစ်ဖက်မျှတတဲ့အကျိုးကျေးဇူးရစေဖို့၊ လျှပ်စစ်ဆိုင်ရာညှိနှိုင်းထိန်းကွပ်မှု ကော်မရှင်(ERC)လည်း ရှိကြပါတယ်။ အိမ်နီးချင်းနဲ့ဒေသတွင်းနိုင်ငံတွေဟာ ၁၉၉၀ ခုနှစ်နောက်ပိုင်း မှာ စွမ်းအင်နဲ့လျှပ်စစ်ကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေ သိသိသာသာလုပ်လာခဲ့ကြလို့ ဒီနေ့မိမိတို့နဲ့ အလှမ်းကွာတဲ့အဆင့်ကို ရောက်နေပါတယ်။ မိမိတို့နိုင်ငံလျှောက်လှမ်းတဲ့နိုင်ငံရေးစနစ်က ဒီမိုကရေစီ ကျင့်စဉ်ကိုအခြေခံပြီး အစိုးရကိုရွေးချယ်တဲ့စနစ်ဖြစ်ပါတယ်။ ရွေးချယ်မှုမှန်ကန်ရေးဟာ ပြည်သူပေါ် မှာ ကျရောက်ပါတယ်။ ပြည်သူတာဝန်ပေးလို့ အစိုးရကလုပ်ခွင့်ရတာဖြစ်ပါတယ်။ ပြည်သူက မိမိ အုပ်ချုပ်မယ့်အစိုးရကောင်း/မကောင်းကို ကိုယ်တိုင်ရွေးချယ်တတ်ဖို့လိုပါတယ်။ ဒီလိုရွေးချယ်လိုက်တဲ့ အစိုးရဘာတွေလုပ်နေတယ်ဆိုတာသိဖို့လိုသလို အစိုးရရဲ့လုပ်နည်းလုပ်ဟန်တွေအားနည်းချက်ရှိရင် ထိန်းကျောင်းတည့်မတ်ပေးဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံရဲ့လျှပ်စစ်အကျပ်အတည်းဟာ စွမ်းအင်သယံဇာတမရှိလို့မဟုတ် ပါဘူး။ ရှိတဲ့စွမ်းအင်ကို စာချုပ်နဲ့ရောင်းစားထားလို့လည်းမဟုတ်ပါဘူး။ နိုင်ငံတကာနဲ့ယှဉ်ရင် ဘာ့ကြောင့်ဒီလိုဖြစ်နေတာလဲဆိုရင် အချက်နှစ်ချက်ကြောင့်လို့ပြောရမှာပါ။ ပထမတစ်ချက်က လျှပ်စစ်ကဏ္ဍစီမံခန့်ခွဲမှုစနစ်ကို ရဲရဲပြောင်းလဲဆောင်ရွက်ဖို့လိုနေခြင်းပါ။ ဒုတိယတစ်ချက်ကတော့ ဒေသတွင်းမှာတောင် အနိမ့်ဆုံးအဆင့်ရောက်နေတဲ့မိမိတို့လိုနိုင်ငံမှာ သဘာဝပတ်ဝန်းကျင်အရေး၊ နိုင်ငံဖွံ့ဖြိုးရေးရောထွေးပြီး နိုင်ငံရေးကိစ္စအဖြစ် ရှေ့တန်းရောက်လာတဲ့ကိစ္စ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု Sustainable Development ဆိုတဲ့စကားလုံးဟာ ပြောရသူအတွက် အလွန်အရသာ တွေ့သလိုကြားရတာလည်း အတော်နားဝင်ချိုပါတယ်။ နက်ရှိုင်းထိရောက်တဲ့ အဓိပ္ပာယ်ရှိပြီး

တာဝန်ရှိသူတွေကိုယ်တိုင် ဖွံ့ဖြိုးရေးလိုလို၊ သဘာဝပတ်ဝန်းကျင်ရေးလိုလို ရှေ့တန်းတင်ဖို့ ဇဝေဇဝါဖြစ်နေပါတယ်။ ဒီအခြေအနေမှာ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့အတွက် နိုင်ငံရေးနှင့်တစ်ဖြည်းဖြည်းရောပြီး ရှေ့မရောက်တော့တာတွေ့ရပါတယ်။ စွမ်းအင်ဟာနိုင်ငံ့ရဲ့ဆင်းရဲချမ်းသာဖို့ ပြောင်းပြန်လှန်ပြစ်နိုင်ပါတယ်။ မိမိတို့နိုင်ငံလို ဈေးကောင်းရလို့ဆိုပြီး ရှိတာထုတ်ရောင်းနေတဲ့ အဆင့်မျိုးစဉ်းစားနေတာကိုလည်း အိမ်နီးချင်းနိုင်ငံတွေက ကြိုက်ပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ ဒေသဩဇာလွှမ်းမိုးရေး၊ ပထဝီနိုင်ငံရေး၊ သယံဇာတအရေးကိစ္စတွေမှာ ကိုယ်ရတာထက်ပိုပေးလိုက်ရတယ်ဆိုတာ ထည့်တွက်ရမည့်ကိစ္စတွေပါ။ မိမိတို့နိုင်ငံလောက် ကောင်းကောင်းစီးပွားဖြစ်မည့် နှစ်စဉ်ပြန်ပြည့်မြဲစွမ်းအင်ကြွယ်ဝတာအရှေ့တောင်အာရှမှာ ဘယ်နိုင်ငံမှမရှိပါဘူး။ သဘာဝက အကန့်အသတ်နဲ့ပေးတဲ့ စွမ်းအင်တူးဖော်မှုမှာ မျှော်လင့်ချက်ကြီးကြီးသွားပြီး မြုပ်နှံတာ Energy တောင်ဝယ်ပြီးကြီးမားတဲ့ ဓာတ်အားပေးစက်ရုံတွေဆောက်၊ ဓာတ်အားထုတ်လုပ်မှာတွေကတော့ စဉ်းစားစရာကိစ္စတွေပါ။ ဒီမိုကရေစီနိုင်ငံတွေရဲ့အားနည်းချက်ကတော့ ကန့်ကွက်သူအချို့ရှိလာရင် မဖြေရှင်းဘဲ မသိမသာရှောင်သွားပြီး လွယ်လွယ်ဓာတ်အားရမည့်နည်းလမ်းတွေ လုပ်တက်ပါတယ်။ လူသားတွေအတွက် သဘာဝကပေးတဲ့အရေးကြီးတဲ့ ကျောက်မီးသွေးစွမ်းအင်အကြောင်း ဆက်တင်ပြပါ့မယ်။

တစ်ကမ္ဘာလုံး ကျောက်မီးသွေးလက်ကျန်အခြေအနေအရ ၂၀၁၄ ခုနှစ်အထိ ၁၂၀၀ ဘီလီယံသာရှိပြီး မြန်မာနိုင်ငံမှာရှိတဲ့ ကျောက်မီးသွေးတွင်းတွေ စုစုပေါင်းရဲ့ ခန့်မှန်းခြေ လက်ကျန်တန်ကတော့ ၀.၄၆ ဘီလီယံတန်လို့ခန့်မှန်းပါတယ်။ ကမ္ဘာ့ကျောက်မီးသွေးသုံးနိုင်ငံတွေကို လေ့လာရင် တရုတ်နှင့်အိန္ဒိယက ကမ္ဘာ့ရဲ့ ၆၀ ရာခိုင်နှုန်းကျော် ပမာဏအထိ ကျောက်မီးသွေးသုံးပြီး နိုင်ငံတိုးတက်အောင်လုပ်နေပါတယ်။ သူတို့လိုပဲ အမေရိကန်ကလည်း ကာဗွန်လျှော့ပါမယ်သာ ပြောနေတယ်။ ကျောက်မီးသွေးသုံးတဲ့နေရာမှာ ကမ္ဘာ့တတိယနေရာက မဆင်းပါဘူး။ ကာဗွန်လျှော့ချရေး၊ ကမ္ဘာ့ရာသီဥတုရေး၊ အသံကျယ်ကျယ်အော်နေတဲ့ ဂျာမနီကလည်း သုံးလိုက်တဲ့ကျောက်မီးသွေးဟာ နှစ်စဉ်တန်ချိန် ၁၀၈ သန်းတောင်ရှိပါတယ်။ မြန်မာတစ်နိုင်ငံလုံးထွက်သမျှ ကျောက်မီးသွေး တိုက်ရဲ့လေးပုံတစ်ပုံကို နှစ်စဉ်သုံးနေပါတယ်။ အဲ့ဒါကျောက်မီးသွေးတွေသုံးပြီး ဘာလို့အသံကျယ်ကျယ် အော်နေတာလဲ။ နယူကလီးအား၊ လေအား၊ ဆိုလာစတဲ့နည်းပညာလည်း တီထွင်မှုပစ္စည်းတွေကို ကမ္ဘာ့ဈေးကွက်ထဲရောင်းချင်ပါတယ်။ ဒီလိုဖော်ပြတာက ကမ္ဘာ့နိုင်ငံတွေအပြောနဲ့အလုပ်ညီ/မညီ ချိန်ထိုးနိုင်ဖို့၊ နေ့စဉ်ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေထဲမှာပါနေတာ။ ဘယ်ခြေလှမ်းတွေအတွက် စကားတွေကြိုပြောနေတယ်ဆိုတာ အကဲခတ်နိုင်ဖို့ဖြစ်ပါတယ်။ ဒီပေါ်မှာ အုပ်ချုပ်သူတွေအနေနဲ့ အကောင်းဆုံးစီမံခန့်ခွဲ

ပေးဖို့လိုသလို ဘေးကရည်ရွယ်ချက်တစ်ခုနဲ့ သွေးထိုးနေတာတွေကိုလည်း အခွင့်ကောင်းယူပြီး အမြတ်မထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးကြီးတဲ့နောက်မူဝါဒကတော့ နိုင်ငံတော်အကောင်အထည်ဖော်မည့် စွမ်းအင်မူဝါဒကို ပြည်သူလူထုနားလည်အောင် ရှင်းပြပြီး ပြည်သူ့အားကိုယူမယ်ဆိုတဲ့ မူဝါဒကို အကောင်အထည်ဖော်ရမှာ ပြည်သူလူထုပါဝင်လာစေရေးဆိုတဲ့အချက်ကို ထည့်သွင်းဖို့ဖြစ်ပါတယ်။ စွမ်းအင်နဲ့ပတ်သက်တဲ့၊ မှန်ကန်တဲ့ အတွေးအမြင်ဖြစ်စေမည့် အကျိုးပြုစာပေရေးသားတဲ့ စာရေးဆရာကြီးတွေကိုလည်း ဂုဏ်ပြုချီးမြှောက်ခြင်းကို နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ဒီနေ့ ကမ္ဘာ့မှာကုန်သွယ်ရေးစစ်ဖြစ်နေပါတယ်။ အတိုက်ခံရတဲ့နိုင်ငံက စစ်ရှုံးတာထက် ပိုနာပါတယ်။ အချို့ဆိုရင် ငါတို့ကုန်သွယ်ရေးစစ်ပွဲရှုံးနေပါလားဆိုတာ မတွေးမိပါဘူး။ ဒီလိုအခြေအနေကိုကျော်အောင်လို့ မိမိအိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ လက်ရှိသုံးနေတဲ့လုပ်ပုံလုပ်နည်း ရှေ့မှာလုပ်ခဲ့တဲ့လုပ်ပုံလုပ်နည်း၊ စံချိန်စံညွှန်းတွေ လေ့လာပြီး အကောင်အထည်ဖော်ရင်း မိမိတို့အတွက် အချိန်ကုန်ခံစမ်းသပ်နေရမှုတွေကနေ သက်သာမသွားစေဘူးလားဆိုတာ အလေးအနက်ထား စဉ်းစားစေချင်ပါကြောင်း တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နွေရာသီမှာ လျှပ်စစ်ဓာတ်အားမလုံလောက်ရတဲ့အကြောင်းရင်းမှာ ဝန်ကြီးဌာနရဲ့လျှပ်စစ်ထုတ်လုပ်မှုဟာ လျော့ကျခဲ့လို့ ဖြစ်ပါတယ်။ ၂၂-၅-၂၀၁၈ ရက်နေ့မှာ ၃၂၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော်လည်း၊ ၂၂-၅-၂၀၁၉ ရက်နေ့မှာ ၂၉၅၄ မဂ္ဂါဝပ်သာထုတ်လုပ်နိုင်ကြောင်း လျှပ်စစ်ဝန်ကြီးဌာနရဲ့ Website တွေမှာ တွေ့ရပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ထုတ်လုပ်ရေးလုပ်ငန်းများစွာဟာ ပြည့်မီအောင်မထုတ်နိုင်တဲ့အတွက် ပြဿနာများရှိနေတယ်။ ရည်မှန်းချက်မူဝါဒများ အကောင်အထည်မဖော်နိုင်ခြင်းကို ဖော်ပြနေခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ငွေကြေးအလုံအလောက်မရရှိခြင်းကြောင့် ထုတ်လုပ်မှုမရရှိခြင်းလို့ သိရှိရပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့လည်း ဝန်ကြီးဌာနတစ်ခုတည်းအနေနဲ့ ထုတ်လုပ်ရမယ့်ပမာဏတွေ များလာတဲ့အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကို

ခေါ်ယူပြီး လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှသာ ကျွန်တော်တို့နိုင်ငံရဲ့လျှပ်စစ်ကောင်းမွန်မှုဟာ မြန်မြန်ဆန်ဆန်ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါဟာတိုင်းပြည်ရဲ့စီးပွားရေး၊ လူမှုရေးတိုးတက်မှုများဟာ လျှပ်စစ်မှာမှီခိုနေသောကြောင့် လျှပ်စစ်ပြတ်တောက်မှုများ မဖြစ်ပေါ်နိုင်ရန်အတွက် လျှပ်စစ်ဝန်ကြီး ဌာနအနေနဲ့ အပြုသဘောဆောင်ပြီး ကြိုးစားလုပ်ဆောင်ပါလို့ တင်ပြအပ်ပါတယ်။ ဒါက လျှပ်စစ် ကော်မတီ/ကော်မရှင် ဖွဲ့စည်းရန်လိုအပ်ခြင်း။ ကျွန်တော်တို့တိုင်းပြည်၊ တိုးတက်တဲ့တိုင်းပြည်တွေမှာ အရေးကြီးဆုံးလျှပ်စစ်စွမ်းအင်ကဏ္ဍကို ထိရောက်အောင်မြင်ဖို့ ဆောင်ရွက်နိုင်ဖို့ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ လျှပ်စစ်စွမ်းအင်ကော်မရှင်ကို ဖွဲ့စည်းကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ လျှပ်စစ်ဥပဒေအခန်း(၃)မှာ လျှပ်စစ် ကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏လုပ်ငန်းတာဝန်များကိုဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၄ ပုဒ်မခွဲ(က)မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် သင့်လျော်သည့်ပုဂ္ဂိုလ်အား ဥက္ကဋ္ဌ အဖြစ် ဦးဆောင်စေလျက် သက်ဆိုင်ရာပညာရှင်များ ပါဝင်သော ကော်မရှင်ကို ပြည်ထောင်စု လွှတ်တော်၏သဘောတူညီမှုဖြင့် ရယူဖွဲ့စည်းရမည်ဟု ဥပဒေထဲမှာပါရှိပါတယ်။ ပုဒ်မ ၅ တွင်လည်း ကော်မရှင်၏လုပ်ငန်းတာဝန်များကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် တိကျစွာပြဋ္ဌာန်းထားပါ တယ်။ မြန်မာနိုင်ငံမှာ ယခုလို ကြီးကြပ်တဲ့လျှပ်စစ်ကော်မရှင်မရှိဘဲနဲ့ လျှပ်စစ်ဝန်ကြီးဌာနတစ်ခုတည်း ကသာ လုပ်ငန်းတာဝန်များကို မနိုင်ဝန်ထမ်းနေရခြင်းကြောင့်လည်း ဒီလျစ်ဟာမှုတွေဖြစ်ပြီး ဒီလိုဖြစ် တယ်လို့လည်း ကျွန်တော်တို့ယူဆပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ပြုလုပ်တဲ့ NEP စီမံကိန်းဟာ တစ်နှစ်နောက်ကျသွားတာကို တွေ့ရှိရပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ ပြီးမယ်လို့ ဆိုလိုပေမဲ့လည်း ဒီ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှာပြီးစီးမည့်အခြေအနေရှိနေပါတယ်။ ဒါကြောင့် စွမ်းအင် မူဝါဒတို့၊ NEP စီမံကိန်းတို့ စီမံကိန်းတွေအောင်မြင်ဖို့အတွက် လျှပ်စစ်ကော်မရှင်ကို ဖွဲ့စည်းရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ လျှပ်စစ်တိုးတက်ကောင်းမွန်ဖို့ဆိုတာ ၂၀၂၀ ခုနှစ်မှာ နွေရာသီကာလရောက်ရင် လျှပ်စစ်ဝန်ကြီးဌာနက ထုတ်လုပ်ရမယ့်ပမာဏက ၁၄၀၀ မဂ္ဂါဝပ် အထိကို တစ်နှစ်အတွင်း ထုတ်လုပ်ရမှာဖြစ်ပါတယ်။ ၁၄၀၀ မဂ္ဂါဝပ်မှ မထုတ်လုပ်နိုင်ရင် ၂၀၂၀ ခုနှစ် နွေရာသီမှာလည်း မီးဖြတ်တောက်မှုများနှင့် မီးပြတ်မှုများကို ကြုံနေရပါမယ်။ အဲဒါကြောင့်မို့လို့ လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ဦးတင်မောင်ဝင်း တင်သွင်းထားတဲ့အဆိုအတိုင်း ၂၀၃၀ ခုနှစ်မှာ

လျှပ်စစ် ၁၀၀ ရာခိုင်နှုန်းရရှိရေးအတွက်ကို ရေတို၊ ရေလတ်၊ ရေရှည်စီမံကိန်းများနှင့် ပြုလုပ်လုပ်ဆောင်ပြီးတော့ လျှပ်စစ်ကောင်းအောင်ပြုလုပ်ပါလို့ အကြံပြုဆွေးနွေးရင်း ဦးတင်မောင်ဝင်းရဲ့အဆိုကိုထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကြည်မိုးနိုင်(ရေတာရှည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရေတာရှည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်ဖြစ်ပါတယ်။ ဒီနေ့ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ အကြံပြုပြီး ပကတိအခြေအနေအတိုင်းမှာ သုံးသပ်ပြီးတော့ဆွေးနွေးမှာ ဖြစ်ပါတယ်။ ရှေ့မှာလည်း ကိုယ်စားလှယ်တော်ကြီးအားလုံးအသီးသီးက အချက်အလက်တွေနဲ့၊ Power Point တွေနဲ့ ထောက်ပြပြီးတော့ တင်ပြဆွေးနွေးသွားတာလည်းရှိတဲ့အတွက် တချို့ထပ်နေတဲ့အပိုင်းတွေကို ကျွန်တော်ချန်လှပ်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ အခု အစိုးရသစ်စတက်လာတဲ့ကာလမှာ မြန်မာနိုင်ငံရဲ့တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိမှုဟာ ၃၄ ရာခိုင်နှုန်းလို့သာထုတ်ပြန်ထားချက်အရ သိရပါတယ်။ အခုဆိုရင် ၂၀၁၉ ခုနှစ်အကုန်မှာ ၅၀ ရာခိုင်နှုန်းအထိ သူတို့မျှော်မှန်းဆောင်ရွက်နေတယ်ဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအပိုင်းကို ဦးစားပေးပြီးတော့၊ စောင်းပေးပြီးတော့ ပြောသွားတာ များပါတယ်။ လျှပ်စစ်လို့ပြောရင် Generation လို့ပြောတဲ့ ထုတ်လုပ်ရေးကဏ္ဍရယ်၊ Transmission ရယ်၊ Distribution ရယ် အပိုင်းသုံးပိုင်းမှာ ကျန်တဲ့အပိုင်းနှစ်ပိုင်းကလည်း ချန်လှပ်ထားလို့မရပါဘူး။ အားလုံးဟာ တစ်ပြိုင်နက်တည်း ဟန်ချက်ညီညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ Generation Mix မှာ တော်တော်များများပြောသွားကြတဲ့အပိုင်းမှာတော့ လက်ရှိ Mix မှာ လိုအပ်ချက်တွေက ဘာတွေရှိသလဲဆိုတော့ များသောအားဖြင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို စောင်းပေးပြီးတော့ ပြောသွားတာကို ကျွန်တော်တို့အားလုံးကြားသိလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အရင်တုန်းကလည်း ဆွေးနွေးဖူးသလို ကျွန်တော်တို့နိုင်ငံရဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်း Generation Mix မှာ Base Load အနေနဲ့ Hydro Power ကို အားပြုပြီးတော့ တည်ဆောက်ထားခဲ့တဲ့ အတိတ်ရဲ့ရလဒ်လေးတွေရှိတယ်ဆိုတာ အားလုံးသတိပြုမိမယ်ထင်ပါတယ်။ ဒါကြောင့်လည်း နွေရာသီမှာ

ဆိုရင်လည်း အခက်အခဲအမျိုးမျိုးပေါ့။ အခက်အခဲအမျိုးမျိုးဆိုတဲ့နေရာမှာ အားလုံးသိတဲ့အတိုင်း။ ရာသီဥတုပူပြင်းတယ်။ ပူပြင်းတော့ နိုင်ငံသားတွေက လျှပ်စစ်တွေ ပိုပြီးတော့ သုံးစွဲမှုမြင့်လာတယ်။ အဲဒီအချိန်မှာ ရေတွေက ခမ်းခြောက်မှုကလည်း ပိုပြီးတော့မြန်ဆန်လာတယ်။ နွေရာသီမှာ စိုက်ပျိုးရေကလည်း ပိုပြီးတော့ လယ်သမားတွေ အသုံးပြုလာတဲ့အပိုင်းတွေလည်း ကျွန်တော်တို့သတိပြုမိပါတယ်။ ဒီလိုအခက်အခဲနဲ့ မကြာခင်က လျှပ်စစ်ပြတ်တောက်တဲ့ပြဿနာဖြစ်တဲ့အခါကျတော့ လျှပ်စစ်နဲ့ပတ်သက်ပြီးတော့ မူဝါဒလွဲချော်နေသလားဆိုတဲ့ အားလုံးရဲ့စိုးရိမ်ပူပန်မှုဟာ ဒီလွှတ်တော်ကြီးမှာ ကြားနေသိနေရတဲ့အပိုင်းတွေရှိပါတယ်။ ဒီလိုပါပဲ လျှပ်စစ်ကဏ္ဍကို တိုးတက်အောင်မြင်အောင်လုပ်ဖို့ ဆိုတဲ့နေရာမှာ အခုနက အပိုင်းသုံးပိုင်းရှိတဲ့နေရာမှာ အပိုင်းတစ်ပိုင်းတည်းမှာ စောင်းပေးပြီးတော့ ပြောနေတာကတော့ မျှတမှုနည်းနည်းလေး သုံးသပ်ချက်ထဲမှာ လိုအပ်နေတယ်လို့ ထင်ပါတယ်။ ဒါကြောင့် Generation Mix အကြောင်းကို ပြန်ပြောရရင်တော့ Clean Coal Technology ကိုလည်း ဝိုင်းပြောကြတဲ့အခါမှာ တချို့လည်း အပြုသဘောနဲ့ရယ်၊ သတိပြုစရာတွေရယ်ဆိုပြီးတော့ ပြောလာကြတာရှိပါတယ်။ အဲဒီတော့ ပြန်ခြုံငုံလိုက်ရင်တော့ အဆိုရှင်ပြောထားသလို တိကျခိုင်မာတဲ့ မူဝါဒကို ချမှတ်ပြီးတော့ အကောင်အထည်ဖော်ပေးဖို့ဆိုတဲ့ဟာကို မယုံမရဲနဲ့ တင်ပြလာတဲ့အပိုင်း ရှိပါတယ်။ အဲဒီတော့ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးဆိုပြီးတော့ ကမ္ဘာ့ဘဏ်နဲ့ Sustainable Development Goal 7 အရလည်း ကျွန်တော်တို့နိုင်ငံက ၂၀၁၃-၂၀၁၄ ခုနှစ်ကတည်းက အခုနက ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားတာ ရှိပါတယ်။ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ NEP တွေကအစ အဲဒီအချိန်တွေကတည်းက ရေးဆွဲပြီးတော့ ဒီနေ့ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲရှိတာလည်း လွှတ်တော်မှာ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားနေတာလည်း ကျွန်တော်တို့သိရတဲ့အတွက် ဒါတွေလည်း ကျွန်တော်တို့စာနာမိပါတယ်။

သို့သော်လည်း အဲဒီမှာ အပြုသဘောနဲ့ထောက်ပြချင်တာကတော့ အခုကျွန်တော့်ရှေ့ကပ်လျက်မှာ ကျောက်တံတားမဲဆန္ဒနယ်က ဦးနေမျိုးထက် ပြောသွားသလို ကော်မရှင်ဖွဲ့စည်းရေးကိစ္စ။ ဒီဟာကလည်း လိုအပ်တဲ့အပိုင်းမှာ ဘာရှိလဲဆိုရင် ဥပဒေမှာ အားနည်းချက်တစ်ခုရှိပါတယ်။ အဲဒီအားနည်းချက်ကဘာလဲဆိုတော့ ဒီလျှပ်စစ်ဆိုင်ရာကြီးကြပ်မှုကော်မရှင်ရဲ့လုပ်ငန်းတာဝန်နဲ့စပ်လျဉ်းပြီးတော့ ဥပဒေမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကပဲ ဖွဲ့စည်းနိုင်တယ်ဆိုတဲ့ အပိုင်းပါပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းနိုင်တာဖြစ်တဲ့အတွက် ဝန်ကြီးဌာနက ဖွဲ့လို့ မရပါဘူး။ အဲဒီအပြင်ကို

ကော်မရှင်ဖွဲ့ပြီးရင် ကော်မရှင်ရဲ့ရန်ပုံငွေနဲ့ပတ်သက်ပြီးတော့ ဥပဒေမှာ ကော်မရှင်ရဲ့အသုံးစရိတ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမယ်ဆိုတဲ့အကြောင်းတွေလည်း မပါခဲ့တဲ့အချက်လည်း ရှိနေပါတယ်။ နောက်ပြီး သူတို့ကိုဖွဲ့စည်းပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအဆင့် Level ရှိတဲ့ တစ်ယောက်ကို ခေါင်းဆောင်ပြီးတော့ ငါးဦး သို့မဟုတ် ခုနစ်ဦးပါဝင်တဲ့ ကော်မရှင်ကို ဖွဲ့ရမယ်လို့ဆိုတဲ့နေရာမှာ ကျန်တဲ့အသေးစိတ်တွေ၊ ရုံးတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းရဲ့ Working Body တွေ ဘယ်လိုရှိတယ်ဆိုတာလည်း ဒီဟာတွေကို ပြဋ္ဌာန်းထားတာမပါတဲ့အတွက် ဥပဒေတွေမှာ ကျွန်တော်တို့ဆက်လက်ပြီးတော့ ပြင်ဆင်ပြီးတော့ ဖြည့်စွက်ဆောင်ရွက်ရမယ့်အပိုင်းလေးကို လွှတ်တော်မှာ အလျဉ်းသင့်လို့ ကြုံတုန်း ကျွန်တော်ရှင်းပြတာ ဖြစ်ပါတယ်။ နောက်တစ်ခုက Electricity Regularity Commission လို့ ပြောကြတဲ့အပိုင်းမှာလည်း ဒါကိုလွှတ်လပ်တဲ့သီးခြား ပညာရှင်တွေ အားလုံးပူးပေါင်းပါဝင်တဲ့ ဒီလိုအဖွဲ့ဖွဲ့စည်းဖို့ဆိုတာ ဒါလည်း ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေမှာ ဒီလိုခေါင်းစဉ်တွေမှာ ကိုက်ညီတဲ့အချက်အလက်၊ ပညာရှင်ပုဂ္ဂိုလ်တွေရော၊ နောက် သူရဲ့ပါဝင်တဲ့အဖွဲ့အစည်းထဲမှာပါမယ့် Member တွေအားလုံးက လျှပ်စစ်လုပ်ငန်းနဲ့လည်း ပတ်သက်မှုမရှိရဘူးဆိုတဲ့အချက်လေးတွေလည်း ပါတဲ့အတွက် ဒီဟာတွေက ဒီကော်မရှင်ကို လွယ်လွယ်နဲ့ဖွဲ့ဖို့က ခက်နေတဲ့အပိုင်းလေးတွေ ရှိပါတယ်။ ဒါကြောင့် အားလုံးကို ခြုံငုံပြောရရင်တော့ အတိတ်မှာဖြစ်ခဲ့တဲ့ အခြေအနေရယ်၊ လက်ရှိအခြေအနေရယ်၊ အနာဂတ်သွားမယ့်အခြေအနေရယ် အားလုံးကိုချိတ်ဆက်ပြီးတော့ မျှမျှတတနဲ့ ဟန်ချက်ညီညီနဲ့ ဘက်စုံအားလုံးမျှတအောင်ပေါင်းပြီးတော့ စဉ်းစားပေးမှ လုံလောက်မယ်လို့ ကျွန်တော်သုံးသပ်ချက်၊ မှတ်ချက်ပေးရင်းနဲ့ ဒီဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာတဲ့

ညွှန်ကြားတော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ တင်ပြပါအချက်များဟာ နိုင်ငံတော်ရဲ့စွမ်းအင်မူဝါဒအချက်များဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နှစ်စဉ်လျှပ်စစ်ဓာတ်အားသုံးစွဲလိုအပ်လာမယ့် ပမာဏများကို ကျွန်တော်တို့ အခြေအနေနှစ်ရပ်အပေါ်မှာမူတည်ပြီး ခန့်မှန်းတွက်ချက်ပါတယ်။

ခန့်မှန်းတွက်ချက်မှုဟာ ဖွံ့ဖြိုးတိုးတက်မှုနှုန်းထား လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲလာတဲ့နှုန်းထားနည်းတဲ့ အခြေအနေမှာ နှစ်စဉ်ဖြည့်ဆည်းပေးရမယ့် လျှပ်စစ်ပမာဏ နှစ်စဉ်လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲမှုမြင့်မားတဲ့ နှုန်းထားနှင့်တိုးတက်လာရင် ဖြည့်ဆည်းပေးရမည့်ပမာဏများကို ကျွန်တော်တို့တွက်ချက်ခဲ့ကြတာ ဖြစ်ပါတယ်။ အဆိုပါတွက်ချက်မှုအရဆိုရင် ၂၀၁၉ ခုနှစ်မှာ အမြင့်ဆုံးဓာတ်အားလိုအပ်ချက်က ၄၀၃၂ ဖြစ်တဲ့အတွက်ကြောင့် ယခု ဒီနှစ်ရောက်ရှိနေတဲ့အချိန်မှာ ဓာတ်အားလိုအပ်ချက်ဟာ ၃၉၀၀ ခန့်ရှိတဲ့အတွက်ကြောင့် ဒီခန့်မှန်းတွက်ချက်မှုများဟာ များစွားကွဲလွဲမှုရှိတာကိုတင်ပြအပ်ပါတယ်။ အဆိုပါခန့်မှန်းတွက်ချက်မှုများ ပြုလုပ်ခဲ့ပြီးတဲ့အခါမှာ Electricity Master Plan အရ ဓာတ်အားလိုအပ်ချက်များကို မည်သည့်နည်းလမ်းများနှင့် ဖြည့်ဆည်းမလဲဆိုတဲ့ အခြေအနေများကို ဆက်လက်တွက်ဆပါတယ်။ ထိုသို့တွက်ဆတဲ့အခါမှာ စောစောက Graph မှာတင်ပြသွားသလို တိုးတက်မှုနှုန်းနှေးတဲ့ Case အတွက်ဘယ်လိုလဲ။ တိုးတက်မှုနှုန်းမြင့်တဲ့ Case အတွက် ဘယ်လိုလဲ ဆိုတာတွေကိုလည်း စဉ်းစားရပါတယ်။

ဒါက တိုးတက်မှုနှုန်းအပေါ်မှာ နည်းနှစ်နည်းကို တင်ပြထားတာဖြစ်သလို ဆောင်ရွက်မယ့်ကိစ္စအပေါ်မှာလည်း အခြေအနေသုံးမျိုးခွဲပြီး တွက်ချက်စဉ်းစားရပါတယ်။ ပြည်တွင်းက စွမ်းအင်အရင်းအမြစ်တွေကို ဦးစားပေးပြီး သုံးမယ်ဆိုတဲ့အခြေအနေကို အဓိကထားလိုက်တဲ့ သတ်မှတ်ချက်နှင့်တွက်လိုက်တဲ့ဥစ္စာကို နည်းလမ်း(၁)လို့ ခေါ်ဆောင်ခဲ့ကြပါတယ်။ ဒုတိယနည်းလမ်းကတော့ ဒါက လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့အခါမှာ ကုန်ကျစရိတ်အနည်းဆုံးနည်းလမ်းဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာတွေ တွေးပြီးတွက်ချက်ကြပါတယ်။ တတိယနည်းလမ်းကတော့ စွမ်းအင်အရင်း

အမြစ် မျိုးစုံကို အချိုးညီညီပေါင်းစပ်ပြီး ထုတ်လုပ်မယ်ဆိုတဲ့နည်းလမ်းကို တွက်ချက်တဲ့ဟာ နည်းလမ်း (၃)ဖြစ်ခဲ့ပါတယ်။ ထိုနည်းလမ်းများအရ ဇယားမှာတင်ပြထားတာဟာ နည်းလမ်းတစ်မှာဆိုရင် ရေအား လျှပ်စစ်အကြီးစားတွေကို ၁၂၁၄၇ မဂ္ဂါဝပ် ရေအားအလတ်စားနှင့် အသေးစားကို ၆၈၉၁ မဂ္ဂါဝပ် အလားတူ သဘာဝဓာတ်ငွေ့အား ၅၀၀၀ မဂ္ဂါဝပ်နီးပါး၊ ကျောက်မီးသွေးသုံးလျှပ်စစ်ဟာ မဂ္ဂါဝပ် ၂၇၆၀ နီးပါး၊ ပြန်ပြည့်ဖြိုးမြဲဟာ မဂ္ဂါဝပ် ၂၀၀၀ ခန့် စသည့်အားဖြင့် ပါရှိပါတယ်။

ထိုကဲ့သို့ ဆောင်ရွက် ခဲ့လို့ရှိရင် တပ်ဆင်အင်အားဟာ မဂ္ဂါဝပ် ၂၈၇၈၄ ဖြစ်သွားမှာ ဖြစ်ပါတယ်။ တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၈၇၈၄ ဖြစ်သော်လည်း တကယ်ဖြည့်ဆည်းရမယ့် လျှပ်စစ်ပမာဏဟာ ပထမ Graph အရဆိုရင် မဂ္ဂါဝပ် ၁၄၅၄၂ အတွက် ဖြစ်ပါတယ်။ ထိုကဲ့သို နှိုင်းယှဉ်စဉ်းစားလိုက်မယ်ဆိုလို့ရှိရင် လိုအပ်တဲ့ မဂ္ဂါဝပ် ၁၄၅၀၀ ကျော်အတွက် လိုအပ်တဲ့ တပ်ဆင်စက်အင်အားကို မဂ္ဂါဝပ် ၂၈၀၀၀ ကျော်ဖြစ်သွားတာ ဖြစ်ပါတယ်။ ဘာကြောင့် အဲဒီလိုဖြစ်ရလည်းဆိုလို့ရှိရင်တော့ ပြည်တွင်း စွမ်းအင်အရင်းအမြစ်ကို သုံးလိုက်တဲ့အခါမှာ ပြည်တွင်းမှာ များပြားပေါကြွယ်ဝပါတယ်ဆိုတဲ့ ရေအား လျှပ်စစ်ကို အဓိကထားသွားသုံးလိုက်တာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ်များရဲ့ သဘောသဘာဝဟာ တပ်ဆင်စက်အင်အားအတိုင်း မိုးရာသီကာလများမှာ ထွက်ရှိပါတယ်။ မိုးရာသီကုန်ပြီးတော့ ဆောင်းရာသီရဲ့နောက်ပိုင်း စုဆောင်းရေကို သုံးစွဲလိုက်လို့ နွေရာသီကိုရောက်တဲ့အချိန်မှာ စုဆောင်းရေအင်မတန်နည်းပါးသွားတဲ့အခါ နွေရာသီရောက်ရင် အဲဒီရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံများရဲ့ တကယ့်လက်တွေ့လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုဟာ တပ်ဆင်စက်အင်အားရဲ့ သုံးပုံတစ်ပုံ သို့မဟုတ် လေးပုံတစ်ပုံသာ ကျန်ရှိပါတယ်။

ထိုသို့ သုံးပုံတစ်ပုံ၊ လေးပုံတစ်ပုံသာကျန်ရှိတဲ့ ထုတ်လုပ်နိုင်တဲ့အခြေအနေနှင့် တိုင်းပြည်ရဲ့ လျှပ်စစ်ကိုလောက်အောင် ကြိုးစားရမယ်ဆိုရင် အဲဒီရေအားလျှပ်စစ်တပ်ဆင်အင်အားပမာဏဟာ လိုအပ်တာထက်များစွာ အဆတိုး၍တည်ဆောက်မှ တိုင်းပြည်ရဲ့လျှပ်စစ်ကို တကယ်လောက်မှာဖြစ်တဲ့ အတွက်ကြောင့် ဒီရလဒ်တွေပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒုတိယနည်းလမ်းဖြစ်တဲ့ ထုတ်လုပ်မှု ကုန်ကျစရိတ် အနည်းဆုံးနည်းလမ်းနဲ့ ဆောင်ရွက်တဲ့အခါမှာ ရေအားလျှပ်စစ်ရယ်၊ ကျောက်မီးသွေး သုံးဓာတ်အားပေးစက်ရုံတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသကဲ့သို့ ရွေးချယ်မှသာ ကုန်ကျစရိတ်နည်းတဲ့၊ သက်သာတဲ့နည်းလမ်းကို ရရှိမှာဖြစ်ပါတယ်။ စွမ်းအင်အရင်းအမြစ်မျိုးစုံကို အချိုးညီညီပေါင်းစပ်ရတဲ့နည်းလမ်းကို ဘာလို့စဉ်းစားရပါသလဲဆိုလို့ရှိရင် ကျွန်တော်တို့ပြည်သူလူထု

တွေလိုချင်တဲ့ဟာက ၂၄ နာရီစဉ်ဆက် မပြတ်ရရှိဖို့လိုတယ်။ ဈေးနှုန်းကိုသက်သာချင်တယ်။ ရာသီကာလမရွေးရချင်တယ်။ တည်ငြိမ်တဲ့ လျှပ်စစ်တွေကိုရချင်တယ်။ ဒီလိုဖြစ်ပါတယ်။ ဒီလိုမျိုးဖြစ်အောင်ဆိုရင် စွမ်းအင်အရင်းအမြစ်ကို အချိုးညီညီပေါင်းစပ်မှသာ ပြည့်လည်လာတာဖြစ်တဲ့အတွက်ကြောင့် နည်းလမ်း(၃)ကိုတွက်ချက်တာ ဖြစ်ပါတယ်။ နည်းလမ်း(၃)ကိုတွက်ချက်လိုက်တဲ့အခါမှာတော့ အကြီးစားရေအားလျှပ်စစ်စက်ရုံတွေရဲ့ တပ်ဆင်အင်အားရာခိုင်နှုန်းများစွာကျဆင်းပြီး မဂ္ဂါဝပ် ၁၄၁၂ သာဖြစ်ပေါ်လာပါတယ်။ အသေးစားနဲ့ အလတ်စားကတော့ မဂ္ဂါဝပ် ၇၄၀၀ ကျော်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ကိုသုံးတာ မဂ္ဂါဝပ် ၄၇၀၀ ကျော်နဲ့ ကျောက်မီးသွေးကိုသုံးရမယ့်ပမာဏဟာ မဂ္ဂါဝပ် ၇၉၀၀ ကျော်၊ ပြည့်ဖြိုးမြဲက မဂ္ဂါဝပ် ၂၀၀၀ ဖြစ်လာတာဖြစ်ပါတယ်။

နည်းလမ်း(၁)နဲ့(၂)ဟာ ကြည့်လိုက်မယ်ဆိုရင် နည်းလမ်း(၃)ထက် စုစုပေါင်းတင်ဆင်အင်အား မဂ္ဂါဝပ် ၅၀၀၀ ကျော်ခန့် ပို၍တည်ဆောက်ရန်လိုအပ်ပါတယ်။ ထိုသို့ဖြစ်ရတဲ့အကြောင်းအရင်းက စောစောက ကျွန်တော်ရှင်းပြသွားသလို Base Load Generation ကိုအားနည်းနေတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ရေအားလျှပ်စစ်စက်ရုံတွေကိုတည်ဆောက်တဲ့အခါမှာ တမံအမျိုးအစား ရေအားလျှပ်စစ်အများစုဟာ တပ်ဆင်အင်အားရဲ့ လေးပုံတစ်ပုံခန့်သာ နွေရာသီမှာဓာတ်အားထုတ် နိုင်တော့ လျှပ်စစ်လုံလောက်ဖို့ တပ်ဆင်အင်အားတွေ အများကြီးတည်ဆောက်ဖို့လိုအပ်လာပါတယ်။ ဒါကြောင့် နည်းလမ်း(၁)ဟာ အရင်းအနှီးများများလိုအပ်တယ်လို့ သိရှိနိုင်ပြီး နည်းလမ်း(၂)ကတော့ ထုတ်လုပ်မှုကုန်ကျစရိတ်နည်းသည့်တိုင်အောင် အကြီးစားရေအားလျှပ်စစ်တွေ ပါဝင်နေတဲ့အတွက်ကြောင့် အရင်းအနှီးများတာဖြစ်ပါတယ်။ နည်းလမ်း(၃)ကတော့ တည်ဆောက်တဲ့အချိန်မှာ အရင်းအနှီး နည်းပါတယ်။ စွမ်းအင်အရင်းအမြစ်တွေကို အချိုးညီညီထုတ်လုပ်နိုင်တဲ့ အနေအထားကိုရရှိနိုင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကမ္ဘာပေါ်မှာ နိုင်ငံတွေအများကြီး ဒီလိုပဲကိုယ့်နိုင်ငံကိုယ် လျှပ်စစ်ဓာတ်အားပေးဖို့ရန်အတွက် ကြိုးစားတဲ့အခါမှာ ဓာတ်အားစနစ်ဆိုတာကိုတည်ဆောက်ကြရပါတယ်။ ဓာတ်အားစနစ်ဆိုတာဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးတဲ့စက်ရုံတွေ၊ မဟာဓာတ်အားလိုင်းတွေ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဖြန့်ဖြူးရေးလိုင်းများ၊ ဖြန့်ဖြူးရေးထရန်စဖော်မာများ အားလုံးပါဝင်တာကိုမှ ဓာတ်အားစနစ်လို့ခေါ်တာဖြစ်ပါတယ်။ အဲဒီဓာတ်အားစနစ်အတွင်းမှာ ပထမဦးစွာတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်တဲ့စက်ရုံတွေကို လုံလောက်စွာတည်ဆောက်ကြဖို့လိုပါတယ်။ လျှပ်စစ်

ခာတ်အားပေးတဲ့ လုံလောက်စွာဆိုတဲ့ကိစ္စမှာ ရာသီဥတုမရွေး တစ်နှစ်ပတ်လုံး ၂၄ နာရီ စဉ်ဆက်မပြတ် ခာတ်အားထုတ်လုပ်နိုင်တဲ့ Base Load Generation ထုတ်လုပ်ပေးနိုင်တဲ့ခာတ်အားပေးစက်ရုံတွေကို အဓိကထားပြီးတည်ဆောက်ကြရမှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ရာမှာ နိုင်ငံရဲ့အမြင့်ဆုံးလျှပ်စစ်ခာတ်အား သုံးစွဲမှုပမာဏထက်ပင် နောက်ထပ် ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိ ထပ်မံတိုးတက်ထုတ်လုပ်နိုင်အောင် Reserve Power ကို ထားရှိဖို့လိုအပ်ပါတယ်။ အဲဒီ Reserve Power ဆိုတဲ့နေရာမှာ Spinning Reserve ရော Cold Reserve နှစ်မျိုးစလုံးကို ထားရှိဖို့စီစဉ်ရမှာဖြစ်ပါတယ်။ ဒီ့အပြင် နှစ်စဉ်နှစ်စဉ်တိုးတက်လိုအပ်လာမယ့် လိုအပ်ချက်တွေကိုခန့်မှန်းတွက်ချက်ပြီး ထိုလိုအပ်ချက်တွေကို အချိန်မီအောင်လို့ နှစ်ပေါင်းများစွာကနေပြီး ခာတ်အားပေးစက်ရုံစီမံကိန်းတွေကို ကြိုတင်တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံမှာတည်ရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေကို အကျိုးရှိရှိအသုံးချနိုင်အောင် ရွေးချယ်တည်ဆောက်ကြပါတယ်။ မည်သည့်ရာသီကာလမှာမဆို နိုင်ငံရဲ့လျှပ်စစ်လိုအပ်ချက်ကို ထုတ်လုပ်နိုင်မယ့်အင်အားရှိစေမယ့် ဘယ်စွမ်းအင်အရင်းအမြစ်ကို ဘယ်လိုအချိုးအစားနဲ့ အသုံးပြုပြီး စွမ်းအင်ထုတ်လုပ်မှ လျှပ်စစ်ဖူလုံမှာလဲဆိုတာကို သေချာစွာရွေးချယ်အသုံးချဖို့လိုပါတယ်။ ပညာရှင်များရဲ့ရွေးချယ်ဆုံးဖြတ်မှုကိုလည်း အကောင်အထည်ဖော်ခွင့်ရဖို့ အရေးကြီးပါတယ်။ ရာသီကာလမရွေး လျှပ်စစ်လုံလောက်စေရန် စွမ်းအင်အရင်းအမြစ်မျိုးစုံကို အချိုးကျအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်တဲ့နည်းကို မဖြစ်မနေစီမံဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

တင်ပြပါ Graph ပုံကတော့ လွှတ်တော်မှာ ယခင်ကလည်း ကျွန်တော်တင်ပြခဲ့ဖူးပါတယ်။ တစ်နေ့တာ နာရီစဉ်အလိုက် လျှပ်စစ်သုံးစွဲတဲ့ မျဉ်းရဲ့ထဲမှာ တစ်နေကုန်တစ်နေခမ်း ပုံမှန်တစ်သတ်မတ်တည်းနီးပါးအသုံးပြုတဲ့ ဝန်အားကို Base Load လို့ခေါ်ပြီးတော့ အဆိုပါ Base Load ရဲ့အထက်မှာ လူတွေအိပ်ရာကနိုးလာတဲ့အချိန်ကနေစပြီး ညဥ့်နက်အိပ်ရာပြန်ဝင်ချိန်လောက်မှာ အသုံးပြုတဲ့ဝန်အားကို Intermediate Load လို့ခေါ်ပြီး Intermediate Load ရဲ့အထက်မှာမှ Peak Load ဆိုတဲ့ဝန်အားကိုရှင်းပြထားတာဖြစ်ပါတယ်။ ထိုသို့ရှင်းပြရခြင်းရဲ့အကြောင်းအရင်းဟာ Base Load အဖြစ် နေ့စဉ်နေ့တိုင်းမှာ ၂၄ နာရီဆက်တိုက် လျှပ်စစ်ခာတ်အားကိုပုံသေထုတ်ပေးနိုင်ဖို့အတွက် လျှပ်စစ်ခာတ်အားအတွက် ၁၂ မှာရှိဖို့ အဓိကစက်တွေကတော့ Run of River Type ရေအားလျှပ်စစ်စက်ရုံ၊ ချူကလီးယားခာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ခာတ်အားပေးစက်ရုံ၊

ဘူမိအပူသုံး ဓာတ်အားပေးစက်ရုံတို့ဟာ Base Load Machine များအဖြစ် မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ်စက်ရုံဆိုတာအတိုင်း Base Load အဖြစ် မောင်းနှင်နိုင်တာမဟုတ်ဘဲ Run of River Type ကသာ 24 hours မောင်းဖို့သေချာတဲ့စက်များဖြစ်ပါတယ်။ Run of River Type ကမဟုတ်တဲ့ ကျန် Base Load စက်တွေကတော့ နှိုးလိုက်ရပ်လိုက်နဲ့ လျှပ်စစ်ကိုတိုးပြီး ထုတ်လိုက်၊ လျှော့လိုက်နဲ့ လုပ်လို့မရပါဘူး။ အထူးသဖြင့် နျူကလီးယား၊ ကျောက်မီးသွေး၊ ဘူမိအပူသုံးတို့ဟာ တစ်သမတ်တည်း လျှပ်စစ်ကိုအချိန်ပြည့်ထုတ်ရတဲ့ စက်များဖြစ်ပါတယ်။

အဆိုပါ အမျိုးအစားလေးမျိုးမှာ လေ့လာကြည့်လိုက်ရင် မြန်မာနိုင်ငံမှာ နျူကလီးယားနဲ့ ဘူမိအပူသုံးဓာတ်အားပေးစက်ရုံတွေ လုံးဝမရှိပါဘူး။ ကျွန်တော်တို့မှာ Run of River Type ရေအားလျှပ်စစ်စက်ရုံရယ်၊ ကျောက်မီးသွေး သုံးဓာတ်အားပေးစက်ရုံဆိုတဲ့ အမျိုးအစားနှစ်မျိုးသာလျှင် မြန်မာနိုင်ငံအတွက် Base Load အဖြစ် အသုံးပြုတဲ့စက်ထဲမှာပါရှိနေတာဖြစ်ပါတယ်။ Intermediate Load Generation ဆိုတာ လူတွေ အိပ်ယာကနိုးလာပြီး ပြန်အိပ်မယ့်အချိန်များအတွင်းမှာ နာရီဆက်တိုက် ဓာတ်အားကိုတတ်နိုင်သလောက် ထုတ်ပေးရမယ့် နောက်ထပ်ထပ်စောင်း စက်များဖြစ်ပါတယ်။ အဆိုပါစက်များကတော့ ကမ္ဘာပေါ်မှာ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများနှင့် Reservoir Type ဆည်ရေစနစ်သုံး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများကို အသုံးပြုပါတယ်။ ထိုဓာတ်အားပေးစက်ရုံနှစ်မျိုးစလုံးဟာ စက်ကိုလိုအပ်ရင် ချက်ချင်းနှိုးလိုက်၊ ရပ်လိုက် လျှပ်စစ်ကို တိုးထုတ်လိုက်၊ လျှော့ထုတ်လိုက် လိုအပ်သလို Adjust လုပ်လို့ရပါတယ်။ ဒါ့ကြောင့် တစ်နေကုန် ဝန်အားကစားမှုကို လိုက်လံထိန်းမောင်းရာမှာ အသုံးပြုတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာ Reservoir Type ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများကို ၂၄ နာရီဆက်တိုက် လျှပ်စစ်ထုတ်ကာ Base Load စက်အဖြစ် အသုံးပြုနေကြတဲ့အတွက်ကြောင့် ဆည်ရေတွေဟာ အကုန်မြန်ပြီး နွေရာသီမှာလျှပ်စစ်မလုံလောက်ရခြင်း ဖြစ်ပါတယ်။ ဆည်ရေစနစ် သုံးရေအားလျှပ်စစ် စက်ရုံများရဲ့ သဘာဝကမိုးတွင်းကာလမှာ ၂၄ နာရီ ဓာတ်အားအပြည့်ထုတ်နိုင်ပါတယ်။ မိုးလွန်ကာလမှာတော့ တစ်နာရီမှာ တစ်နေ့ကို ၁၀ နာရီကနေ ၁၂ နာရီ ခန့်သာ လျှပ်စစ်ထုတ်သင့်တာဖြစ်ပါတယ်။

သို့သော်လည်းပဲ တစ်နေကုန် ၂၄ နာရီလျှပ်စစ်ထုတ်ခြင်း၊ စိုက်ပျိုးရေးရေများအတွက် အများကြီးအသုံးပြုခြင်းတွေကြောင့် ကျွန်တော်တို့ရဲ့ ဓာတ်အားပေးစနစ်မှာ Install Capacity သာ ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ထိခိုက်နစ်နာနေရတာဖြစ်ပါတယ်။ Peak Load Generation

အဖြစ်တော့ လူတွေ တစ်နေကုန်မှာဓာတ်အားအမြင့်ဆုံးသုံးတဲ့အချိန်မှာ နောက်ထပ်ဖြည့်စွက်ပြီး ဓာတ်အားထုတ်လုပ်ပေးတဲ့ နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံ၊ လေအားသုံးဓာတ်အားပေးစက်ရုံ၊ ဈေးကြီးတဲ့လောင်စာဆီသုံးဓာတ်အားပေးစက်ရုံနဲ့ Pump Storage Type ရေအားလျှပ်စစ်စက်ရုံများကို Peak Load Generation များအဖြစ် အသုံးပြုပါတယ်။ နေရောင်ခြည်နဲ့ လေအားသုံးဓာတ်အားပေးစက်တွေဟာ အချိန်ပြည့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုမရှိပါဘူး။ လျှပ်စစ်လိုနေတဲ့အချိန်မှာ သူကထွက်မလားဆိုတာ မသေချာပါဘူး။ ကိုယ်ထုတ်ချင်တဲ့ပမာဏကိုလည်း အတိုး/အလျှော့ထုတ်ပြီး လုပ်လို့လည်းမရပါဘူး။ အဲဒီအပြင် နေရောင်ခြည်နဲ့လေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေက တည်ငြိမ်တဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အထူးအားနည်းပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်ဟာ နေရောင်ခြည်ကိုသုံးရင် ဈေးကျလာတယ်လို့ ယနေ့ ပြောနေကြသည့်တိုင်အောင် ဈေးကြီးနေဆဲဖြစ်ပါတယ်။ ဈေးကျလာတယ်ဆိုတာ တရားလွန်ဈေးကြီးတဲ့အဆင့်ကနေပြီးတော့ ဈေးပြန်ကျတယ်ဆိုတဲ့အဆင့်ကို ဈေးကျတယ်လို့ပြောနေတာဖြစ်ပြီး ဈေးပေါတယ်၊ သက်သာတယ်ဆိုတဲ့အဆင့်မဟုတ်သေးပါဘူး။ ဓာတ်အားပေးစက်ရုံအမျိုးအစားအလိုက် နိုင်ငံတကာမှာအသုံးပြုနေကြတာဟာ Run of River Type၊ ချူကလီးယားတို့ စတာတွေကို Base Load Generation တွေအဖြစ် အသုံးပြုပြီးမှ နောက်ပိုင်းမှာမှ လောင်စာနဲ့ Reservoir Type တွေကို အသုံးပြုတယ်ဆိုတာလေးကို တင်ပြထားတာဖြစ်ပါတယ်။

တင်ပြပါ graph ဟာ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်း ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလများမှာ နိုင်ငံရဲ့အမြင့်ဆုံးလျှပ်စစ်သုံးစွဲမှုပမာဏပြောင်းလဲပုံလေးကို တင်ပြထားတာဖြစ်ပါတယ်။ ရာသီဥတုအေးတဲ့ ဇန်နဝါရီလမှာအသုံးပြုမှု graph မှာ ဘယ်ဘက်အစွန်ဆုံး Bar graph ပုံဖြစ်ပြီးတော့ ရာသီဥတုပူတဲ့ ဧပြီလနှင့်မေလ graph မှာ ညာဘက်က Bar graph ကျလို့ရှိရင် လျှပ်စစ်သုံးစွဲမှုပမာဏဟာ မြင့်မားစွာရုတ်ချည်းပြောင်းလဲသွားတာတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်အသုံးပြုမှုဟာ ရာသီဥတုပေါ်မှာ ကြီးမားစွာတည်ရှိနေတယ်ဆိုတာလေးကို တင်ပြတာဖြစ်ပါတယ်။ တင်ပြပါ graph ကတော့ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွေမှာ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်းမှာ လျှစ်စစ်ဓာတ်အားထုတ်လုပ်ပေးတဲ့ပမာဏတွေဖြစ်ပါတယ်။ ထုတ်လုပ်ပေးတဲ့ပမာဏတွေအရတော့ နှစ်စဉ်နှစ်စဉ် ၂၀၁၉ ခုနှစ်ဖြစ်သည့်တိုင်အောင် အရင်နှစ်ကထက်ပင်လျှင် လျှပ်စစ်ထုတ်နိုင်ခဲ့ပါတယ်။ လျှပ်စစ်ထုတ်လုပ်

နိုင်မှုဟာလည်း နှစ်စဉ် ၁၂ ရာခိုင်နှုန်းကနေ ၁၃ ရာခိုင်နှုန်းတိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

သို့သော် ယခုနှစ်မှာ အဲဒီ ၁၂ ရာခိုင်နှုန်း၊ ၁၃ ရာခိုင်နှုန်းတိုးတက်မှုသည်ပင်လျှင် လုံလောက်မှုမရှိတာကို ကျွန်တော်တို့ လက်ခံရမှာဖြစ်ပါတယ်။ တင်ပြပါ graph ဟာ ၁၄-၃-၂၀၁၉ ရက်နေ့ဒီရက်ကို ရွေးချယ်တင်ပြရခြင်းအကြောင်းအရင်းဟာ လက်ရှိ ၂၀၁၉ ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံးကအမြင့်ဆုံးသုံးစွဲပြုတဲ့ (Peak Load) ၃၆၅၄ မဂ္ဂါဝပ်ကို ရောက်ရှိသွားခဲ့တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ အဆိုပါနေ့ကို သုံးသပ်လေ့လာလိုက်လို့ရှိရင် အနီရောင်မျဉ်းနဲ့တင်ပြထားတာက သဘာဝဓာတ်ငွေ့နဲ့ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများရဲ့ တစ်နေကုန်ဓာတ်အားထုတ်လုပ်မှုဖြစ်ပါတယ်။ အဆိုပါအခြေအနေအရ ၂၄ နာရီတောက်လျှောက် ၁၄၀၀ မဂ္ဂါဝပ်ဝန်းကျင်မှာ ဓာတ်အားထုတ်လုပ်ပေးခဲ့ပါတယ်။ အဆိုပါစက်များရဲ့အပြင် အပေါ်မှာ အပြာရောင်နဲ့အနီရောင်ကြားက လျှပ်စစ်ထုတ်လုပ်မှုဟာရေအားလျှပ်စစ်စက်ရုံများကနေ လျှပ်စစ်ဓာတ်အားကို လိုအပ်သလိုအတိုး/အလျှော့လုပ်ပြီး ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ မနက်ပိုင်းတစ်နာရီကနေ မနက်ပိုင်း ငါးနာရီ၊ ခြောက်နာရီအတွင်းမှာ တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအမြင့်ဆုံးပမာဏဟာ ၁၇၆၀ မဂ္ဂါဝပ်သာ ရှိတာဖြစ်ပါတယ်။ အလားတူ Peak Load ကို တင်ပြရရင် မနက်ရှစ်နာရီကနေပြီးတော့ ၁၂ နာရီကြား လေးနာရီလောက်မှာသာ မဂ္ဂါဝပ် ၃၂၀၀ ကို လေးနာရီလောက်ပဲကျော်လွန်ပြီး ညနေဘက်မှာဆိုရင် ည ၁၆ နာရီကနေ ၂၁ နာရီကြားမှာသာ မဂ္ဂါဝပ် ၃၂၀၀ ကိုကြိုကြားကြိုကြား ကျော်လွန်တာဖြစ်ပါတယ်။ ဒါကြောင့် မတ်လဟာ တစ်နိုင်ငံလုံးအတွက် Peak Load ၃၆၅၄ မဂ္ဂါဝပ်ကို ရောက်ရှိခဲ့သည့်တိုင်အောင် တစ်နေကုန်လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခဲ့တာဟာ မဂ္ဂါဝပ် hour ၆၇၀၀၀ ကျော် ထုတ်လုပ်ပေးခဲ့ရပါတယ်။ နောက်တစ်ရက်ဟာတော့ ၂၂-၄-၂၀၁၉ ရက် ဧပြီလမှာဖြစ်ပြီး ဧပြီလ ထိုနေ့မှာရှိတဲ့ Peak Load ဟာ ၃၅၁၆၊ မတ်လထက် အနည်းငယ်ကျသွားပါတယ်။ မတ်လထက် Peak Load ဟာ အနည်းငယ်ကျသွားသော်လည်း တစ်နေ့တာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရတဲ့ပမာဏဟာတော့ မဂ္ဂါဝပ် hour ၇၀၀၀၀ ကျော်ဖြစ်သွားတာဖြစ်ပါတယ်။ ထိုနေ့မှာ အပူစွမ်းအင်သုံး ဓာတ်အာပေးစက်များရဲ့ ပုံမှန်ဓာတ်အားထုတ်လုပ်မှုဟာ ၂၄ နာရီ နာရီစဉ်အလိုက် ၁၆၀၀ မဂ္ဂါဝပ်၊ ယခင်မတ်လထက်ပိုပြီး ၂၀၀ မဂ္ဂါဝပ်ခန့် ပို၍တိုးတက်ထုတ်လုပ်ခဲ့ပါတယ်။ အလားတူ ရေအားလျှပ်စစ်စက်ရုံများကလည်း အနိမ့်ဆုံးအချိန်ထုတ်ပေးရတဲ့ မနက်တစ်နာရီကနေ ငါးနာရီအကြားမှာ မဂ္ဂါဝပ် ၂၂၅၀ လောက်အထိ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ တစ်နေ့လုံးကို လေ့လာလိုက်လို့ရှိရင် မနက်ခုနစ်နာရီလောက်ကနေစပြီး ည ၂၂

နာရီအထိ တစ်နေကုန် ၁၅ နာရီဟာ ယခင်မတ်လမှာ ရှိခဲ့တဲ့ မဂ္ဂါဝပ် ၃၂၀၀ ထက်ကျော်လွန်ပြီး ၁၅ နာရီဆက်တိုက် Peak Load အချိန်ဟာ ပိုများသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်နေကုန် လျှပ်စစ်ထုတ်ပေးရတဲ့ မဂ္ဂါဝပ် Hour များလာလေ ကျွန်တော်တို့ ဆည်ရေတွေ အသုံးပြုဖို့များလာလေ ဆည်ရေတွေပိုမိုကျဆင်းလာလေ ဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ Base Load Generation ဖြင့် မောင်းပြီး တော့ လျှပ်စစ်ထုတ်လုပ်ပေးသင့်တယ်လို့ တင်ပြလိုပါတယ်။ Run of River၊ ကျောက်မီးသွေးသုံး၊ နျူကလီးယား ဒီသုံးမျိုးဟာ လျှပ်စစ်ဓာတ်အားက ထုတ်လုပ်မှု ဈေးအသက်သာဆုံးဖြစ်ပါတယ်။ ဂျီအိုသာမယ်ကို သုံးမယ်ဆိုရင်တော့ ဈေးသက်သာမှုမရှိပါဘူး။ ဒါကြောင့် Run of River ရယ်၊ ကျောက်မီးသွေးရယ်၊ နျူကလီးယားကိုသုံးရင်တော့ မီးသုံးသူတို့ရဲ့ လိုလားချက်ဖြစ်တဲ့ ဈေးသက်သာ ရေးဆိုတဲ့ လိုလားချက်ကို ကိုက်ညီပါတယ်။ ဒါက လိုလားချက်တစ်ခုကို လုပ်ကိုင်နေတာ ဖြစ်ပါ တယ်။ ကျောက်မီးသွေးသုံးတဲ့ နျူကလီးယားသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့စက်ရုံများဟာ လျှပ်စစ်ပမာဏ မဂ္ဂါဝပ်ကို ထောင်ချီပြီး ထုတ်လုပ်ပေးနိုင်တဲ့အတွက်ကြောင့် ပြည်သူတွေက လိုချင်တဲ့ လျှပ်စစ်လုံလောက်အောင် ရရှိဖို့ဆိုတဲ့အချက် ဒုတိယလိုလားချက်နှင့်လည်း ကိုက်ညီပါတယ်။

ထိုစက်များရဲ့သဘာဝက လျှပ်စစ်ဓာတ်အားကို ၂၄ နာရီစဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ပေးနိုင် တာဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေလိုချင်နေတဲ့ ရာသီကာလမရွေး အချိန်တိုင်း လျှပ်စစ်ဆက်တိုက် ရအောင် ထုတ်လုပ်ပေးနိုင်ရေးဆိုတဲ့ တတိယအချက်နှင့်လည်း ကိုက်ညီမှာဖြစ်ပါတယ်။ Base Load Generation အမျိုးအစား လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို နိုင်ငံမှာ လုံလောက်အောင် တည်ဆောက်ထားဖို့ အထူးအရေးကြီးပါတယ်။ Base Load Generation စက်အမျိုးအစားတွေကို လုံလောက်အောင် တည်ဆောက်ခွင့်ရဖို့ကလည်း အထူးအရေးကြီးပါတယ်။ နိုင်ငံတကာမှာ လျှပ်စစ်မီး မပြတ်ဘူးဆိုတဲ့အချက်ဟာ ထိုအချက်က အဓိကအားကောင်းနေတာ ဆိုတာကို တင်ပြလိုတာဖြစ်ပါ တယ်။ ဒါကြောင့် နိုင်ငံတကာမှာရှိတဲ့ လျှပ်စစ်ထုတ်လုပ်မှုပုံစံများကို ဆက်လက်ပြီးတင်ပြလိုပါတယ်။ ရာသီမရွေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေမရွေး၊ ရေနံဈေးကွက်ပြောင်းလဲမှုမရွေးဘဲ အခြေအနေတိုင်း မှာ မိမိနိုင်ငံရဲ့ လျှပ်စစ်ထုတ်လုပ်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ လျှပ်စစ်ထုတ်လုပ်နိုင်တဲ့ အာမခံချက် Energy Security ရှိဖို့ အရေးကြီးတာဖြစ်ပါတယ်။

ဒီလို Energy Security ရှိနိုင်ဖို့ အတွက်မို့လို့ လျှပ်စစ်ကို စွမ်းအင်အရင်းအမြစ်မျိုးစုံကနေ အချိုးအစားမှန်ကန်အောင် ထုတ်လုပ်ဖို့ လိုအပ်ရခြင်းအကြောင်းအရင်းလည်း ဖြစ်ပါတယ်။ တင်ပြပါ

ပုံမှာ အမေရိကန်နိုင်ငံရဲ့ ထုတ်လုပ်မှုအနေအထားဖြစ်ပါတယ်။ အဆိုပါပုံကို လေ့လာလိုက်လို့ရှိရင် Base Load Generation အဖြစ် ထုတ်လုပ်နိုင်တဲ့ နျူကလီးယားက ၁၉.၅ ရာခိုင်နှုန်း၊ ကျောက်မီးသွေးက ၃၈.၈ ရာခိုင်နှုန်း နှစ်မျိုးပေါင်းလိုက်လို့ရှိရင် ၅၈.၃ ရာခိုင်နှုန်းထိ အားကောင်းတာ တင်ပြလိုပါတယ်။ ဂျာမဏီနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ Base Load Generation အဖြစ် ဆောင်ရွက်ပေးနိုင်တဲ့ နျူကလီးယားက ၁၃.၂ ရာခိုင်နှုန်း၊ လစ်ကနိုက်ကိုးက ၂၄.၄ ရာခိုင်နှုန်း၊ Heart Coal က ၁၅.၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ၅၂.၈ ရာခိုင်နှုန်းအထိ အားကောင်းတာကိုတင်ပြလိုပါတယ်။ ဂျပန်နိုင်ငံရဲ့ ထုတ်လုပ်မှုမှာကြည့်ရင် ၎င်းတို့အသုံးပြုတာက Base Load Generation အဖြစ် နျူကလီးယားကို ၄.၇ ရာခိုင်နှုန်း ဒါကတော့ စက်ရုံအချို့လျှော့ချလိုက်တဲ့အတွက်ကြောင့် Percentage လျော့သွားတာ ဖြစ်ပါတယ်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေက ၂၈.၃ ရာခိုင်နှုန်းနှင့် LNG ကို Base Load အဖြစ်မောင်းနှင်ပြီး ၃၇.၄ ရာခိုင်နှုန်း စုစုပေါင်း ၇၀.၄ ရာခိုင်နှုန်း Base Load Generation အင်အား ရှိအောင်စီစဉ်ထားတာဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို လေ့လာလိုက်လို့ရှိရင် Base Load Generation အမျိုးအစားအဖြစ် နျူကလီးယားက ၂၁ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးကို ၃၈ ရာခိုင်နှုန်း စုစုပေါင်း ၅၉ ရာခိုင်နှုန်းအချိုးဖြစ်အောင် တည်ဆောက်ပြီး ဆောင်ရွက်နေတာ တင်ပြလိုပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဖြစ်ပါတယ်။ Base-Load Generation အဖြစ် နျူကလီးယားက ၃၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးက ၄၀ ရာခိုင်နှုန်း၊ Base-Load ချည်းပဲ ၇၀ ရာခိုင်နှုန်းရှိတဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားကောင်းမွန်ပြီး စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရခြင်းဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ လျှပ်စစ်ထုတ်လုပ်မှုကို လေ့လာလိုက်လို့ရှိရင် Base-Load Generation အဖြစ် Geothermal က 2 Percent ၊ ကျောက်မီးသွေးက 47 Percent စုစုပေါင်း 49 Percent ဖြင့် ဆောင်ရွက်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ Base-Load Generation မှာ သဘာဝဓာတ်ငွေ့က ၄၁.၃ ရာခိုင်နှုန်း၊ ကျောက်မီးသွေးက ၁၉.၈ ရာခိုင်နှုန်းနဲ့ စုစုပေါင်း ၆၁.၁ ရာခိုင်နှုန်းနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် Base-Load Generation အဖြစ် နျူကလီးယားက ၃.၆ ရာခိုင်နှုန်း၊ ကျောက်မီးသွေးက ၆၅.၂ ရာခိုင်နှုန်း စုစုပေါင်း ၆၈.၈ ရာခိုင်နှုန်းနဲ့ တိုင်းပြည်ကိုဖွံ့ဖြိုးအောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ Base-Load Generation အဖြစ် Geothermal က ၁၃.၄ ရာခိုင်နှုန်း၊ ကျောက်မီးသွေးက ၄၄.၅ ရာခိုင်နှုန်းနဲ့ Base-Load Generation စုစုပေါင်း ၅၇.၉ ရာခိုင်နှုန်းနဲ့

ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပါကစ္စစတန် နိုင်ငံကိုလေ့လာကြည့်လို့ရှိရင် ၂၀၃၀ ခုနှစ်ရောက်လို့ ရှိရင် Base-Load Generation အဖြစ် နျူကလီးယားက 5 Percent နဲ့ ကျောက်မီးသွေးက 25 Percent စုစုပေါင်း 30 Percent နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ Base-Load Generation တွေဟာ ဘာတွေရှိသလဲဆိုတာကို ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။ Run-off River Type ရေအားလျှပ်စစ်စက်ရုံများအဖြစ် ဇော်ဂျီ(၁)၊ ရွှေလီ(၁)၊ ကျိုင်းတောင်း၊ တာပိန်(၁)၊ နန်ချို အစရှိတဲ့စက်ရုံများရဲ့ အားလုံး စုစုပေါင်းစက်အင်အားဟာ ၅၃၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံရဲ့ စက်အင်အားဟာ ၁၂၀ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ Base-Load မောင်းနှင်နိုင်တဲ့ စုစုပေါင်း စက်တပ်ဆင်အင်အားဟာ ၆၅၀ မဂ္ဂါဝပ် ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် လက်ရှိနိုင်ငံမှာရှိတဲ့ စက်အင်အားအားလုံးရဲ့ ၁၂ ရာခိုင်နှုန်းသည် သာလျှင် Base-Load Generation မောင်းနှင်နိုင်တဲ့ စက်အင်အားကို ကျွန်တော်တို့ပိုင်ဆိုင်ထားတာ ဖြစ်ပါတယ်။ ကျွန်တော် စောစောကတင်ပြသွားတဲ့ မတ်လနဲ့ဧပြီလများရဲ့ နေ့စဉ်ဝန်အားသုံးစွဲမှု အခြေအနေ(Daily Load Curve)အရ မြန်မာနိုင်ငံရဲ့ လက်ရှိ Base-Load ဟာ ၂၄၀၀ မဂ္ဂါဝပ်ခန့် ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ရောက်ရှိနေတဲ့ Base-Load က ၂၄၀၀ မဂ္ဂါဝပ်၊ ရှိနေတဲ့ Base-Load မောင်းနိုင်တဲ့စက်အမျိုးအစားက ၆၅၀ မဂ္ဂါဝပ် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ နိုင်ငံရဲ့ Base-Load ကိုဖြည့်ဆည်းပေးနိုင်ဖို့ ထပ်မံလိုအပ်နေ တဲ့ Base-Load အမျိုးအစားစက်အင်အားဟာ ၁၇၅၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်စွမ်းအင်လုံလောက်အောင် ဖြည့်ဆည်းဖို့ ဆိုရာမှာ စက်တပ်ဆင်အင်အားစုစုပေါင်းနဲ့ တွက်လို့မရပါဘူး။ Base-Load တွေမောင်းနိုင်တဲ့ စက်အင်အား တကယ်ကောင်းဖို့လိုပါတယ်။ Reserve Margin 25 Percent ခန့်ရှိဖို့ ထပ်မံစဉ်းစား လိုက်မယ်ဆိုရင် Base-Load အမျိုးအစားစက်အင်အားဟာ ၂၁၈၈ မဂ္ဂါဝပ်ခန့် တပ်ဆင်ဆောင်ရွက် ထားသင့်ပါတယ်။ ထိုကဲ့သို့ တပ်ဆင်ဆောင်ရွက်ထားနိုင်လို့ရှိရင် နိုင်ငံရဲ့လျှပ်စစ်စက်အင်အား ဝန်အားပမာဏရဲ့ ၄၀ ရာခိုင်နှုန်းခန့်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်မှာ ထပ်မံပြီးတိုးတက်လာ မယ့် Base-Load ဝန်အားကိုပါ ပေးနိုင်ဖို့စဉ်းစားရင် မဂ္ဂါဝပ် ၂၇၀၀ ခန့် မျှော်မှန်းပြီး ကျွန်တော်တို့ ဆောင်ရွက်သင့်တာဖြစ်ပါတယ်။ လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ၅၅၃၄ မဂ္ဂါဝပ် စက်တပ်ဆင်အင်အား ရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေကိုလေ့လာလိုက်လို့ရှိရင် ရေအားကနေပြီးတော့ ၅၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ကနေ ၃၉ ရာခိုင်နှုန်းနဲ့ ကျောက်မီးသွေးက ၂ ရာခိုင်နှုန်းခန့်သာ ဖြစ်နေတာ ဖြစ်ပါ တယ်။ အဲဒီတော့ စောစောက ကျွန်တော်တင်ပြသွားသလို ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံတွေကို

မလုပ်သင့်ဘူးလားလို့ပြောရင် မိမိနိုင်ငံမှာရှိတဲ့ အရင်းအမြစ်ကို အကျိုးရှိရှိအသုံးချရေးအတွက်ဆိုတဲ့ ရှုထောင့်ကလည်း လုပ်သင့်ပါတယ်။ ဒုတိယအချက်ကတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ စရိတ်စက နှစ်စဉ်ထုတ်လုပ်မှုကုန်ကျစရိတ် စရိတ်ကသက်သာအောင် လုပ်သင့်ပါတယ်။ သို့သော် ရေအားလျှပ်စစ်ကိုချည်းပဲ ရာနှုန်းအလွန် လုပ်လိုက်လို့ရှိရင် ရာသီဥတုအပေါ်မှာ တအားမူတည်နေတဲ့ အမျိုးအစားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်နှစ်စဉ် စိတ်ချလက်ချ ဖြန့်ဖြူးရေး အတွက် များစွာအားနည်းချက်ဖြစ်လာတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အချိုးညီညီ ဆောင်ရွက် သင့်တဲ့အတွက်ကြောင့် ၂၀၃၀ ခုနှစ်မှာ ကျွန်တော်တို့ Master Plan အရ Generation Mix မှာဆိုရင် ရေအားရဲ့ရာခိုင်နှုန်းဟာ စက်တပ်ဆင် အင်အားများလာသော်လည်း ၃၂ ရာခိုင်နှုန်း၊ ကျောက်မီးသွေး နဲ့က ၃၃ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့နဲ့က ၂၀ ရာခိုင်နှုန်း၊ Renewable က 9 Percent နဲ့ အကြီးစားရေအားက ၆ ရာခိုင်နှုန်း စသည်အားဖြင့် ဆောင်ရွက်ဖို့ Plan ချခဲ့၊ မူဝါဒတွေချခဲ့တာ ဖြစ်ပါ တယ်။ ထိုကဲ့သို့ ဖြစ်အောင်ဆောင်ရွက်ဖို့ရာ ကျွန်တော်တို့ လက်ရှိအခြေအနေတွေမှာ ဘာတွေဖြစ်နေ သလဲဆိုတာကို ကျွန်တော် ပြန်ထပ်ပြီးတင်ပြပါတယ်။ ဒါကတော့ အထက်ကျိုင်းတောင်း ရေအား လျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။ မူလလျာထားတာဟာ ၂၀၀၈-၂၀၀၉ ခုနှစ်ကနေ စတင်ဆောင်ရွက်ပြီး စီမံကိန်းပြီးဆုံးဖို့ ၂၀၁၇-၂၀၁၈ ဆိုပြီး လျာထားခဲ့တာ ဖြစ်ပါတယ်။ တင်ပြပါ Graph ရဲ့ ဘယ်ဘက်က ဇယားမှာ နှစ်စဉ် တည်ဆောက်ရေးလုပ်ငန်းအတွက် လျာထားတင်ပြတောင်းခံရမယ့် ဘတ်ဂျက် ရန်ပုံငွေကို တင်ပြထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမဆုံး ၂၀၁၀-၂၀၁၁ ခုနှစ်လောက်မှာ ၂.၄ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ၃.၄ ဘီလီယံ၊ အဲဒီ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ၃.၄ ဘီလီယံတောင်းတဲ့ အခါမှာ ၀.၉ ဘီလီယံ ရခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၉.၉ ဘီလီယံလိုတဲ့အချိန်မှာ ၃.၇ ရပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၁၅.၇၅ လိုတဲ့အချိန်မှာ ၅ ဘီလီယံကျော်ရပါတယ်။ ဒါတွေဟာ ခုနစ်နှစ် ဆက်တိုက် လေ့လာလိုက်လို့ရှိရင် လိုအပ်တဲ့ဘတ်ဂျက်ကို ပြည့်ပြည့်ဝဝမရဘူးဆိုတာ ဘာဖြစ်လို့ ကျွန်တော်တို့ပြောနေလဲဆိုတာကို အတိအကျပြန်လည်တင်ပြတာ ဖြစ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက် ခဲ့တဲ့အခါမှာ မူလလျာထားတဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အဆိုပါ စီမံကိန်းပြီးစီးလာရင် ယနေ့ပြည်သူတွေ လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားကို ယနေ့ဆိုရင် အဲဒီစီမံကိန်းတွေက ထုတ်လုပ်ပေးနိုင်ရမယ့် အခြေအနေတွေကနေ ရွှေ့လျားသွားခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပြီးဆုံးသွားတဲ့အချိန်မှာ အဆိုပါစီမံကိန်းဟာ ၃၈.၉၁ ရာခိုင်နှုန်းသာပြီးပြီး အခု ခြောက်လဘတ်ဂျက်နဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွေမှာ လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်း

တကယ်ပြီးစီးသွားမယ့်အချိန်ဟာ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ ရွှေ့လျားသွားပြီး နိုင်ငံရဲ့လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက်ကို ဖြည့်ဆည်းနိုင်မယ့်အားနည်းချက်တွေဟာ ဒီလိုဖြစ်ပေါ်လာပါတယ်။ တစ်နှစ်အတွင်းမှာပြီးစီးမယ့် အဆောက်အဦ၊ ကျောင်းတို့၊ ဆေးရုံတို့ ဒီလို အဆောက်အဦ ဆောက်လုပ်ခြင်းများကဲ့သို့ ဘတ်ဂျက်ကို နှစ်စဉ်ပိုင်းခြားဆောင်ရွက်ခြင်းဟာ အဆင်ပြေနိုင်ပေမဲ့ နိုင်ငံအတွက်အထူးအရေးကြီးတဲ့ နှစ်ရှည်တည်ဆောက်ဆောင်ရွက်ရမယ့် ဓာတ်အားပေးစက်ရုံစီမံကိန်းတွေ၊ မဟာဓာတ်အားလိုင်းစီမံကိန်းတွေကို အလားတူ တစ်ပြေးညီ နှစ်စဉ်ပိုင်းခြားစီမံတဲ့ ဘတ်ဂျက်စနစ်နဲ့ဆောင်ရွက်နေတဲ့ကိစ္စကိုလည်း ပြန်လည်စဉ်းစားသုံးသပ်သင့်ပါတယ်။ ဘတ်ဂျက်ရဲ့အာမခံချက်ရှိမှလည်း ဒီစီမံကိန်းတွေ အချိန်မီပြီးစီးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်စဉ်လုံလောက်တဲ့ တည်ဆောက်ရေးဘတ်ဂျက်တွေကို ခုနစ်နှစ်ဆက်တိုက်မရရှိမှုက စီမံကိန်းပြီးစီးဖို့ နောက်ကိုသုံးလေးနှစ်ရွှေ့လျားသွားပါတယ်။ ဒီအခါမှာ လျှပ်စစ်လိုအပ်ချက်ကို အချိန်မီထုတ်မပေးနိုင်ပါဘူး။ စီမံချက်တွေ၊ စီမံကိန်းတွေ၊ မူဝါဒတွေ မည်သို့ပင်ချချလက်တွေ့ဖြစ်ရပ်ကသာ အဖြေဖြစ်ပါတယ်။ ဒီလိုလက်တွေ့ဖြစ်ရပ်အဖြေဖြစ်ဖို့ဆိုတာဟာ စာရွက်ထဲမှာပြီးနေပေမဲ့ လက်တွေ့မှာ ပြီးဖို့ဆိုတာ။ ဒါ့ကြောင့် ကျွန်တော်တို့ ဘဏ္ဍာရန်ပုံငွေကိစ္စကို အမြဲတမ်းတင်ပြတာဖြစ်ပါတယ်။ တည်ဆောက်ချိန်ပို၍ကြာသွားတဲ့အခါမှာ ဘာတွေခံစားလာရပြန်လည်းဆိုတော့ ငွေလဲနှုန်းတွေပြောင်း သွားတယ်။ ဒီဇယ်ဆီဈေးနှုန်းတွ ပြောင်းသွားတယ်။ လုပ်အားခဈေးနှုန်းတွေပြောင်းသွားတယ်။ ကျောက်၊ သဲဈေးနှုန်းတွေပြောင်းသွားတဲ့အခါမှာ စီမံကိန်းကုန်ကျစရိတ်တွေဟာလည်း ပိုမိုများပြားလာခဲ့ပါတယ်။ အလားတူ အထက်ရဲရွာရေအားလျှပ်စစ် စီမံကိန်းကိုတင်ပြထားတာဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်ကနေ စတင်တည်ဆောက်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြီးစီးအောင် တည်ဆောက်မယ်လို့လျာထားခဲ့တာဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် မူလလျာထားချက်အတိုင်းသာဆိုရင် ယနေ့လျှပ်စစ်ဓာတ်အား ၂၈၀ မဂ္ဂါဝပ်ကို ကောင်းကောင်း ထုတ်လုပ်ပေးနိုင်ရမယ့် စီမံကိန်းဖြစ်ပါတယ်။ လေ့လာကြည့်လိုက်လို့ရှိရင် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၅၂.၉၅ ဘီလီယံလောက် လိုအပ်တဲ့အချိန်မှာ ၂၂ ဘီလီယံလောက်ရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၃၇.၅ ဘီလီယံလိုအပ်တဲ့အချိန်မှာ ၂၄.၄ ဘီလီယံ၊ နောက်နှစ်မှာ ၄၈.၅ ဘီလီယံ၊ လိုအပ်တဲ့အချိန်မှာ ၂၇ ဘီလီယံ၊ နောက်နှစ်မှာ ၆၁.၂ ဘီလီယံ၊ လိုအပ်တဲ့အချိန်မှာ ၁၈ ဘီလီယံ စသည်အားဖြင့် ခုနစ်နှစ်ဆက်တိုက်လိုအပ်တဲ့ဘတ်ဂျက်တွေ အပြည့်အဝမရတဲ့အခါမှာ ၂၀၁၈-၂၀၁၉ ယခုဘတ်ဂျက် နှစ်ကာလပြီးဆုံးရင် ထိုစီမံကိန်းရဲ့ပြီးစီးမှုဟာ ၄၃ ရာခိုင်နှုန်းပဲ ရောက်ရှိအုံးမှာဖြစ်ပါတယ်။ နောက်ထပ်သုံးနှစ်ကို အားကြိုးမာန်တက်ဆောင်ရွက်မှ

သာလျှင် ထိုစီမံကိန်းဟာ ၂၀၂၁-၂၀၂၂ ခုနှစ်မှာ ပြီးစီး နိုင်မယ့်အနေအထားဖြစ်ပါတယ်။ ထိုစီမံကိန်းတွေ အထက်ကျိုင်းတောင်းတွေ၊ အထက်ရဲရွာတွေကို ထိုကဲ့သို့မဖြစ်ရလေအောင် ဘတ်ဂျက်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများကို အဆင့်ဆင့်၊ အကြိမ်ကြိမ် ကျွန်တော်ကြိုတင်ပြီး ဆွေးနွေးတင်ပြခဲ့ဖူးတာတွေရှိပါတယ်။ ဆွေးနွေးတင်ပြခဲ့သော်လည်းပဲ လက်တွေ့ ရရှိတဲ့အခြေအနေဟာ အထက်တင်ပြပါဇယားအတိုင်းသာ ဖြစ်ပါတယ်။ သူဌေးချောင်း ရေအား လျှပ်စစ်စီမံကိန်းနဲ့ပတ်သက်ပြီးတော့လည်း မူလလျာထားချက်ဟာ ၂၀၀၈ ခုနှစ် ကနေ ၂၀၁၈ ခုနှစ်မှာ အပြီးတည်ဆောက်မှာဖြစ်ပါတယ်။ ၁၀ နှစ်ဆယ်မိုးဘတ်ဂျက်ရရှိမှု လျော့နည်းခဲ့တဲ့ဇယားများကို တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်းရဲ့တည်ဆောက်ရမယ့်ကာလဟာ နောက်ထပ် ခြောက်နှစ်ရွှေ့လျားသွားတာဖြစ်ပါတယ်။ ယခင်က ရဲရွာရေအားလျှပ်စစ်စီမံကိန်း ၇၉၀ မဂ္ဂါဝပ် တည်ဆောက်ဖို့ Plan ကိုစပြီးရေးဆွဲတဲ့ ၁၉၉၉ ခုနှစ်ကနေစပြီးတော့ လျှပ်စစ်ဓာတ်အားတွေ တည်ငြိမ်စွာပို့နိုင်ဖို့ မိတ္ထီလာမြို့ကနေ တောင်ငူမြို့၊ တောင်ငူမြို့ကနေ ကမာနတ်ကို ၅၀၀ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်သင့်ပါကြောင်း ကျွန်တော်အဆိုပြုခဲ့ပါတယ်။ ဒါပေမဲ့ ဘတ်ဂျက် မတတ်နိုင်တော့တဲ့အတွက်ကြောင့် မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။ ဒီအခါမှာ ကျွန်တော်တို့ ဓာတ်အား စနစ်အတွင်းမှာ မဟာဓာတ်အားလိုင်းတစ်လိုင်းလိုင်းက ခေတ္တချို့ယွင်းသွားခဲ့လိုရှိရင် System Brake Down ဖြစ်တဲ့အထိ ယနေ့တိုင်တွေ့ကြုံခံစားကြရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရင် ဒီလို အားနည်းချက်တွေမဖြစ်အောင်ဆိုတာ လိုအပ်ချက်တွေ ဘာလဲဆိုတာကို ကျွန်တော်တို့သိသော်လည်းပဲ အချိန်မီဆောင်ရွက်နိုင်ဖို့ ကျောထောက်နောက်ခံရှိဖို့လိုအပ်ပါတယ်။ ယခုအခါမှာတော့ ၅၀၀ ကေဗွီဓာတ်အားလိုင်းကို မြေပြင်မှာတည်ဆောက်နေတာဖြစ်တဲ့အတွက်ကြောင့် အမြန်လမ်းရဲ့ဘေး တစ်လျှောက်မှာ တွေ့ရှိနေနိုင်တာ ဖြစ်ပါတယ်။ သို့သော် ဒီနေ့တည်ဆောက် နေပြီဆိုတာဟာ တည်ဆောက်သင့်တဲ့အချိန်ထက် ၁၀ စုနှစ်ကျော်နောက်ကျခဲ့ပြီဖြစ်ပါတယ်။ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းကို အချိန်မီဆောင်ရွက်နိုင်ခွင့်မရှိခဲ့ခြင်းများက နောက်ဆက်တွဲအခက်အခဲများကို တိုင်းပြည်မှာ ယနေ့တိုင် ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ရှေ့ဆက်ဆောင်ရွက်နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းများရဲ့ တည်နေရာတွေနဲ့၊ တပ်ဆင်စက်အင်အားတွေနဲ့ ပြီးစီးလာမယ့်နှစ်တွေကို လျာထားတင်ပြထားတာ ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းအဆင့်(၃)၊ (၄)၊ (၅)၊ (၆)၊ (၉) ဒါတွေဟာ ပုဂ္ဂလိကကဏ္ဍက ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမယ့်စီမံကိန်းများဖြစ်ပါတယ်။ ဆက်လက်ပြီး သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး

စက်ရုံများကနေ ဆက်လက်တည်ဆောက်သွားရမယ့်စာရင်းနှင့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို ဆောင်ရွက်သွားမယ့်စီမံကိန်းစာရင်းများကို တင်ပြထားတာ ဖြစ်ပါတယ်။ LNG သုံး သဘာဝဓာတ်ငွေ့ဖြင့် ဆက်လက်ဆောင်ရွက်မယ့်စာရင်းဇယားကိုတင်ပြထားတာ ဖြစ်ပြီးတော့ Gas Engine နှင့်ဆက်လက်ဆောင်ရွက်ရမယ့်စီမံကိန်းများကို တင်ပြထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ပုဂ္ဂလိကရေအားလျှပ်စစ်စက်ရုံတွေကို စတင်ပြီးတော့ လုပ်ကိုင်ခွင့် ပေးခဲ့ပါတယ်။ ထိုအချိန်မှာ ပုဂ္ဂလိကကဏ္ဍရဲ့တပ်ဆင်အင်အားဟာ ၆၀၀ မဂ္ဂါဝပ်ရှိပြီး နိုင်ငံတော်က ၁၆၅၆ မဂ္ဂါဝပ်နဲ့ ပုဂ္ဂလိကကဏ္ဍဟာ ၂၇ ရာခိုင်နှုန်းနဲ့စတင်ပါဝင်လာခဲ့တာဖြစ်ပါတယ်။ တဖြည်းဖြည်း နဲ့တိုးတက်လာတဲ့အတွက်ကြောင့် ယနေ့ ၂၀၁၉ ခုနှစ် ဧပြီလရောက်တဲ့အချိန်မှာ ပုဂ္ဂလိကကဏ္ဍရဲ့ ပါဝင်မှုဟာ ၄၄ ရာခိုင်နှုန်း စက်တပ်ဆင်အင်အားရရှိနေပြီ ဖြစ်ပါတယ်။ ပုဂ္ဂလိကရဲ့ ရေအားလျှပ်စစ်ကို တည်ဆောက်လိုက်တဲ့အချိန်မှာ နိုင်ငံတော်က တည်ဆောက်တဲ့ရေအားလျှပ်စစ်နှင့် ဘာကွာသလဲလို့ ပြောရင် ပုဂ္ဂလိကရေအားလျှပ်စစ်စက်ရုံထံကနေပြီးတော့ လျှပ်စစ်ဓာတ်အားကို ပြန်လည်ဝယ်ယူရပါ တယ်။ ပြန်လည်ဝယ်ယူရတဲ့လျှပ်စစ်ဓာတ်အားတစ်ယူနစ်ရဲ့ဈေးနှုန်းဟာ နိုင်ငံမှာ ရေအားလျှပ်စစ် စက်ရုံများ ရဲ့ထုတ်လုပ်မှုဈေးနှုန်းထက်လေးဆကနေ ၁၀ ဆအထိမြင့်မားပါတယ်။ ဒါကြောင့် ဒီရေအားလျှပ်စစ် စီမံကိန်းတစ်ခုကို နိုင်ငံတော်က နှစ်စဉ်ရင်းနှီးမြှုပ်နှံဖို့ ပိုက်ဆံမလုံလောက်လို့ ပုဂ္ဂလိကကိုပဲပေးလုပ်လိုက်ရင် ပြီးသွားတာပဲဆိုတဲ့အတွေးဟာ တည်ဆောက်ရေးကာလတစ်ခု အတွင်းမှာမှန်ပါတယ်။ စက်ရုံကိုတည်ဆောက်ပြီးတော့ လည်ပတ်ပြီး စက်ရုံထုတ်လုပ်မယ်ဆိုရင် ထိုစက်ရုံကနေပြန်လည်ဝယ်ယူရတဲ့ ဓာတ်အားဝယ်ယူစရိတ်ဟာ အဲဒီစက်ရုံတည်ဆောက်ဖို့ နှစ်စဉ်ရင်းနှီးမြှုပ်နှံရ မယ့်ငွေပမာဏထက် များစွာပိုများတယ်ဆိုတာကိုလည်း အထူးသတိချပ်သင့်တာ ဖြစ်ပါတယ်။ နိုင်ငံပိုင်စက်ရုံများက လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ မဂ္ဂါဝပ် Hour တွေကို တင်ပြထားတာ ဖြစ်ပါတယ်။ တပ်ဆင်အင်အားပမာဏနည်းသည့်တိုင်အောင် ညာဘက်အစွန်ဆုံးမှာ တင်ပြထားတဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပုဂ္ဂလိကကဏ္ဍရဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဟာ ၅၈ ရာခိုင်နှုန်းအချိုးနဲ့ နိုင်ငံပိုင်က ၄၂ ရာခိုင်နှုန်းအချိုး ရောက်ရှိသွားတာ ဖြစ်ပါတယ်။ စက်တပ်ဆင်အင်အားများသည့်တိုင်အောင် နိုင်ငံပိုင်က ထုတ်လုပ်မှုအချိုးလျော့သွားပြီး ပုဂ္ဂလိက ကဏ္ဍက ထုတ်လုပ်မှုအချိုးမြင့်မားလာခြင်းဟာ ပုဂ္ဂလိကကဏ္ဍက စက်ရုံတွေတွေကို တည်ဆောက်ပြီး လို့ရှိရင် သူတို့ရဲ့အကျိုးအမြတ်ဖြစ်ထွန်းရန် အာမခံချက်ရှိစေရန်အတွက် မဝယ်မနေရ လျှပ်စစ်ဓာတ်အားယူနစ်တွေကို ထည့်သွင်းချုပ်ဆိုရတာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် မိမိတို့နိုင်ငံ

စက်ရုံများက စရိတ်စခသက်သာအောင် ထုတ်လုပ်နိုင်တဲ့ အခြေအနေဖြစ်သည့်တိုင်အောင် ပုဂ္ဂလိကစက်ရုံတွေက ဈေးကြီးတာကို ကျွန်တော်တို့ဦးစားပေးပြီး ဝယ်ရတဲ့အခါမှာ ဒီရာခိုင်နှုန်းဟာ ပိုပြီးမြင့်မားသွားတာ ဖြစ်ပါတယ်။ ဒါဟာလည်းပဲ ယနေ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများဆွေးနွေးတဲ့ နိုင်ငံတော်ရဲ့အရှုံးဆိုတဲ့နေရာမှာ အဲဒီကဏ္ဍတစ်ခုက ရာခိုင်နှုန်းတစ်ခုနဲ့ ပါဝင်နေတယ်ဆိုတာလေး ကိုလည်း တင်ပြလိုပါတယ်။ လျှပ်စစ်ကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ဖို့ လျှပ်စစ်ရဲ့ Infrastructure တွေ အတွက် နိုင်ငံတော်ကဘတ်ဂျက်တွေ ဘယ်လောက်ရင်းခဲ့သလဲဆိုတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကို တင်ပြတာ ဖြစ်ပါတယ်။

တကယ်တမ်းကတော့ ငွေလုံးငွေရင်းအသုံးစရိတ်ကော၊ သာမာန်အသုံးစရိတ်တွေကော ပေါင်းပြီးတော့ ဝန်ကြီးဌာနက ဘတ်ဂျက်တွေအများကြီးရတယ်လို့ ဆွေးနွေးလာကြပါတယ်။ တကယ် တမ်းက အရေးကြီးတဲ့ လျှပ်စစ်အခြေခံ Infrastructure ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရမှာ ဖြစ်ပါ တယ်။ အဲဒီအတွက် ငွေလုံးငွေရင်းအသုံးစရိတ် ဘယ်လောက်သုံးသလဲဆိုတာက အဓိက ကျပါတယ်။ ဒီမှာလေ့လာလိုက်လို့ရှိရင်လည်းပဲ ၂၀၁၀ -၂၀၁၁ ခုနှစ်နဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်တွေမှာ ဘီလီယံ ၁၃၅၊ ဘီလီယံ ၁၆၀ လောက်သာ ရင်းနှီးတာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၄၀၀ ဝန်းကျင်လောက် သုံးစွဲပြီး ၂၀၁၆-၂၀၁၇ ခုနှစ်ရောက်တဲ့ အချိန်မှာ ၃၀၀ အောက် ၂၇၉ သာ သုံးစွဲခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမျိုးကျဆင်းသွားတာနဲ့တစ်ပြိုင်နက် စီမံကိန်းတွေအားလုံး Delay ဖြစ်ကုန်တာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ တွန်းတွန်းတိုက်တိုက် လိုက်ပြီး ပြောဆိုတောင်းခံတဲ့အတွက်ကြောင့် မူလထက် ၄၃၆ ခန့်ရရှိပြီး ယခု ၂၀၁၈-၂၀၁၉ ခုနှစ် ရောက်တဲ့အချိန်မှာ လျှပ်စစ်ကဏ္ဍကို တွန်းအားပေးရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းစတင်ရရှိတဲ့အနေ အထားဖြစ်ပါတယ်။ ငွေလုံးငွေရင်း မည်မျှရင်းနှီးမြှုပ်နှံသလဲဆိုတာဟာ အင်မတန်အရေးကြီးပါတယ်။ အဲဒီလို ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုအားနည်းလို့ရှိရင် သာမန်ဘတ်ဂျက်နဲ့ လျှပ်စစ်ခတ်အားဝယ်ရ တဲ့ပမာဏတွေဟာ အလွန်မြင့်မားသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် သာမန်ဘတ်ဂျက်ရဲ့ငွေလုံးပမာဏ ကို ရပြီး လျှပ်စစ်အတွက် ဘတ်ဂျက်တွေ များများရတယ်ဆိုတဲ့သုံးသပ်မှုထက် တကယ်တမ်း တိုင်းပြည် ရဲ့ Infrastructure တကယ်ဖွံ့ဖြိုးတိုးတက်လာဖို့ ငွေလုံးငွေရင်းဘတ်ဂျက်မည်မျှရင်းနှီးနိုင်သလဲဆိုတာ က အင်မတန်အရေးကြီးပါတယ်ဆိုတာလေးကို တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီး ရဲ့ဆွေးနွေးတင်ပြချက်များအပေါ်မှာ အနည်းငယ် ကျွန်တော်ပြန်လည်ဆွေးနွေးလိုတာ ဖြစ်ပါတယ်။ ဦးအောင်သိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်ကဆွေးနွေးသွားတဲ့အထဲမှာ ရေအားလျှပ်စစ်စီမံကိန်းကောင်း၊

အရင်းအမြစ်ကောင်းများစွာ ရှိတယ်။ လုပ်သင့်တယ်ဆိုတာတွေကို ဆွေးနွေးတာဖြစ်ပါတယ်။ ယေဘုယျအားဖြင့် လက်ခံပါတယ်။ နိုင်ငံမှာ ရေအားလျှပ်စစ်အရင်းအမြစ်ရှိတယ်ဆိုပေမဲ့ အရင်းအမြစ်တိုင်းကို ကျွန်တော်တို့အသုံးပြုလို့မရပါဘူးခင်ဗျား။ ဥပမာတင်ပြရရင် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အင်မတန်ကြီးပါတယ်။ ဒါပေမဲ့ ၎င်းကို သွားရောက် အကောင်အထည်ဖော် လိုက်လို့ရှိရင် အဲဒီဒေသမှာရှိတဲ့ မြို့ကြီး၊ မြို့ငယ်တွေ အများကြီး ရေမြုပ်သွားပါမယ်။ ဒါကြောင့် အရင်း အမြစ်ရှိတာနဲ့ တကယ်အကောင်အထည်ဖော်နိုင်တာနဲ့ ကြားမှာ ကွာခြားတာရှိပါတယ်။ ရခိုင်ပြည်နယ် မှာရှိတဲ့ စိုင်ဒင်တင်တို့၊ အမ်းတို့ဆိုတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေဟာ အရင်းအမြစ်ရှိပါတယ်။ သို့သော် လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မသင့်သော စီမံကိန်းများဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က အရင်းအမြစ်တွေချည်းပဲရှိရုံနဲ့မရဘဲနဲ့ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ရန်သင့်/မသင့်ဆိုတဲ့ ကိစ္စတွေကိုပါ ထည့်သွင်းစဉ်းစားရတာဖြစ်ပါတယ်။ ဒီ့အပြင် ယခင်ဆွေးနွေးခဲ့သလိုပဲ ရေအားလျှပ်စစ်စီမံကိန်းတိုင်းဟာ နွေရာသီကိုရောက်လို့ရှိရင် အထူး လျော့နည်းသွားတာဖြစ်ပါတယ်။ လက်ရှိအခြေအနေလေးကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိ အောင် တင်ပြလိုပါတယ်။ ဇောင်းတူရေအားလျှပ်စစ်စီမံကိန်းဟာ လျှပ်စစ်ထုတ်လုပ်နိုင်မှုလုံးဝ မရှိတော့ပါဘူး။ မုန်းရေအားလျှပ်စစ်ဟာ လျှပ်စစ်ထုတ်လုပ်နိုင်မှုမရှိပါဘူး။ ဖြူးရေအားလျှပ်စစ်က လျှပ်စစ်ထုတ်လုပ်နိုင်မှုမရှိပါဘူး။ မြစ်သာရေအားလျှပ်စစ် လျှပ်စစ်ထုတ်လုပ်နိုင်မှုမရှိပါဘူး။ ရာဇဂြိုလ် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုမရှိပါဘူး။ တာပိန်ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုလုံးဝမရှိပါဘူး။ ဒီလို ထုတ်လုပ်နိုင်မှုမရှိတဲ့အခြေအနေတွေကို ကျရောက်သွားတာဟာ ယခင်ယခင်နှစ်တွေက ဒီလောက် အခြေအနေမဆိုးခဲ့ပါဘူး။ ယခုနှစ်မှာတော့ အထူးမြင့်မားတဲ့ရာသီဥတုရယ်၊ လစဉ်ရေဝင်တဲ့နှုန်းထား တွေဟာ ယခင်နှစ်များထက် ထူးကဲစွာလျော့နည်းသွားတာတွေလည်း တွေ့ကြုံရပါတယ်။ ကျန်ရှိတဲ့ ရေအားလျှပ်စစ်စက်ရုံများဟာ ယနေ့အချိန်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသေးသည်ဆိုသည့် တိုင်အောင် တစ်နေ့လုံးမှာမှ နှစ်နာရီထုတ်နိုင်တာ၊ တစ်နေ့လုံးမှာမှ လေးနာရီထုတ်နိုင်တာဆိုတဲ့ အခြေအနေတွေ ရောက်ရှိနေတာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ဇော်မြင့် ဆွေးနွေးသွားတဲ့ ကျောက်မီးသွေးဟာ ထင်သလောက်အန္တရာယ်မရှိကြောင်း ရှင်းပြရန်လိုပါတယ်ဆိုတာလည်း ကျွန်တော်တို့ ထောက်ခံ ပါတယ်။ ဒီ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဘက်ကလည်း ဆောင်ရွက်သွားမှာဖြစ်သလို

ယခုလို လွှတ်တော်ကိုယ်စားလှယ်ကြီးများဘက်ကလည်း ပြည်သူလူထုအများစုသိရှိအောင် ဆွေးနွေးပြောကြားပေးဖို့ ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်။ ဦးစိုးပိုင်ငြေး ဆွေးနွေးသွားတဲ့ ၂၀၀၀ ခုနှစ်မှာ နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာကိုရေးဆွဲခဲ့တယ်ဆိုတာ မှန်ပါတယ်။ အဲဒီလျှပ်စစ်မဟာဗျူဟာ နှစ် ၃၀ ကို ရေးဆွဲခဲ့သူဟာ ပင်ပန်းခံပြီးရေးဆွဲခဲ့သူက ကျွန်တော်ကိုယ်တိုင်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလျှပ်စစ်မဟာဗျူဟာကို စာအုပ်ထဲမှာတိတိကျကျရေးဆွဲသည့်တိုင်အောင် အချိန် ဇယားတွေရော၊ ငွေကြေးတွေရော ရေးဆွဲခဲ့သည့်တိုင်အောင် လက်တွေ့မှာ ကွာဟသွားတဲ့အကြောင်း အရင်းဟာ ကျွန်တော်စောစောကတင်ပြသလို တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်တဲ့ဘတ်ဂျက်ကို လက်တွေ့တောင်းခံတဲ့အချိန် စာအုပ်ထဲကအတိုင်းမရတဲ့အချိန် ဒီလုပ်ငန်းတွေ ကွာဟသွားခဲ့တာပဲဖြစ်ပါတယ်။

လျှပ်စစ်လုပ်ငန်းဆိုတာဟာ လျှပ်စစ်မီးပေးရန်တစ်ခုတည်း အကျိုးသက်ရောက်တာမဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိသကဲ့သို့ နိုင်ငံရဲ့လုံခြုံရေး၊ တည်ငြိမ်ရေး၊ ဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေပေးဝေရေး၊ စီးပွားရေး၊ ရင်းနှီးမြုပ်နှံမှုတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး စတဲ့ကဏ္ဍကဏ္ဍပေါင်းစုံများစွာ တစ်ပြိုင်နက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံးနဲ့ အလိုအပ်ဆုံး Infrastructure ဖြစ်နေတဲ့အတွက်ကြောင့်လည်း ယခုကဲ့သို့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးက ဝိုင်းဝန်းပြီးတစ်ခဲနက်ဆွေးနွေးတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တိုင်းပြည်အတွက် အခြေခံအုတ်မြစ်ကောင်းအောင် ဦးစွာတည်ထောင်နိုင်မှသာ အခြားကဏ္ဍများအတွက် အခွင့်အလမ်းတွေပွင့်လန်းလာမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့စီးပွားရေးအဆင့်အတန်း အခြေအနေရှိတဲ့နိုင်ငံများရဲ့အနေအထားမှာ လျှပ်စစ်ကဏ္ဍရဲ့ဖွံ့ဖြိုးတိုးတက်မှုရာခိုင်နှုန်းဟာ မိမိနိုင်ငံရဲ့နှစ်စဉ်မျှော်မှန်း GDP တိုးတက်ရာခိုင်နှုန်း၏ နှစ်ဆကျော်တိုးတက်အောင် ဆောင်ရွက်နိုင်ရမှာဖြစ်ပါတယ်။ ဒါမှသာ မျှော်မှန်းတဲ့ GDP တိုးတက်ရရှိမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းသည့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ပြုလုပ်ဖို့သဘာဝအရင်းအမြစ်ဖြစ်တဲ့ ရေအားအရင်းအမြစ်၊ ကျောက်မီးသွေးအရင်းအမြစ်၊ သဘာဝဓာတ်ငွေ့အရင်းအမြစ်၊ ပြန်ပြည့်မြဲအရင်းအမြစ်များစုပေါင်းပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း Generation Mix ကို အသုံးပြုဆောင်ရွက်မှသာ စျေးနှုန်းသက်သာသော၊ အရည်အသွေးကောင်းမွန်သော၊ လုံခြုံ

စိတ်ချရသော ဓာတ်အားရရှိရန်နှင့် ၂၀၃၀ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ ရရှိရေးအတွက် ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနက လက်ရှိဆောင်ရွက်နေတဲ့ ရည်ရွယ်ချက်များဖြစ်တဲ့အပြင် ကိုယ်စားလှယ်ရဲ့ တင်သွင်းတဲ့အဆို၏ ရည်ရွယ်ချက်မှာ နိုင်ငံအတွက် အမှန်တကယ်ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စတစ်ရပ်ဖြစ်ပါသော ကြောင့် ထိုအဆိုကို ဝန်ကြီးဌာနက လေးလေးနက်နက်ထောက်ခံပါကြောင်း လေးစားစွာရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံတယ်ဆိုတော့ အတည်ပြုတဲ့သဘောမျိုးပါ။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်မောင်ဝင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ ၂၀၃၀ ခုနှစ်မှာ လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်းရရှိဖို့အတွက် တိကျခိုင်မာသော မူဝါဒလမ်းညွှန်ချက်နဲ့ Generation Mix ကို တိကျမှန်ကန်သော ရောစပ်မှုနဲ့တင်တဲ့အဆိုကိုထောက်ခံဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးရဲ့ Generation Mix ကို ကျောက်မီးသွေး၊ ရေအား၊ သဘာဝ ဓာတ်ငွေ့ ထူးခြားစွာဆွေးနွေးပေးကြတာကို ကျေးဇူးတင်ရှိပြီးတော့ လျှပ်စစ်နှင့်စွမ်းအင်ဒုတိယဝန်ကြီး ကိုလည်း အခုကဲ့သို့ကျယ်ကျယ်ဝန်းဝန်း နည်းလမ်း(၃)သွယ်နဲ့ Generation Mix(1) ၊ Generation Mix(2) ၊ Generation Mix(3) နဲ့ရှင်းပြပြီးတော့ နောက်ဆုံးဖြစ်တဲ့ Generation Mix(3)မှာ Hydro ကို 32 percent ၊ LNG ကို 20 percent ၊ Coal ကို 33 percent ၊ Renewable 9 percent၊ Other ကို 6 percent နဲ့ ဝန်ကြီးမှ အထူးမှန်အောင်ထုတ်လုပ်လို့ရှိရင် လျှပ်စစ်မှာ 2030 မှာ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိဖို့ ဝန်ကြီးကထောက်ခံဆွေးနွေးတဲ့အတွက် ဒုတိယဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးက အခုလိုထောက်ခံဆွေးနွေးတော့ ကျွန်တော့်အနေနဲ့ ကတော့ အထူးတင်ပြစရာတော့ မရှိပါဘူး။ ကျွန်တော့်အဆိုကို 2030 မှာ 100 percent ရဖို့ Generation Mix(3)နဲ့ ဝန်ကြီးဌာနကနေပြီးတော့ တိကျခိုင်မာတဲ့မူဝါဒနဲ့ 100 percent ရရှိအောင် လုပ်နိုင်မယ်လို့မျှော်လင့်မှာဖြစ်တဲ့အတွက် ကျွန်တော့်အဆိုအား လွှတ်တော်ကြီးမှအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ် က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၇ ဦးက ဆွေးနွေးပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက

အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်ကို ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၅း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁) မြောက်နေ့ (၂၇.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**U Aung Sein** | **U Han Zaw**




**U Per Htan** | **U Han Zaw**




**U Shwe Hla (Or) U Shwe Hla Win** | **U Han Zaw**




**U Nay Soe Aung** | **U Han Zaw**




**U Tin Tun Naing** | **U Han Zaw**




**U Soe Aung** | **U Win Win**

pyithu.hluttaw.mm



U Soe Aung



U Tun Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်